


တရုတ်သိုင်း
ဝင်းကြွယ်
သိုင်းသိုင်းချင်း
ပ+၃
နှစ်အုပ်တွဲ

# တက္ကသိုလ်ဝင်းကြွယ်

## သိုင်းသိုင်းချင်း

ဒုတိယပိုင်း

( နှစ်အုပ်တွဲ ပေါင်းချုပ်ထားသည် )

## အခန်း (၁၇)

## ပဟေဠိ အသွားအို

လက်ျာရဲ သည် ကြမ်းပြင်ပေါ်သို့ ဒူးထောက်ကျသွား၏၊ သူ၏လက်တစ်ဖက်က ရင်ဘတ်ကို ဖိထားပြီး ကျန်လက်တစ်ဖက်က ဓားဆီသို့ ရွေ့လျားသွားသည်။

'ဒါ ဘယ်လိုဖြစ်တာလဲ....ညီမလေးတို့ ရန်သူကိုထွက်ရှာကြ'၊

ချူရဲနှင့်ချူရင်ဘို့သည် နေရာမှ လျှင်မြန်စွာ ခုန်ထွက်လိုက်သည်။

လက်ျာရံသည် သူ့ခါးဆီသို့ရောက်နေသောလက်ကို ဖျင်ခနဲ လှုပ်လိုက်သည်၊ လက်ျာရံထံမှ အလင်းတန်းတစ်ခု ချူပုန်ထံ ပြေးထွက်၏။

ရုတ်တရက်ပေါ်လာသည့် အလင်းတန်းကြောင့် ချူပုန် ကြောင်အန်းအန်းဖြစ်သွားသည်၊ သူ ရှောင်တိမ်းရန် သတိမရဖြစ်နေစဉ် အဆောက်အဦပျက်၏ခေါင်မိုးပေါ်မှ အပြာရောင် အလင်းတန်းတစ်ခုပေါ်လာပြန်ပြီး ချူဖုန်ထံပြေးဝင်လာသည့် အဖြူရောင်အလင်းတန်းကို ထိမှန်၏။

ချွင်းခနဲမြည်သွားသံနှင့်အတူ ခါးပျံနှစ်လက် ချူပုန်၏ခြေရင်းတွင် ကျသည်၊ တစ်ဆက်တည်းပင် လေတိုးသံကြားရပြီး စိမ်းပြာပြာအရောင်ထွက်နေသော ခါးပျံတစ်လက် ပြေးလွင့်လာပြန်ကာ လက်ျာရံ၏ ရင်ဘတ်ကိုထိုးဖောက်သွားလေသည်။

အားခနဲကျယ်လောင်စွာအော်လိုက်သည်၊ သူ၏အော်သံ အဆောက်အဦးပျက်တစ်ခုလုံးကို တသိမ့်သိမ့်တုန်သွားစေ၏၊ ထိုအော်သံကိုကြားရမှ ငေးကြောင်နေသော ချူပုန် သတိရလာပြီး ဘေးတစ်ဖက်သို့ခုန်ထွက်၏၊ ခုန်ထွက်ရင်းမှ သူက အမိုးပေါ်သို့ လှမ်းကြည့်လိုက်၏။

ပျက်စီးနေသောအမိုးကြားမှ အပြာရောင်ဝတ်ထားသည့် လူတစ်ယောက် ခုန်ဆင်းလာ၏၊ ထိုသူ၏ကိုယ်ဖော့ပညာမှာ



ထိပ်ထန်းအဆင့်ရောက်နေသဖြင့် လျှပ်တစ်ချက်ပျက်လက်လိုက်သကဲ့သို့ ချူပုန်၏ရှေ့သို့ ရိပ်ခနဲရောက်လာ၏။

အပြာရောင်ဝတ်ဆင်ထားသူ၏ အင်္ကျီရင်ဘတ်တွင် သွေးရောင်ကဲ့သို့ နီရဲသော ငှက်တစ်ကောင်ပျံ သန်းနေပုံကို ပိုးချည်ဖြင့် ထိုးထား၏၊ ထိုပုံကိုမြင်သည်နှင့် သူမက အပြာရောင်ဝတ်ထားသူအား ဦးညွှတ်ဂါရဝပြုလိုက်၏၊

'မဟာမိတ်ဂိုဏ်းချုပ်ကြီးကို ကျွန်မချူပုန် ဂါရဝပြုပါတယ်ရှင်'

အပြာရောင်ဝတ်ဆင်ထားသူ၏ မျက်နှာသည် သားရေတုမျက်နှာဖုံးတပ်ဆင်ထားသဖြင့် အမူအယာကင်းမဲ့နေသည်၊ ထိုသူ၏မျက်လုံးအစုံမှာ အေးစက်ပြီး အရောင်တစ်လက်လက်ဖြာထွက်နေသည်။

'ကျုပ်ကလဲ ဒေဝီဂိုဏ်းချုပ်ကို ဂါရဝပြုပါတယ် မင်းတို့တတွေ ရန်သူကိုမတားဆီးနိုင်ဘူးဆိုတာ ကျုပ်သိပြီးပြီ၊ ဒါဘာဖြစ်လို့ ထင်သလဲ'

'ကျွန်မတို့ရဲ့သိုင်းပညာက သူတို့ကိုမမီလို့ပါ၊ သူတို့က သိုင်းပညာ ထက်မြက်ပါတယ်'

မဟာမိတ်ဂိုဏ်းချုပ်က ရယ်မောလိုက်၏၊ သူက ခေါင်းဆတ်ခါလိုက်ပြီး....

'ဒါကြောင့်ရှုံးတာမဟုတ်ပါဘူး၊ သူတို့ရဲ့သိုင်းပညာက မြက်တယ်ဆိုတာ ကျုပ်လက်ခံပါတယ်၊ တော်ယုံအင်အားနဲ့ သူတို့ကို မယှဉ်နိုင်ဘူးဆိုတာလဲ ကျုပ်လက်ခံပါတယ်၊ ဒါပေ မယ့် ကိုယ်ကစောင့်ကြိုရတဲ့လူဘဲ၊ အစီအစဉ် သေသေချာချာ လုပ်ပြီးတိုက်ရင် ဘာဖြစ်လို့ မအောင်မြင်နိုင်ရမှာလဲ'

'ဟို....ကျွန်မတို့က....',

ချူပုန်က ဝင်ပြောမည်အပြုတွင် ဂိုဏ်းချုပ်ကြီး လက်ကာ ပြ၏။

'မင်းတို့ဟာ ကိုယ့်သဘောနဲ့ကိုယ် လုပ်ကြရတာမဟုတ် ဘူး၊ လက်ဝဲရ လကျာရ တို့ရဲ့ အစီအစဉ် တိုင်းလုပ်ရတာ၊ တ တို့က ဘာအစီအစဉ်မှလုပ်မထားတော့ မင်းတို့ကော ဘာ တတ်နိုင်မှာလဲ'

ချူပုန်၏ရင်ထဲတွင် လုပ်ခနဲဖြစ်သွားသည်၊ သူက ဂိုဏ်း ချုပ်ကြီးအား အကဲခတ်ဟန်ဖြင့် လှမ်းကြည့်သည်၊ သူ၏မျက် လုံးအစုံ အေးစက်နေသည်ကို တွေ့ရ၏။

'လက်ဝဲရ တို့ဟာ ရှုံးတာကို ကျုပ်လက်မခံမှန်း သိ တယ်၊ ဒါပေမယ့် ဒါကိုအရေးမစိုက်ဘူး၊ အခွင့်အရေးရ မှာ အပေါ်အပေါ်ကိုပဲလိုက်နေကြတယ်၊ ဒါကြောင့် လက်ဝဲ က ရှုံ့နဲ့လူရဲ့လက်ချက်မိသွားတယ်...၊ လကျာရ်ကျတော့



သွားတဲ့ကြားထဲက ရှုံးတာကို အခွင့်အရေးတစ်ခုအဖြစ်အသုံး ချဖို့ စဉ်းစားနေတယ်၊ ဒါကို ကျုပ်လက်မခံဘူး၊ ဒေဝီသုံး ဖော်ဟာ ကျုပ်ရဲ့မဟာမိတ်ဆွေဘဲ၊ တစ်ယောက်ယောက်က ကျုပ်ရဲ့မဟာမိတ်ဆွေကို ပျော်တော်ဆက်လို ဆက်ဆံလာရင် သူ့အတွက် သေမိန့်ကအဆင်သင့်ဘဲ၊ ဒါကြောင့် လကျာရ် သေမိန့်အပေးခံရတာ'

'သူ...သူ့ကို'

ချူပုန်က ဂိုဏ်းချုပ်ကြီး သတ်လိုက်သလားဟု မေး၍နေ သည်။

သို့သော် မမေးဖြစ်၊ သေွး ဂိုဏ်းချုပ်ကြီးက ချူပုန်စိတ် ကူးကို သိနေသည်။

'သူ့ ို ကျုပ်ကိုယ်တိုင်သတ်မစ်တာ၊ ဒီလိုလူမျိုး သွေး ဂိုဏ်းထဲမှာ မရှိသင့်ဘူး'

မလဲသာမတင်းသာ မဟာမိတ်ပြုနေရသော သွေးဂိုဏ်း ချုပ်ကြီးအား ချူပုန် ပထမဆုံးအကြိမ်အဖြစ် သဘောကျ သွားသည်၊ သွေးဂိုဏ်းချုပ်ကြီးသည် စည်းကမ်းကြီးသူတစ် ယောက်ဟု အသိအမှတ်ပြုလိုက်မိသည်၊ တစ်ဆက်တည်းမှင် သူတို့ညီအစ်မသုံးယောက် ပြောဆိုနေသည့်စကားကို သွေး ဂိုဏ်းချုပ်ကြီးသိသွားပြီလားဟု သံသယဖြစ်လာသည်၊

'လက်ကျာရံက သိုင်းပညာအဆင့်မနိမ့်ပါဘူး၊ ဒါပေမယ့် သူက သိပ်ပေါ့လျော့တယ်၊ ကျုပ်ဒီအထဲဝင်လာတာကို သူ မသိဘူး၊ ဒါကြောင့် သူ့အသက်ဆုံးရှုံးသွားရတာပဲ'

သွေးဂိုဏ်းချုပ်ကြီး၏စကားကြောင့် ချူဖုန် သက်ပြင်းတစ်ချက်ခိုးချလိုက်၏၊ သွေးဂိုဏ်းချုပ်သည် လက်ကျာရံ နောက်လာပြီး နောက်မှရောက်လာခြင်းဖြစ်ကြောင်းသိကာ စိတ်သက်သာရာရသွားသည်။

'မဟာမိတ်ဂိုဏ်းကိုတူထောင်တာ ကျုပ်မှာရည်ရွယ်ချက်ရှိတယ်၊ ကျုပ်ရဲ့ရည်ရွယ်ချက်က သိုင်းလောက သာယာငြိမ်းချမ်းရေးပဲ၊ ကျုပ်အနေနဲ့ သိုင်းလောကတစ်ခုလုံးကို စိုးမိုးချင်တယ်ဆိုရင် သိုင်းဂိုဏ်းတွေအားလုံး ကျုပ်လက်အောက်ကိုရောက်လာအောင်ကြိုးစားမှာပေါ့၊ သွေးဂိုဏ်းကို အင်အားကောင်းသထက်ကောင်းအောင် ကြိုးစားမှာပေါ့၊ ကျုပ်က သိုင်းဂိုဏ်းတော်တော်များများကို စုစည်းပြီး မဟာမိတ်ဂိုဏ်းကြီးထူထောင်တယ်၊ မဟာမိတ်အဖွဲ့ဝင် ဂိုဏ်းပေါင်းစုံကို ကိုယ့်ဘာသာကိုယ်ရပ်တည်ခွင့်ပေးထားတယ်'

'ကျွန်မတို့ဂိုဏ်းချုပ်ကြီးရဲ့စိတ်ဓာတ်နဲ့ စေတနာကို နားလည်ပါတယ်ရှင်'

သွေးဂိုဏ်းချုပ်က ခေါင်းညိတ်၏။

'မင်းဆီက ဒီစကားမျိုးကြားရတာ ကျုပ်သိပ်ဝမ်းသာတယ်၊ အခု ကျုပ်တို့ရင်ဆိုင်နေရတဲ့ရန်သူဟာ မဟာမိတ်အဖွဲ့ကို ဖြိုဖျက်မယ့်သူတွေပဲ၊ သူတို့က ကျုပ်တို့မဟာမိတ်ဂိုဏ်းကို



ဒုစရိုက်ဂိုဏ်းအဖြစ်သဘောထားတယ်၊ ဒီလူတွေဟာ ကျုပ်တယ်သူဘယ်ဝါဆိုတာမသိပေမယ့် ဘယ်သူဘယ်ဝါဖြစ်မယ်ဆိုတာ ခန့်မှန်းမိပြီးဖြစ်လိမ့်မယ်၊ သူတို့ဟာ သိပ်ကြောက်စရာကောင်းတဲ့အတွက် ကျုပ်က ဂိုဏ်းအဖွဲ့အသီးသီးကို အကူအညီကမ်းလှမ်းထားတာပဲ၊ ကျုပ်အခုလို ပြောနေတာဟာ ကျုပ်ရဲ့သဘောထားအမှန်ကို မင်းတို့သိစေချင်လို့ပဲ၊ ရန်လူတွေဟာ မင်းတို့ပိုင်နက်ကိုကျော်လွန်သွားပြီ၊ သူတို့ကိုတိုက်ခိုက်တားဆီးဖို့အတွက် မင်းတို့မှာတာဝန်မရှိတော့ဘူး၊ မင်းတို့က ဆက်ပြီးတာဝန်ယူချင်တယ်ဆိုရင်တော့ ကျုပ်မတားပါဘူး၊ မကြာခင် ကျုပ် ဂိုဏ်းခေါင်းဆောင်တွေနဲ့ တွေ့ဖို့စီစဉ်မယ်၊ အဲဒီအခါကျရင် ကျုပ်ဆီ ရောက်အောင်လာပါ၊ လက်ကျာရံရဲ့အလောင်းကိုတော့ မင်းတို့ပဲ တာဝန်ယူလိုက်ပါ'

သွေးဂိုဏ်းချုပ်သည် စကားကိုအဆုံးသတ်ပြီး ပခုံးတစ်ချက်လှုပ်ကာ နေရာမှခုန်ထွက်သည်၊ သူ၏ခန္ဓာကိုယ်သည် လေပြင်းအရှေ့ခံရသော ငှမ်းစပမာ အပြင်ဘက်သို့ လွင့်ထွက်ကာ ပျောက်ကွယ်သွားလေ၏။

*　　*　　*

ဒေဝီဂိုဏ်းဌာနချုပ်သည် တောင်ကုန်းလေးတစ်ခုပေါ်ရှိ စိမ်းလန်းစိုပြည်သော တောအုပ်အတွင်း၌ရှိသည်၊ ချူဖုန်တို့ တစ်တွေ အဆောက်အဦပျက်ကြီးမှနေ၍ ဒေဝီဂိုဏ်းဌာနချုပ် ရှိရာသို့အရောက်တွင် နေဝင်စပြုနေပြီဖြစ်သည်။

ဒေဝီဂိုဏ်းတွင် ဂိုဏ်းစောင့်အဖြစ်ကျန်ရစ်သူတို့က ချူဖုန်တို့အား ဝမ်းသာအားရကြိုဆိုသည်၊ ချူဖုန်သည် ချူရဲအား ကင်းတာဝန် နှစ်ဆတိုးချထားရန်ပြောပြီး ဒေဝီသုံးဖော်နေ အိမ်ဖြစ်သော အဆောက်အဦအတွင်းသို့ ဝင်သည်။

ဌာနချုပ်အဆောက်အဦသို့ရောက်သည်နှင့် ချူဖုန်သည် စာကြည့်ခန်းသို့တန်းဝင်၏၊ စာကြည့်ခန်းသို့အရောက်တွင် သူသည် စာအုပ်ဗီရိုတစ်လုံးကို ဆွဲဖွင့်၏၊ စာအုပ်ဗီရို၏တစ်ဖက်တွင် လျှို့ဝှက်ပင်ပေါက်တစ်ခုရှိပြီး သူက ထိုပင်ပေါက်သို့ ဝင်၏၊ သူလျှို့ဝှက်လမ်းသို့အရောက်တွင် ဗီရိုတံခါး ပြန်ပိတ် သွားသည်၊ သူက ကျဉ်းမြောင်းသောလမ်းအတိုင်း ဆက် လျှောက်ပြီး မြေအောက်သို့ ဆင်းသည့် လှေကားရှိရာသို့ အရောက်တွင် အောက်ကိုဆင်းခဲ့၏၊ လှေကားအတိုင်းဆင်း မိသည်နှင့် မြေအောက်သို့ဆင်းသည့် လမ်းတံခါးပေါက်ကို ပိတ်လိုက်၏။

လှေကားတစ်လျှောက်တွင် မှောင်နှင့်မည်းမည်းရှိသွား၏၊ သူသည် အမှောင်ထဲမှာပင် အောက်သို့ကျွမ်းကျွမ်းကျင်ကျင် နှင့် ဆင်းသည်။



လှေကားအဆုံးတွင် အခန်းကျယ်ကြီးတစ်ခန်းကို တွေ့ရ သည်၊ အခန်းထဲတွင် မီးသင်းနေ၏၊ အခန်းထောင့် ကျောက် သားကွပ်ပျစ်ပေါ်တွင် တစ်ခေါင်းလုံးရှိဆံပင်တွေ ဖြူဖွေးနေ သော အဘွားအိုတစ်ယောက်ထိုင်နေသည်ကို တွေ့ရ၏၊

အဘွားအိုမှာ အသက်ရှစ်ဆယ်အရွယ်ရှိပြီး ပါးရေများ တွန့်နေသည်။

မျက်နှာတွင် အိုမင်းရင့်ရော်ဟန်ပေါ်နေသော်လည်း သူ၏မျက်လုံးအစုံမှာ ညအမှောင်တွင် ထွန်းလင်းသော ကြယ် လေးများပမာ အရောင်လက်နေသည်။

'ဆရာ'

ချူဖုန်က နှုတ်မှမတိုးမကျယ်ခေါ်ရင်း အဘွားအို၏ရှေ့ တွင် ဒူးထောက်ကာ ဂါရဝပြုလိုက်သည်၊ အဘွားအိုက စူး လက်တောက်ပသော မျက်လုံးအစုံဖြင့် ချူဖုန်အား လှမ်း ကြည့်၏။

'ကျွန်မတို့ တိုက်ပွဲတစ်ပွဲမှာ ရှုံးနိမ့်ခဲ့တယ်ဆရာ'

အဘွားအိုက ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'ရှုံးနိမ့်တယ်ဆိုတာ လူတိုင်းတစ်ခါမဟုတ်တစ်ခါရင်ဆိုင် ရမယ့်ကိစ္စပဲ၊ ရှုံးတာဘာမှမဆန်းပါဘူး၊ မင်းတို့ဘယ်သူ့ကို ရှုံးခဲ့တာလဲ ချူဖုန် မင်းတို့ဘယ်သူ့ကိုရှုံးခဲ့တာလဲ သွေးဂိုဏ်း ချုပ်ကိုလား'

ချူဖုန်ခေါင်းဆတ်ခါသည်။

'မဟုတ်ပါဘူး သေနင်္ဂကျော်ချုပ်ဟာ အခုအချိန်မှာကျွန်မတို့ရဲ့မဟာမိတ်ပဲ သူနဲ့တိုက်ခိုက်စရာ အကြောင်း မရှိပါဘူး၊ ကျွန်မတို့နဲ့တိုက်ခိုက်ခဲ့တာ နဂါးကြီးထင်းလုံနဲ့ သူ့မိတ်ဆွေတွေပါ'

အဘွားအိုတွေဝေပြီး ငြိမ်သွားသည်၊ တစ်ခဏ အကြာတွင် သူ့ထံမှသက်ပြင်းချသံပေါ်လာ၏။

'သေနင်္ဂကျော်ချုပ်ရဲ့ရန်သူဆိုတာ သူလား'

'ဟုတ်ပါတယ်ဆရာ'

'ဒါဆိုရင်ပေါ့ သေနင်္ဂကျော်ချုပ်ရဲ့ ရုပ်လုံးပေါ်စပြုလာပြီလို့ပြောရမှာပဲ ထင်းလုံသိုင်းလောကထဲမှာ ကျော်ကြားခဲ့တဲ့အချိန်က သူနဲ့တွေ့ဘူးတယ်၊ သူဟာထက်မြက်တဲ့ အဖြူရောင်သိုင်းသမားတစ်ယောက်ပဲ၊ သူနဲ့ငါမတွေ့တော့တာ နှစ်နှစ်ဆယ်နီးနီးရှိနေပြီဆိုတော့ သူ့ရဲ့သိုင်းပညာဟာ အံ့မခန်းတိုးတက်နေမှာအမှန်ပဲ သေနင်္ဂကျော်ချုပ်ဟာ ထင်းလုံရဲ့ရန်သူဆိုရင် သိုင်းလောကတစ်ခုလုံးရဲ့ရန်သူပဲ'

ချူဖုန်ကအဘွားအို၏မျက်နှာကိုအံ့အားတသင့်ကြည့်သည်

'သေနင်္ဂကျော်ချုပ်က သူဟာ သိုင်းလောက ညီညွတ်ရေးအတွက် ဆောင်ရွက်နေတဲ့အကြောင်း ဒီနေ့ပြောသွားတယ်၊ သူက ကျွန်မတို့အပေါ် စော်ကားမော်ကားစိတ်ရှိတဲ့ သူ့လူယုံတော်တစ်ယောက်ကိုတောင် သတ်ပစ်တယ်၊ သူဟာဆရာ ထင်သလို သိုင်းလောကရဲ့ရန်သူ ဟုတ်ချင်မှဟုတ်မှာပါ'

ချူဖုန်၏စကားကိုအကြားတွင် အဘွားအိုရယ်လိုက်သည်၊

'မင်းတို့တတွေ သေနင်္ဂကျော်ချုပ်ရဲ့ ပရိယာယ်ကို တကယ်



ထင်နေတာကိုး၊ သူ့ရဲ့လုပ်ပုံကိုင်ပုံတွေကို ငါ့မလေ့လာပြီးပြီ သူဟာ ဘယ်နည်းနဲ့မှ သိုင်းလောကအကျိုးကို လိုလားတဲ့သူ မဖြစ်နိုင်ဘူး၊ သိုင်းလောကအကျိုးကိုလိုလားသူလို့ သူ့ကိုယ်သူအမှန်းတင်နေတာဟာ မင်းတို့ကိုလှည့်စားနေတာပဲ ထင်းလုံတို့ကို တိုက်ခိုက်ဖို့အတွက် သူက မင်းတို့ကိုအမိန့်ပေးတာ မဟုတ်လား'

'အမိန့်ပေးတာ မဟုတ်ဘူး အကူအညီ တောင်းတာပါ ဆရာ'

အဘွားအိုကပြုံးနေသည်။

'ဟကယ်လို့ မင်းတို့က သူ့အကူအညီ တောင်းတာကို မပေးဘူးဆိုရင်ကော'

'အဲဒါဆိုရင် သူ့ကျွန်မှာမဟုတ်ဘူး၊ သူ့ရဲ့ရန်သူဖြစ်သွားနိုင်တယ်'

'အဲဒါကအဖြေပဲပေါ့ ချူဖုန် သူကသိုင်းလောကရဲ့ မိတ်ဆွေမဟုတ်ဘူး သိုင်းလောကရဲ့ရန်သူတစ်ယောက်ပါ'

'ဒါဆိုရင် ကျွန်မတို့ ဘာဆက်လုပ်ရမလဲဆရာ'

'မင်းတို့အလုပ်က သူနဲ့ပူးပေါင်းနေပြီး သူဘယ်သူလဲဆိုတာဖော်ထုတ်ဖို့ပဲ'

ချူဖုန်စိတ်ရှုပ်ထွေးသွားဟန်ရှိသည်၊ အဘွားအိုက ပြုံးနေလျက်နှင့်....

'မင်းတို့တွေကြုံခဲ့တဲ့တိုက်ပွဲအကြောင်းတွေကိုပြောပြပါဦး'

'ဟုတ်ကဲ့ဆရာ'

ချူဖုန်က သူတို့တွေ့ကြုံခဲ့သည့်တိုက်ပွဲအကြောင်း အဘွားတို့အား ပြန်ပြောပြသည်၊ အဘွားအိုက ချူဖုန်ပြောပြသည်ကို စိတ်ဝင်တစားနှင့် နားထောင်၏၊ ထိုသို့နားထောင်ရင်း သူ့မျက်လုံးအစုံမှာ ပို၍အရောင်တောက်လာသည်။

'အနှစ်နှစ်ဆယ်အတွင်းမှာ သူ့ရဲ့သိုင်းပညာဟာ မမျှော်မှန်းနိုင်လောက်အောင် တိုးတက်လာပြီကိုး၊ သိုင်းပညာထက်မြက်တဲ့သူတို့ကို ချူရင်ကတိုက်တိုက်ကူညီဘယ်လို့ မင်းထင်တယ်ဟုတ်လား ချူဖုန်'

'ဟုတ်ကဲ့အရာ'

'ငါကတော့ အဲသလိုမထင်ဘူး သူတို့အထဲမှာတိုက်ပွဲမှာင်ဘဲ အားရောက်နေတဲ့လူရှိသလား'

ချူဖုန် မျက်မှောင်ကြုတ်သွားသည်၊ ပြီးနောက် ခေါင်းခါလိုက်၏။

'သူတို့အားလုံးတိုက်ပွဲဝင်ကြတယ် တစ်ယောက်မှ အားထွက်မနေပါဘူး'

'သူတို့လူစုမှာ သိုင်းပညာမတတ်တဲ့လူတစ်ယောက်မှ မပါဘူးပေါ့ ဟုတ်လား'

'ဟုတ်ကဲ့....သူတို့အားလုံး သိုင်းပညာတတ် ....'

ချူဖုန်က စကားပြောရင်းမှ တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် စကားအပြောရပ်လိုက်သည်။

'မင်း ဘာစဉ်းစားမိလို့လဲ ချူဖုန်'

'သူတို့ထဲမှာ . သိုင်းပညာမတတ်တဲ့ လူတစ်ယောက်တော့ရှိတယ်ဆရာ၊ အဲဒီလူက လူတို့နဲ့အတူပါလာပေမယ့် သူတို့အဖွဲ့ဝင် မဟုတ်ပါဘူး'

'အဲဒီလူက ဘယ်သူလဲ'

'မြင်းလှည်းမောင်းသမား အတိုးကြီးပါ၊ သူက တစ်ချိန်လုံး အရက်သောက်ပြီး မြင်းလှည်းကိုတောင် အနိုင်နိုင်မောင်းနေရတဲ့သူပါ'

အဘွားအိုက ခေါင်းတဆတ်ဆတ်ညိတ်၏၊

'မင်းတို့ကို လျှို့ဝှက်တိုက်ခိုက်ခဲ့တာ အဲဒီလူဘဲ'

'ရှင်'

'အရက်မူးသိုင်းသမားဟာ ငါတို့နဲ့ခေတ်ပြိုင်သိုင်းသမားကြီးတစ်ယောက်ပဲ၊ သူ့ရဲ့သိုင်းပညာက ထူးဆန်းသလို သူ့စိတ်သဘောကလဲ ထူးဆန်းတယ်၊ သူ့မှာ တပည့်ရှယ်လို့မရှိဘူး၊ သူက တစ်ခြားတစ်ယောက်ကို သိုင်းပညာသင်ပေးဖို့ စိတ်ဝင်စားပုံမရဘူး၊ သိုင်းလောကအရေးတွေမှာလဲ ဝင်ရောက်ပတ်သက်လေ့မရှိဘူး၊ မြင်းလှည်းသမားအဖြစ်နဲ့ နေပြီး ရသမျှကို အရက်သောက်ပစ်တတ်တယ်၊ သူက အခုလိုဘဲ သူသဘောကျတဲ့လူကို ဝင်ကူလေ့ရှိတယ်၊ သူကမင်းတို့ကို သွေးကြောပိတ်ယုံဘဲတိုက်ခိုက်ခဲ့တယ်ဆိုတော့ရန်သူလို့သဘောထားပုံမရဘူး၊ ဘာပဲဖြစ်ဖြစ် သူအခုကိစ္စမှာပါလာတာဟာ သွေးကိုက်ချပ်အတွက် အကြီးဆုံးအန္တရာယ်ဘဲ၊ သူလိုလူပါလာလို့ မင်းတို့ရှုံးသွားတာ၊ ဘာမှမဆန်းဘူး၊ သူ့ကိုဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ ငါသိတယ်၊ ရင်ဆိုင်နိုင်မယ့်သိုင်းကွက်တွေ မင်းတို့ကိုသင်ပေးမယ်၊ မင်းတို့က ငါတာဝန်ပေးထားတဲ့အတိုင်း သွေးကိုက်ချပ်ကို ဖော်ထုတ်ဖို့ကြိုးစားကြပါ၊ မနက်ဖန်ကျရင် မင်းတို့

သုံးယောက်စလုံးကို သိုင်းပညာအသစ်အစ်မျိုး သင်ပေးမယ်'

အဘွားအိုက ရှင်လန်းတက်ကြွသောအမူအယာနှင့် စကားပြောသည်။

ချူပုန်မှာ အဘွားအိုအားကြည့်ရင်း အံ့သြနေလေ၏။

* * *

အခန်း (၁၈)

## အကူအညီ

ထင်းလုံတို့လူစုသည် ခရီးရောက်သည့်ထက် ရောက်လာကြသည်၊

နောက်ဆုံး တိုက်ပွဲဆင်နွှဲပြီး ဒုတိယနေ့တွင် သူတို့သည် ရွာတစ်ရွာသို့ ရောက်လာ၏၊

ရွာမှာ မြေပြန့်လွင်ပြင်တွင်တည်ထားပြီး တစ်အိမ်နှင့်တစ်အိမ် အလှမ်းဝေးလှသည်၊ ကျယ်ဝန်းသောခြံဝင်းများတွင် စားပင်သီးပင်များ စိုက်ပျိုးထားသဖြင့် စိုပြည်စိမ်းလန်းပြီး အေးချမ်းသောအသွင် ဆောင်နေ၏။

ရွာထဲတွင် စားသောက်ဆိုင်တစ်ဆိုင်သာရှိသည်၊ ထိုစားသောက်ဆိုင်မှာ ထမင်းဟင်းရောင်းချသောဆိုင်မဟုတ်၊ ခေါက်ဆွဲပြုတ် တစ်မျိုးတည်းရောင်းသည့်ဆိုင်ဖြစ်၏။

ဆိုင်မှာ လမ်းမကြီးဘေးတွင်ရှိသော ခမြစိုက်တဲသေးသေးလေးဖြစ်သည်၊ ဆိုင်အတွင်း၌ စားပွဲသုံးလုံးသာ ရှိပြီး လူဆယ်ယောက်ကျော်ကျော်ခန့်သာ ဆန့်သော ဆိုင်ကလေးဖြစ်သည်။

ဆိုင်အနောက်ဘက်တွင် အခန်းငယ်တစ်ခန်းရှိပြီး ထိုအခန်းတွင် ဟင်းအိုး၊ ခေါက်ဆွဲထည့်သည့်လင်ဗန်း၊ မီးဖို၊ ရေနွေးအိုးစသည်များရှိပြီး အခန်းထောင့်တွင် ကွပ်ပျစ်တစ်လုံးရှိသည်၊ ကွပ်ပျစ်ပေါ်တွင် သန့်ရှင်းသောအိပ်ရာတစ်ခု ခင်းထားလေသည်။

ခေါက်ဆွဲပြုတ်နေသည်မှာ ပိန်ပိန်ပါးပါးနှင့် သန့်ရှင်းသပ်ရပ်စွာ ဝတ်စားသည့် အဘိုးအိုတစ်ယောက်ဖြစ်သည်၊ သူ့ ပုံစံက အိုမင်းဟန်ရှိသော်လည်း အသေအချာကြည့်လျှင် အသက်ငါးဆယ်ဝန်းကျင်ခန့်သာရှိမည်ဖြစ်ကြောင်း သိသာသည်၊ သူ၏လှုပ်ရှားပုံမှာ အဘိုးအိုတစ်ယောက်နှင့်မတူဘဲ ပေါ့ပါးသွက်လက်နေ၏။

ထင်းလုံတို့မြင်းလှည်း ဆိုင်ရှေ့တွင်ရပ်လိုက်၏၊ ထင်းလုံယုန်ကလေးနှင့် ဆီယာဟန်တို့က မြင်းလှည်းပေါ်မှဆင်းပြီး ဆိုင်ထဲသို့ဝင်ကြ၏။



မြင်းလှည်းအမိုးပေါ်တွင် မြင်းလှည်းသမားနှင့်အတူလိုက်ပါလာသော ရှောင်ပင်းတာ မြင်းလှည်းသမားကြီးအားတစ်ချက်ကြည့်ပြီး....

'စားသောက်ဆိုင်မှာ တစ်ခုခုစားကြမယ်၊ အောက်ကိုဆင်းပါ ဘဘ'

မြင်းလှည်းသမားအဘိုးအို လေချဉ်တစ်ချက်အေ့ခနဲတက်သည်။

သူက ရှောင်ပင်းအားအဖြေမပေးဘဲ ခါးတွင်ချိတ်ဆွဲထားသော အရက်ဘူးကို ဖြုတ်ယူကာ အရက်တစ်ငုံသောက်၏၊ ပြီး အရက်ဘူးကို ခါးတွင်နေသားတကျပြန်ချိတ်၏။

'ဒီဆိုင်မှာ ခေါက်ဆွဲပြုတ်ကလွဲလို့ တစ်ခြားဘာမှမရဘူး၊ ကျုပ်အနေနဲ့ ဒီဆိုင်က ခေါက်ဆွဲပြုတ်ကို မစားချင်လဲ စားရမှာပါ၊ ကျုပ်တို့မြင်းလှည်းရပ်လိုက်တာကို ဆိုင်ရှင်ကတွေ့သွားပြီ၊ သူ ကျုပ်အတွက် ခေါက်ဆွဲပြုတ်လာပို့ပါလိမ့်မယ်'

မြင်းလှည်းမောင်းသူ၏ စကားသံခတ်တိုးတိုးပေါ်လာ၏၊ မြင်းလှည်းသမားမှာ စားသောက်ဆိုင်ပိုင်ရှင်၏ မိတ်ဆွေဟုနားလည်လိုက်သဖြင့် အသာအယာပြုံးသည်၊

'ဪ....ဒီစားသောက်ဆိုင်ပိုင်ရှင်က အဘရဲ့မိတ်ဆွေကိုး'

မြင်းလှည်းသမားကြီးက နှာခေါင်းတစ်ချက်ရှုံ့လိုက်၏။

'ဒီကောင်က ကျုပ်မိတ်ဆွေမဟုတ်ပါဘူး၊ တစ်သက်လုံးခေါက်ဆွဲပြုတ်ပဲရောင်းပြီး သေသွားမယ့်ကောင်'

'ဟား…ဟား ငါက ခေါက်ဆွဲပြုတ်ရောင်းရင်းသေမယ်၊ မင်းကတော့ မြင်းလှည်းစောင့်ရင်း အရက်သောက်ရင်းနဲ့ သေမယ့်ကောင်၊ ရော့…မသေခင် ငါ့ခေါက်ဆွဲပြုတ်ကို ဆင်းစားလိုက်အုံး'

မြင်းလှည်းအနားသို့ ခြေသံမကြားရဘဲ ရောက်လာသည့် စားသောက်ဆိုင်ပိုင်ရှင်အား တွေ့လိုက်ရ၏၊ ရှောင်ပင်းက ဖြူစင်သန့်ရှင်းသော အဝတ်အစားဝတ်ထားသည့် ဆိုင်ရှင်အား အကဲခတ်ဟန်လှမ်းကြည့်သည်၊ ဆိုင်ရှင်၏မျက်လုံးအစုံမှာ စူးရှသဖြင့် အတွင်းအားပြည့်ဝသော သိုင်းသမားကြီးတစ်ယောက်ဖြစ်မည်ဟု ခန့်မှန်းမိ၏။

မြင်းလှည်းသမားသည် မြင်းလှည်းပေါ်မှ အောက်သို့ခုန်ဆင်းလိုက်သည်၊ လမ်းလျှောက်ရာ၌ပင် ခြေသံမှန်အောင် သတိထားနေရသော အမူးသမားအဘိုးအို၏ လှုပ်ရှားမှုက ပေါ့ပါးညင်သာသည်ကို ရှောင်ပင်း အံ့အားတစ်သင့်နှင့်အသိအမှတ်ပြုမိ၏၊ မြင်းလှည်းမောင်းသမားအဘိုးအိုအား ပထမဆုံးအကြိမ်အဖြစ် သူ့စိတ်ထဲမှ သံသယဝင်လာမိသည်၊

'အား…ကျွတ်ကျွတ် ငါ့ခြေထောက်ကျိုးပြီထင်တယ်၊ မင်းခေါက်ဆွဲပြုတ်ကိုစားဖို့ မြင်းလှည်းပေါ်က ခုန်ချမိတာ မှားသွားပြီ'

မြင်းလှည်းသမားက မြေပြင်ပေါ်ထိုင်ချလိုက်ပြီး ခြေထောက်ကိုလက်ဖြင့်နှိပ်ကာ ညည်းညူပြောဆိုသည်၊ ရှောင်ပင်းမှာ အဘိုးအိုအား ဂရုတစ်စိုက်အကဲခတ်ကြည့်နေသဖြင့် ခြေ



ထောက်နာသွားဟန် ဆောင်နေခြင်းဖြစ်ကြောင်း သိလိုက်၏။

'ဆိုင်ထဲမှာ စားသောက်မယ့်လူတွေရောက်နေတယ်၊ မင်းက ငါ့ဆိုင်ကို တစ်သက်လုံးမဝင်ဘူးလို့ ကျိန်းထားတဲ့ကောင်ဆိုတော့ ဒီမှာပဲ စားသောက်ရင်းနေခဲ့၊ ငါဈေးသွားရောင်းလိုက်ဦးမယ်'

ဆိုင်ရှင်အဘိုးအို နေရာမှထွက်ခွာသွားသည်၊ မြင်းလှည်းသမားကြီးက ရှောင်ပင်းအား ရိဝေဝေနိုင်သော အကြည့်ဖြင့် တစ်ချက်ကြည့်ပြီး မြင်းလှည်းနောက်မြီးတွင် ဝင်လိုက်ကာ ခေါက်ဆွဲပြုတ်ကို မြိန်ယှက်စွာစားသည်။

ရှောင်ပင်းသည် မြင်းလှည်းသမားကြီးအနီးမှခွာပြီး ဆိုင်ထဲသို့ဝင်ခဲ့သည်၊ စားသောက်ဆိုင်ပိုင်ရှင်နှင့် မြင်းလှည်းသမားကြီးတို့မှာ သာမန်မိတ်ဆွေများမဟုတ်ကြောင်း သူသဘောပေါက်သာ၏။

ရှောင်ပင်း ဆိုင်ထဲသို့ရောက်ပြီး ထင်းပုံတို့ဘေးတွင် ထိုင်ချလိုက်စဉ် စားသောက်ဆိုင်ပိုင်ရှင်အဘိုးအိုက ခေါက်ဆွဲပြုတ်ပန်းကန်များ လာချပေး၏၊ ထိုအဘိုးအိုသည် သွားလာလှုပ်ရှားပုံ သွက်လက်နေပြီး များစွာအသက်ကြီးရင့်လှပြီဟု မထင်ရ။

'ဒီမှာ ဘဘရဲ့ ဆိုင်တစ်ဆိုင်ပဲရှိသလား'

ယုန်ကလေးက ခေါက်ဆွဲပြုတ်လာချပေးနေသော ဆိုင်ရှင်အားကြည့်ရင်း မေး၏၊ ဆိုင်ရှင်က ခေါင်းတစ်ချက်ညိတ်

လိုက်ပြီး....

'ဒီရွာကလူတွေ စိုက်ပျိုးရေးလုပ်ငန်းကိုပဲ စိတ်ဝင်စားကြတယ်၊ ဘယ်သူမှ ဈေးဆိုင်ဖွင့်ဖို့ စိတ်မဝင်စားကြဘူး၊ ကျုပ်ဒီကိုရောက်လာပြီး ခေါက်ဆွဲပြုတ်ဆိုင်ဖွင့်တော့ သူတို့ဝမ်းသာအားရနဲ့ အားပေးကြတယ်'

'ဘဘက ခေါက်ဆွဲပြုတ်တစ်မျိုးတည်း ရောင်းတာကိုး၊ အရက်နဲ့ တစ်ခြားစားစရာတွေပါရောင်းရင် ပိုပြီးအဆင်ပြေမှာပေါ့'

စားသောက်ဆိုင်ပိုင်ရှင် အဘိုးအို နှာခေါင်းတစ်ချက်ရှုံ့လိုက်၏၊ သူက ခေါင်းကိုသွက်သွက်ခါခါအောက်ခါပြီး....

'ကျုပ်တစ်သက်နဲ့တစ်ကိုယ် ဘယ်တော့မှ အရက်မရောင်းဘူး၊ ဒီရွာမှာနေပြီး ကျုပ်ခေါက်ဆွဲပြုတ်ရောင်းလာတာ ဆယ်နှစ်ရှိပြီ၊ တစ်ခြားအစားအသောက်မပြောနဲ့ ခေါက်ဆွဲပြုတ်တစ်မျိုးတည်း ရောင်းရတာတောင် လက်မလည်ဘူး၊ ဒီပတ်ဝန်းကျင် မိုင်တစ်ရာအတွင်းမှာ စားသောက်ဆိုင်ဆိုလို့ ကျုပ်တစ်ဆိုင်ပဲရှိတယ်၊ ဒီလမ်းအတိုင်းဖြတ်လာတဲ့ခရီးသွားမှန်သမျှ ကျုပ်ဆိုင်ကိုမဝင်တာမရှိဘူး၊ ညနေဘက်တွေကျရင် ခေါက်ဆွဲထပ်မကြိုတ်နိုင်လို့ ကျုပ်ဆိုင်ပိတ်လိုက်ရတာတွေတောင်ရှိတယ်'

ဆိုင်ရှင်က ယုန်ကလေးအား လိုက်လိုက်လှဲလှဲ အမူအယာနှင့် ပြော၏၊ ပြီး ဆိုင်အတွင်းဘက်သို့ဝင်သွား၏၊ တစ်ခဏအကြာ ပြန်ထွက်လာပြီး ထင်းလုံးတို့အား ရေနွေးကြမ်းချပေးသည်။



'လိုတာရှိရင်ခေါ်လိုက်ပါ....ကျုပ် ဒီနားမှာဘဲရှိနေမယ်'

ဆိုင်ရှင်က ရှောင်ပင်းတို့နှစ်ယောက်ကိုကြည့်ပြီး ပြော၏၊ ပြီး ဆိုင်အပြင်ဘက်သို့လှစ်ခနဲထွက်သွားလေသည်။

*

ခေါက်ဆွဲပြုတ်သည် သူတို့စားဖူးသမျှတွင် အရသာအရှိဆုံးဖြစ်၍ ရှောင်ပင်းတို့တစ်တွေ ခေါင်းမဖော် စကားမပြောနိုင်ကြတော့ချေ။

သူတို့ တိတ်ဆိတ်စွာစားသောက်နေကြစဉ် အပြင်ဘက်မှ ရုတ်တရက်ပေါ်ထွက်လာသော မြင်းခွာသံများကိုကြားရ၍ ထင်းလုံတို့မှာ ရန်သူ၏အတားအဆီးကို အကြိမ်ကြိမ်ခံထားရသဖြင့် မြင်းခွာသံကြားသည်နှင့် ခေါင်းထောင်ကြည့်မိကြ၏၊ အစောဆုံးစား၍ ပြီးနေသော ရှောင်ပင်းက စနရာမှထပြီး အပြင်ကို လှစ်ခနဲပြေးထွက်၏၊ အပြင်ရောက်သည်နှင့် သူက ဆိုင်ရှေ့ရှိသစ်ပင်ပေါ်သို့ လျင်မြန်စွာတက်လိုက်၏။

မြင်းလှည်းသမားကို မြင်းလှည်းအနီးတွင် မတွေ့ရ၊ စားသောက်ဆိုင်ပိုင်ရှင်ကိုလည်း အနီးဝန်းကျင်တွင် မတွေ့ရချေ၊ လှည်းဖြုတ်ထားသဖြင့် လှည်းဆွဲသည့်မြင်းမှာ မြက်စားနေသည်၊

ရှောင်ပင်းသည် သစ်ပင်ပေါ်မှနေ၍ မြင်းခွာသံများထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်သည်၊ မြင်းအစီးနှစ်ဆယ်ခန့် ရွာတွင်းသို့ဝင်လာနေသည်ကို တွေ့ရ၏၊ ရှေ့ဆုံးမှလာနေသော မြင်းစီးသမား၏လက်ထဲတွင် အဖြူရောင်နဂါးပုံပါသော အလံတစ်ခုကိုင်ထားသည်ကိုတွေ့ရ၏။

ရှောင်ပင်းသည် ညှင့်ကိုတစ်ကောင်၏ အော်သံနှင့်တူသော အသံဖြင့် အော်ဟစ်လိုက်၏၊ ထိုသို့အော်ဟစ်လိုက်ခြင်းမှာ ရန်သူလာနေပြီဖြစ်ကြောင်း ထင်းလုံတို့အား သတိပေးအော်ဟစ်လိုက်ခြင်းဖြစ်၏။



မြင်းစီးသမားများသည် ခေါက်ဆွဲဆိုင်ရှေ့ အရောက်၌ မြင်းကို တုန့်ခနဲရပ်လိုက်၏၊ မြင်းစီးသမားအားလုံးမှာအနက်ရောင်ဝတ်ဆင်ထားပြီး နဖူးတွင် အဖြူရောင်ဖဲပြားဖြင့် စည်းထားကြလေသည်။

'ဒီဆိုင်ကဆိုင်ရှင် မရှိဘူးလား....ရေနဂါးအဖွဲ့က ဂိုဏ်းခွဲမှူးတစ်ယောက်လုံး လာနေတာကို ဘာဖြစ်လို့ဆွက်ပြီးမကြိုတာလဲ'

ဝတ်စုံနက်များ၏ခေါင်းဆောင် လူသန်ကြီးက အော်ဟစ်ပြောဆိုသည်၊ သို့သော် သူ့ကို တုန့်ပြန်အဖြေပေးမည့်သူမရှိ၊ လူသန်ကြီးသည် ဆိုင်ငယ်လေးကို မျက်မှောင်ကြုတ်လိုက်ကြည့်ပြီး....

'ဆိုင်ထဲမှာရှိနေတဲ့ မိတ်ဆွေတွေ အပြင်ကိုထွက်ကြပါ!... ကျုပ်တို့ ဒီဆိုင်မှာ ခရီးတစ်ထောက် နားကြမယ်....ဆိုင်ထဲမှာ ကျုပ်တို့ကလွဲလို့ လူပိုတစ်ယောက်မှမရှိရဘူး'

လူသန်ကြီးသည် ဆိုင်ရှင်ကိုခေါ်မရသည့်အဆုံး စကားပြောင်းပြီး အော်ပြော၏၊ သူ့စကားသံ အဆုံး၌ ဆီယွဲဟန်ဆိုင်ထဲမှထွက်လာ၏၊ သူက ဆိုင်ရှေ့တွင်ရှိနေသော မြင်းစီးသမားများအား တစ်ချက်ကြည့်ပြီး....

'ဆိုင်ထဲကိုဝင်ချင်တယ်ဆိုရင် ဝင်ကြပါ၊ ကျုပ်က စားလို့ပြီးပြီဆိုတော့ ခရီးဆက်ဖို့ပဲရှိတယ်'

15

ဆီယူဟန်က စကားပြောရင်း နေရာမှထွက်ခွာမည်ပြု၏၊ လူသန်ကြီး၏မြင်းရှေ့ကိုဘိုးလာပြီး....

'ရပ်လိုက်'

ဆီယူဟန် ရပ်လိုက်၏၊ သူက လူသန်ကြီးအားမျက်မှောင်ကြုံ့ကြည့်ပြီး

'ကျုပ်ကို ဘာဖြစ်လို့တားတာလဲ'

'ဆိုင်ထဲမှာလူရှိသေးလား'

'ရှိပါတယ်....လင်မယားနှစ်ယောက် ရှိနေသေးတယ်....သူတို့က ဆိုင်ရှင်ကို ငွေရှင်းဖို့ စောင့်နေတာ....ဆိုင်ရှင်က ဘယ်ရောက်နေမှန်းမသိတာနဲ့ မရှင်းရဘူး'

'ခင်ဗျားတို့ အားလုံး လေးယောက် မဟုတ်လား....ဆိုင်ထဲမှာ နှစ်ယောက်ရှိတယ်ဆိုတော့ နောက်နှစ်ယောက်ဘယ်မှာလဲ'

လူသန်ကြီးက ဆက်ပြီးဟန်မဆောင်ချင်တော့ဟန် ဖြောင့်ကျကျမေး၏။

'ခင်ဗျားဘာတွေပြောနေတာလဲ၊ ကျုပ်က တစ်ယောက်တည်း ခိုင်ဖုံးမြို့ကို အရေးတကြီး သွားစရာရှိလို့ ခရီးထွက်လာရင်း ဗိုက်ဆာတာနဲ့ ခေါက်ဆွဲပြုတ် စားတာ....ခင်ဗျားပြောတဲ့ လေးယောက်ဆိုတာ ဘယ်သူတွေလဲ၊ ကျုပ်မသိဘူး....'

အခန်း (၁၉)

မိတ်ဆွေဘယ်သူလဲ

'ဟော....မင်းတို့ဘာဖြစ်နေကြတာလဲ'

ဝတ်စုံနက်ခေါင်းဆောင်၏မေးသံ ကျယ်လောင်စွာပေါ်လာသည်၊ ရေနဂါးဂိုဏ်းသားများသည် သူတို့ခေါင်းဆောင်၏မေးသံကို ကြားသော်လည်း ပြန်မဖြေနိုင်၊ မျက်လုံးအပြောင်သားနှင့် ကြည့်နေ၏။

'ဟော....မင်းတို့....'

ရေနဂါးခေါင်းဆောင် ဆုံးအောင်မပြောနိုင်။ သေးအိ ပတ်ဝန်းကျင်ကို ထိတ်လန့်စွာ နှလုံးဟန်နှင့်ကြည့်သည်၊ သူက

ထိုသို့ကြည့်နေစဉ် သစ်ပင်ပေါ်သို့ရောက်နေသည့် ရှောင်ပင်းက မောင်ကို ရိပ်ခနဲခုန်ဆင်းလာ၏။

ရှောင်ပင်းသည် ရေနဂါးခေါင်းဆောင်၏ရှေ့တွင် ရပ်လိုက်သည်၊ အံ့အားသင့်ဟန်၊ ထိတ်လန့်ဟန်ဖြင့် မျက်လုံးဝိုင်းနေသော ခေါင်းဆောင်အားကြည့်ပြီး....

'ရေနဂါးဂိုဏ်းခွဲမှူးလုံဟန်၊ ခင်ဗျားရဲ့လူတွေအားလုံး ရှုံးသွပ်ကြွာအပိတ်ခံလိုက်ရပြီ သူတို့ကို သွေးကြောဖွင့်ပေးလိုက်တာနဲ့ ခင်ဗျားတို့ဝိုင်းတိုက်ကြလိမ့်မယ်၊ ကျုပ်တို့ကို တိုက်မယ်လို့ ရည်ရွယ်ထားတဲ့ ခင်ဗျားရဲ့ရည်ရွယ်ချက် ပျက်သွားပြီ၊ အခုအချိန်မှာ ခင်ဗျားအနေနဲ့ ကိုယ့်အသက်ကိုယ် ကာကွယ်ဖို့ စဉ်းစားသင့်တယ်'

လုံဟန်က ရှောင်ပင်းအား ထိတ်လန့်တုန်လှုပ်စွာကြည့်၏၊ သူက ဟစ်တိုတစ်ခုပြောချင်နေဟန်ရှိသော်လည်း သူ့နှုတ်မှ စကားသံထွက်မလာပဲရှိ၏။

'ခင်ဗျားကို ကျုပ်တို့က အခွင့်အရေးတစ်ခုပေးမယ်၊ ဒီကနေ ချက်ချင်းထွက်သွားပါ၊ ခင်ဗျားတို့ ဂိုဏ်းချုပ်ကြီးကို သွေးဂိုဏ်းချုပ်ရဲ့အစေအပါးအဖြစ်နဲ့ နေနေမယ်ဆိုရင် ရေနဂါးဂိုဏ်း ပြိုကွဲသွားလိမ့်မယ်ဆိုတာ ပြောပြပါ'

လုံဟန် မခံမရပ်နိုင်ဖြစ်သွားဟန်ရှိသည်၊ သူသည် ဒေါသရောင်တောက်နေသော အကြည့်ဖြင့် ရှောင်ပင်းအားကြည့်ကာ....

'မင်း....မင်းတို့ လူတွေမဟုတ်ဘူး၊ မင်းတို့ မှော်အတတ်နဲ့ငါ့လူတွေကို ပြစားထားတာ'



'ဟား ဟား....စိတ်အထင်နဲ့ရမ်းပြီး ပြောမနေပါနဲ့၊ ခင်ဗျားလူတွေ သွေးကြောအပိတ်ခံထားရတာ သိုင်းပညာစစ်စစ်ကြောင့်ပါ၊ ဒါဟာ သိုင်းလောကထဲက တိမ်မြုပ်ပျောက်ကွယ်နေတဲ့ စိတ်ပြောင်းကိုယ်ခွာ သွေးကြောပိတ်ပညာပဲ၊ ဒီပညာအကြောင်း ခင်ဗျားမသိပေမယ့် ခင်ဗျားရဲ့ဂိုဏ်းချုပ်ကြီးက သိမှာလိမ့်မယ်၊ ကျုပ်တို့အခွင့်အရေးပေးထားတုန်း ခင်ဗျားမြန်မြန်သွားပါ၊ မသွားရင် ကျုပ်က ခင်ဗျားရဲ့လူတွေကို သွေးကြောဖွင့်ပေးရလိမ့်မယ်'

ရှောင်ပင်းသည် စကားပြောရင်း ရှေ့ကိုတိုးလိုက်သည်၊ လုံဟန်၏မျက်နှာတစ်ပြင်လုံး သွေးမရှိတော့လောက်အောင် တုန်လှုပ်သွားသည်၊ သူက ကျယ်လောင်စွာတစ်ချက်အော်ပြီး မြင်းကိုကစုန်စိုင်းကာ စီးနင်းထွက်ခွာသွားသည်၊

မြင်းကိုယ်စီနှင့်ဖြစ်သော ရေနဂါးဂိုဏ်းသားများ နေရာတွင် မလှုပ်မယှက်ရှိနေကြသည်၊ ရှောင်ပင်းက တစ်ချက်ရယ်လိုက်ပြီး ထိုသူတို့၏မြင်းများကို ချောက်လှန့်လိုက်သည်၊ မြင်းများလန့်ဖျပ်ပြီး တစ်ကောင်နှင့်တစ်ကောင် တိုးဝှေ့ကာပြေးထွက်သည်၊ သွေးကြောပိတ်ခံထားရသော ရေနဂါးဂိုဏ်းသားအချို့ မြင်းပေါ်မှပြုတ်ကျသူကျ၊ မြင်းများသယ်ဆောင်ရာသို့ ပါသူပါနှင့် ရှိကြကုန်၏။

ရေနဂါးဂိုဏ်းသားများ ဘာမှန်းမသိဘဲနှင့် ရှုံးနိမ့်သွားရသည်ကို ရှောင်ပင်းပြုံးကြည့်နေ၏၊ သူက ပတ်ဝန်းကျင်ကို ကြည့်နေဆဲ၌ ခေါက်ဆွဲပြုတ်ဆိုင်ထဲမှ ထင်းလုံးတိုဇနီးမောင်နှံ ထွက်လာကြ၏၊ သူတို့နှင့်မဝေးမနှော်း သစ်ပင်တစ်ပင်အကွယ်

မှ မြင်းလှည်းသမား = ဘိုးအို ထွက်လာသည်။

မြင်းလှည်းသမားကြီးသည် ဂေါမေတုက်ခွဲများမှာကဲ့သို့ ပင် ယခုတစ်ကြိမ်တွင်လည်း ကြောက်ရွံ့တုန်လှုပ်နေ၏၊ သူ သည် ပြူးကျယ်ဝိုင်းစက်သောမျက်လုံးအစုံဖြင့် ပတ်ဝန်းကျင် ကို ကျိုးကန်းဟောင်းမမှောက်ကြည့်နေ၏။

'ကျုပ်....ကျုပ်တို့သွားကြတော့မလှား'

အဘိုးအိုက ရှောင်ပင်းအားလှမ်းကြည့်ရင်းမှမေး၏၊ တစ်စုံ တစ်ရာကို သတိပေးနေဟန်ရှိသော သူ့မျက်လုံး အကြည့် ကြောင့် ရှောင်ပင်း မကြောင်အန်းအန်းဖြစ်သွားသည်၊ ပြီးမှ သူက မြင်းလှည်းသမားကြီး၏အကြည့်ကို သဘောပေါက်ပြီး မသိမသာ ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်....သွားကြမယ်၊ စားသောက်လို့လဲပြီးပြီ၊ ရန် သူနဲ့လဲ တွေ့ပြီးပြီဆိုတော့ ဒီမှာ ဆက်နေစရာအကြောင်းမရှိ တော့ဘူး၊ ဒီတစ်ခါတော့ ကျွန်တော်တို့ပြတ်လမ်းကနေသွား ကြမှာပေါ့၊ ဦး....ပြတ်လမ်းကိုမသိဘူးလား'

မြင်းလှည်းသမားအဘိုးကြီး တွေခနဲဖြစ်သွား၏၊ ပြီးမှ သူက ခေါင်းညိတ်၏။

'သိတယ်.... ဖြတ်လမ်းကိုသိထားပေမယ့် သွားလေ့မရှိ တော့ ကျုပ်မေ့နေတယ်၊ မြို့အရှေ့ဘက်ကိုထွက်ရင် လမ်းကို တွေ့မှာပဲ....၊ ဖြတ်လမ်းအစကိုတွေ့ရင် ကျုပ် အားလုံးပြန် မှတ်မိလာမှာပါ'

'ဒါဆိုရင်လဲ မြို့အရှေ့ဘက်ကိုဘဲထွက်ကြတာပေါ့'

* ထင်းလုံးတို့ဇနီးမောင်နှံ နှင့် ဆီယာဟန်တို့ မြင်းလှည်းပေါ်



တက်လိုက်ကြသည်၊ မြင်းလှည်းသမားနှင့် ရှောင်ပင်းတို့က မြင်းလှည်းအမိုးပေါ် တက်လိုက်၏၊ သူတို့မြင်းလှည်းပေါ်ကို အရောက်တွင် ခေါက်ဆွဲပြုတ်ဆိုင်ရှင် အဝတ်အိတ်ကြီးတစ် အိတ်ဆွဲပြီး ပြေးလာ၏။

'ဟေ့ ဟေ့....ကျုပ်လဲလိုက်ပါရစေ၊ မင်းတို့နဲ့မလိုက်ဘဲ ဒီမှာဆက်နေရင် ရေနံဂါးဂိုဏ်းသားတွေက ကျုပ်ကို ဒုက္ခ ပေးလိမ့်မယ်'

ခေါက်ဆွဲဆိုင်ရှင်သည် အောက်ပတ်ခြေပြာဆိုရင်း မြင်းလှည်း အမိုးပေါ် ခုန်တက်၏၊ မြင်းလှည်းသမားကလည်း မြင်းလှည်း ကို မောင်းထွက်ခဲ့လေသည်။

* *

'ဆရာကြီးကို ကျွန်တော်ရှောင်ပင်း ဂါရဝပြုပါတယ်....၊ အခုတစ်ကြိမ်မှာလဲ ဆရာကြီးကူညီတဲ့အတွက် ကျွန်တော်တို့ အခက်အခဲတစ်ခုထဲက လွတ်မြောက်ခဲ့ပြန်ပြီ'

မြင်းလှည်းသမားအဘိုးအိုက အရက်ဘူးကိုမော့ပြီးအရက်သောက်၏၊ ပြီး နှာခေါင်းရှုံ့လိုက်ပြီး....

'ကျုပ်ကဘာများလုပ်မိလို့ မင်းအခုလိုပြောတာလဲ၊ မင်းပြောတာကို ကျုပ်နားမလည်ဘူး'

အဘိုးအို၏စကားကို အကြားတွင် ရှောင်ပင်း ရယ်လိုက်သည်။

'စောစောကတော့ ဆရာကြီးက ဒီအကြောင်းတွေ လူကြားထဲ ထုတ်မပြောဖို့ ကျွန်တော့်ကို အမူအယာနဲ့ သတိပေးခဲ့တယ်၊ အခုကျတော့ ဘာမှမသိသလို ဟန်ဆောင်နေတယ်၊ ဆရာကြီးဟာ အရက်မူးသိုင်းသမားလို့ နာမည်ရခဲ့တဲ့ ဆွဲယန်ကြည်ဆိုတာ ကျွန်တော်သိပြီးပါပြီ'

'ဟား ဟား.... မင်းက တော်တော်ဗဟုသုတရှိတဲ့ကောင်လေးပဲ၊ ငါ့အကြောင်းတွေကို မင်းကဘယ်လိုလုပ်သိတာလဲ၊ ငါဟန်ဆောင်တာ မပိရိလို့လား'

'ပိရိပါတယ်....ဆရာကြီး၊ အမှတ်မထင် အမှတ်မဲ့ပြုမူတဲ့ အပြုအမူကြောင့် သံသယဖြစ်လာတာပါ'

'ငါက ဘာများပြုမိလို့လဲ'



'ကျွန်တော်တို့ကို ကူညီခဲ့တဲ့သုံးကြိမ်စလုံးမှာ ရန်သူကို ဆရာကြီး သိုင်းကွက်တစ်ကွက်ကို ထုတ်သုံးခဲ့တယ်....၊ အဲဒီသိုင်းကွက်ကြောင့် ဒဏ်ရာရတဲ့လူကို စစ်ဆေးတော့ အမူးသမား မတာသိုင်းကွက်ဆိုတာသိလာတယ်၊ အဲဒါကိုသိပြီးတဲ့နောက် နည်းနည်းစဉ်းစားလိုက်တာနဲ့ ဒါဟာ ဆရာကြီးကိုယ်တိုင်ပဲလို့ အဖြေပေါက်လာတယ်'

အဘိုးအို ဆွဲယန်ကြည်သည် ရှောင်ပင်းအားကြည့်ရင်းအားရပါးရပြုံးသည်။

'မင်းက သိပ်ပါးနပ်တာဘဲ ပြီးတော့ အသ အရွယ်နဲ့မလိုက်အောင် ဗဟုသုတသဲရှိတယ်၊ ငါလို လျှိုလျှို့ဝှက်ဝှက်နဲ့နေတဲ့လူအကြောင်း ထုတ်ပြောနိုင်တာ တော်ယုံအကြားအမြင်ဗဟုသုတရှိလို့မဟုတ်ဘူးဆိုတာ ငါသိတယ်....၊ သူ့ကိုကော ဘယ်သူဘယ်ဝါဆိုတာ မင်းခန့်မှန်းနိုင်ပါ့မလား'

ရှောင်ပင်းက ခေါက်ဆွဲထည်မဟုတ်တော့သည့် အဘိုးအိုအား လှမ်းကြည့်၏၊ အဘိုးအိုသည် ခမ်းကြောင်ကြောင်နှင့် ရှောင်ပင်းအားတုန့်ပြန်သည်။

'ဒီဆရာကြီးကိုလဲ ကျွန်တော်သိပါတယ်'

ခေါက်ဆွဲပြုတ်သည်ကြီးက ရှောင်ပင်းကို အံ့အားတသင့်ကြည့်၏။

'မင်းက သူ့ကိုတင်မကဘူး၊ ငါ့ကိုပါသိသွားပြီ၊ ကဲ.... ဒါဆိုရင် ငါဘယ်သူလဲဆိုတာပြောပေတော့၊ မှန်ရင်မှန်၊ မမှန်ရင်တော့ မင်းစားထားတဲ့ခေါက်ဆွဲပြုတ်တွေ ပြန်အန်ထွက်အောင် လုပ်ပစ်လိုက်မယ်'

'ကျွန်တော်ပြောတာမမှန်ရင် ဆရာကြီးကြိုက်သလိုလုပ်ပါ'

'ကောင်းပြီ....ငါ့အယ်သူလဲဆိုတာ ပြောပေတော့'

'ဆရာကြီးက အရက်မူး သိုင်းသမား ဆွေယန်ကြည့်ရဲ့ အရှင်းနှီးဆုံးမိတ်ဆွေ ရှိခဲ့ချိန်ပါ'

ဆွေယန်ကြည့်နှင့် ခေါက်ဆွဲဆိုင်ရှင်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၏၊ သူတို့သည် အံ့ဩလျက် ပါးစပ်အဟောင်းသားဖြစ်နေကြ၏။

'မင်းက တော်တော်သိတဲ့ကောင်လေးပဲ့ပါလား....၊ အခု အတိုင်းဆိုရင် မင်းကို ကိုပို့သိလိုခေါ် ရမလိုဖြစ်နေပြီ၊ ငါတို့နဲ့ ပက်သက်တဲ့အကြောင်းအရာတွေ မင်း ဘယ်သူ့ဆီက သိခဲ့တာလဲ'

ရှောင်ပင်းက အဘိုးအိုနှစ်ယောက်အား ခပ်မင်ရင်းနှီးခြင်းတွေဆောင်ယူနေသော လေးစားဟန်ဖြင့် ကြည့်လိုက်လေသည်။

'ကျွန်တော့်ဆရာက ပြောပြထားတာပါ၊ ဆရာဟာ တစ်ချိန်က မိုးအောက်မြေပြင် ဓားဘုရင်လို့ နာမည်ရခဲ့ဘူးပါတယ်'

'ဟင်....မင်းက ဓားဘုရင်ရဲ့တပည့် ဟုတ်လား၊ သူ အခု ဘယ်မှာလဲ၊ သူဟာ ငါတို့ကို အကူအညီအများကြီးပေးခဲ့ဖူးတဲ့ ငါတို့ရဲ့ကျေးဇူးရှင်ပဲ၊ သူနဲ့တွေ့ရမယ်ဆိုရင် ငါတို့ နှုတ်ဆက်ချင်၊ ပြေးတွေ့ချင်တယ်'



ရှောင်ပင်းသည် အဘိုးအိုနှစ်ယောက်အားကြည့်ရင်း သက်ပြင်းချလိုက်၏၊ လှိုက်လှိုက်လဲလဲနိုင်သော ဝေဒနာတရပ် သူ့ရင်ထဲသို့ တိုးဝှေ့ရောက်ရှိလာသည်။

'ဆရာ....မရှိတော့ပါဘူးခင်ဗျာ'

'ဟင်....သူ... သူ'

'ဆရာဟာ ကျွန်တော့်ကို ပညာသင်ပေးနေရင်း ရုတ်တရက် နှလုံးရောဂါဖောက်ပြီး သေဆုံးသွားခဲ့တယ်'

'အဲဒါ ဘယ်လောက်ကြာပြီလဲ ရှောင်ပင်း'

'ရှစ်နှစ်ရှိပါပြီ...ဆရာ့ဆီက သိုင်းပညာအစမှ ပြည့်ပြည့်ဝဝမရခဲ့ပေမယ့် ထက်မြက်သောသမျှသိုင်းပညာနဲ့ သိုင်းလောကထဲဝင်တော့ ပထမအဆင့် သိုင်းသမားအဖြစ်နဲ့နေနိုင်ခဲ့ပါတယ်'

မြင်းလှည်းသမား ဆွေယန်ကြည်က မြင်းလှည်းကို ဘောအုပ်တစ်ခုထဲသို့ မောင်းဝင်ရင်း ရှောင်ပင်းအား ဖျတ်ကနဲ လှမ်းကြည့်သည်။

'ဓားဘုရင်ဆီက ပညာအကုန်ရလိုက်ဘူးကိုး၊ အင်း.... သူက ပညာကုန်မသင်ပေးခဲ့ပေမဲ့လဲ သူမလုပ်ဖြစ်ခဲ့တာကို ငါတို့ ဆက်လုပ်ရမှာပေါ့'

စကားပြောရင်း အဘိုးအိုနှစ်ယောက်က သူ့ပခုံးပေါ် လက်တင်လိုက်၏၊

'အာမခံမပူနဲ့....လူလေး၊ ငါတို့နှစ်ယောက်က တတ်ထားသမျှ သိုင်းပညာ မင်းကို ကုန်အောင်သင်ပေးပါမယ်'

ဆွေကြည်ယန်ထံမှ မမျှော်လင့်သောစကားကို ကြားရသဖြင့် ရင်ထဲမှ လှုပ်ကနဲဖြစ်ပြီး ရှောင်ပင်းပျော်သွားလေသည်။

* * *

အခန်း (၂၀)

**ဒေဝီရန်စွယ်**

ထင်းလုံတို့၏ မြင်းလှည်း တောင်ခြေတစ်ခုသို့ရောက်လာသည်။

မြင်းလှည်းမောင်းလာသော ဆွေယန်ကြည်က တောင်ကွေ့တစ်ခုတွင် မြင်းလှည်းကိုရပ်လိုက်၏၊ သူက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး....

'မိုးချုပ်တော့မယ်၊ ဒီနေရာဟာညအိပ်နားနေဖို့အကောင်းဆုံးနေရာပဲ၊ မင်းအကြံရတဲ့သဘောနဲ့ ထင်းလုံတို့ကိုဆင်းပြောပါ ရှောင်ပင်း'

ရှောင်ပင်းက ဆွေယန်ကြည်အားလှမ်းကြည့်ပြီး ခေါင်း ညိတ်လိုက်သည်၊

ရှောင်ပင်းသည် ချက်ချင်းပင် မြင်းလှည်းပေါ်မှဆင်းမည် ပြုသည်၊ ဆွေယန်ကြည်က ရှောင်ပင်းပခုံးကို လှမ်းကိုင်လိုက် ပြီး....

'နေဦး'

'ဆရာ ဘာမှာဦးမလို့လဲ'

'မင်းငါ့ကို အဲ့ဒီလိုမခေါ်နဲ့၊ ငါတို့က တပည့်ဆရာအဖြစ်နဲ့ လို့ ကြေညာထားတာ....မင်းက ငါတို့ကို ဆရာလို့ခေါ်လို့ မဖြစ်ဘူး....မင်းက ငါတို့နှစ်ယောက်စလုံးကို ဘိုးဘိုးလို့ ခေါ်ပါ'

'ဟုတ် ဟုတ်ကဲ့'

'အခေါ်အဝေါ်မမှားစေနဲ့နော် ဟိုမှာထင်းလုံးတွေအောက် ဆင်းနေကြပြီ မင်းသွားတော့'

ရှောင်ပင်းက ခေါင်းညိတ်ပြပြီး မြင်းလှည်းပေါ်မှ ရိပ်ခနဲ ခုန်ဆင်း၏၊ သူသည် မြင်းလှည်းထဲမှထွက်လာသော ထင်းလုံး တို့နှင့် မျက်နှာချင်းဆိုင်လိုက်၏။

'မြင်းလှည်းကို ဘာဖြစ်လို့ရပ်ခိုင်းလိုက်တာလဲရှောင်ပင်း'

'ဒီနေရာက လုံခြုံစိတ်ချရတဲ့နေရာလို့ မြင်းလှည်းသမား ကြီးကပြောတယ်....အဲဒါကြောင့် ဒီနေရာမှာ ညအိပ်စခန်းချဖို့ အတွက်ရပ်ခိုင်းလိုက်တာ'

'ဒီနေရာမှာ ညအိပ်မယ်ဆိုရင် ဒီအတိုင်းအိပ်လို့မရဘူး တစ်ယောက်တစ်လှည့်ကင်းစောင့်မှရမယ်'



'ဆရာလို့မခေါ်ဖို့ မင်းကို သတိပေးထားတယ်မဟုတ် လား'

'ဟုတ်ကဲ့....ရုတ်တရက်ဆိုတော့ ကျွန်တော်မေ့သွားလို့ပါ ဘိုးဘိုး'

'သိုင်းသမားကောင်းတစ်ယောက်ဖြစ်ချင်ရင် အမြဲသတိရှိ ရတယ်....ဘယ်ကိစ္စကိုမှ အလွယ်တကူ မေ့ပစ်လို့မရဘူး၊ ကိစ္စ တိုင်းကို သတိရှိရှိနဲ့ ကြည့်တတ်မြင်တတ်ရမယ်'

'ဟုတ်ကဲ့ ကျွန်တော်သတိထားပါ့မယ်'

'မင်းအနေနဲ့ အမြဲတန်း ဖျတ်လတ်တက်ကြွနေရမယ်၊ သတိ မြဲနေရမယ်၊ ရန်သူကို ရင်ဆိုင်ဖို့အတွက် အသင့်ဖြစ်နေ ရမယ်'

ရှောင်ပင်းက ဆွေယန်ကြည်၏ ဆုံးမစကားကို ကျိုးနွံစွာ နားထောင်၏၊ ရီဝေချိန်က သိုင်းသမားတစ်ယောက်ထားရ မည့်စိတ်ဓာတ် ရန်သူနှင့်ရင်ဆိုင်စဉ် ထားရမည့်သဘောထား များကို ပြောဆိုဆုံးမသည်၊ သူတို့ပြောဆိုဆုံးမသည့်စကားကို ရှောင်ပင်းက တလေးတစား နားထောင်နေသည့်အခါ ဆွေ ယန်ကြည်တို့နှစ်ယောက်စလုံး ဝမ်းသာသွားကြ၏။

'ပထမဆုံး ကင်းတာဝန်ကို ရီဝေချိန်ကယူပေမယ်၊ ငါတို့နှစ်ယောက်တောင်ပေါ်ကိုတက်မယ်၊ တောင်ပေါ်မှာ နေရာတစ်နေရာရှာပြီး မင်းကိုသိုင်းပညာသင်ပေးမယ်၊ ပြီးရင် ရီဝေချိန်က သိုင်းပညာဆက်သင်ပေးလိမ့်မယ်၊ ငါတို့နှစ် ယောက်ဟာ သိုင်းပညာတစ်မျိုးတည်းကို တစ်ယောက်ကရှေ့ ပိုင်း၊ တစ်ယောက်က နောက်ပိုင်းခွဲပြီး သင်ထားရတယ်၊ ဒါ

ပေမယ့် တစ်ယောက်တတ်ထားတာ တစ်ယောက်ကိုပြန်သင်ပေးမှာဆိုတော့ မင်းအနေနဲ့ နှစ်ကောက်စလုံးရဲ့ သိုင်းပညာကို ရပြီး ထက်မြက်တဲ့သိုင်းကွက်တွေကို သုံးနိုင်လိမ့်မယ်'

ရှောင်ပင်းရှင်မှာ ယိတ်ခနဲခုန်လျက် ဝမ်းသာသွား၏။ ထက်မြက်သော သိုင်းကွက်နှစ်မျိုးကို တတ်ကျွမ်းသူအနေနှင့် ထိပ်တန်းအဆင့် သိုင်းသမားတစ်ယောက်အဖြစ်သို့ ရောက်လာလိမ့်မည်ဟု တွေးမိ၏။

'ကဲ...ရီဝေချိန် မင်းကင်းတာဝန်ကိုယူပါ။ ငါတို့ တောင်ပေါ်ကိုတက်မယ်၊ ငါသင်ကြားလို့ပြီးတဲ့အခါ မင်း သူ့ကို တစ်လှည့်သင်ပေါ့။ ရှောင်ပင်း ငါတို့သွားကြမယ်'

ဆွေယန်ကြည့်သည်မှ ရှေ့မှဦးဆောင်ပြီး တောင်ပေါ်သို့ ပြေးတက်၏၊ ရှောင်ပင်းမှာ နောက်မှထပ်ချပ်ကွာလိုက်ခဲ့၏။

※ ※ ※



တတိယနေ့တွင် ရှောင်ပင်းသို့လူစု ဟူပေပြည် နယ်စပ်သို့ ရောက်လာ၏၊ သူတို့က မြို့ရွာများကိုရှောင်ရှားပြီး ခရီးဆက်၏၊ နယ်စပ်မြို့လေးတစ်မြို့ အနီးမဖြတ်စဉ် ရီဝေချိန်တစ်ယောက် တည်း မြို့ထဲသို့ဝင်ပြီး တစ်ပါတ်စာစားရိပ်ရိက္ခာများဝယ်၏၊ ဈေးဝယ်ရင်းနှင့် သူက သွေးဂိုဏ်း၏မဟာမိတ်ဂိုဏ်းအဖွဲ့များ၏ လှုပ်ရှားမှုကို စုစမ်းခဲ့၏။

ဒေဝီဂိုဏ်း၊ မြေခွေးဂိုဏ်း၊ ကျားရဲဂိုဏ်းနှင့်စွန်မင်းဂိုဏ်းတို့မှ သိုင်းသမားများသည်၊ စု ချန်းပြည်နယ်သို့သွားနေရာမှ ရုတ်တရက်ပျောက်သွားသော ရှောင်ပင်းတို့လူစုအား လိုက်လံရှာဖွေနေကြကြောင်း သတင်းရခဲ့၏။

နယ်စပ်မြို့လေးမှ ခွဲထွက်ခဲ့ပြီး အသိမိုင်ခန့်ခရီးရောက်သဖြင့် ရီဝေချိန်က သူကြားသိခဲ့ရသော သတင်းများကို ရှောင်ပင်းအားပြောပြ၏၊ ရှောင်ပင်းက ချက်ချင်းပင် မြင်းလှည်းအတွင်းမှ လိုက်ပါလာသော ထင်းလုံတို့အားပြန်ပြောပြ၏၊ ထိုအခါ ထင်းလုံက မြင်းလှည်းကို ချက်ချင်းရပ်တန့်ခိုင်းပြီး လူစုံခွဲ၍ ခရီးဆက်ရန် စီစဉ်၏။

'ကျွန်တော်တို့လူစုက အယ်လောက်မှ လူများတာမဟုတ်ဘူး၊ ဒါကို လူစုခွဲမယ်ဆိုရင် တစ်ယောက်စီ ကျားရဲတွင်းထဲ ကိုဝင်သလို ဖြစ်သွားလိမ့်မယ်၊ ကျွန်တော့်သဘောကတော့

လူစုမခွဲချင်ဘူး၊ ပုံစံပြောင်းပြီးတော့ပဲ ခရီးဆက်စေချင်တယ်'

ရှောင်မင်းအား ထင်းလုံ၏ အစီအစဉ်ကို လက်မခံချင်ဟန် မပြော၍၊ ထင်းလုံ တွေခနဲတစ်ချက်ဖြစ်သွားပြီး....

'ဘယ်လို ပုံစံပြောင်းမှာလဲ ညီလေး'

'ကျွန်တော်တို့ မြင်းလှည်းနဲ့ ဆက်မသွားဘဲ ခြေလျင်သွားကြတာပေါ့'

ရှောင်မင်း၏စကားကို ကြားရသည့်အခါ ထင်းလုံပြုံးလိုက်သည်။

'ပြဿနာက ဒါကိုပြောတာပဲ၊ မြင်းလှည်းနဲ့မသွားတော့ဘူးဆိုရင် မြင်းလှည်းသမားရဲ့ မိတ်ဆွေ ရိုဝချိန်လဲအခုကိစ္စနဲ့ မဆိုင်တဲ့လူဆိုတော့ သူ့လမ်းသူသွားမယ်၊ ဒါဆိုရင်အစ်ကိုကြီးတို့လေးယောက်ပဲကျန်မယ်၊ အစ်ကိုကြီးပြောတဲ့လူစုခွဲပေးမယ့်နည်းက ဒီနည်းပဲ'

ရှောင်မင်းသည် ရုတ်တရက်တွင် ထင်းလုံအား မည်သို့ ကန့်ကွက်ပြန်ပြောဆိုရမည်နည်း မသိရှိသွားသည်။ ထင်းလုံသည် ဆွေယန်ကြည်နှင့် ရိုဝချိန်တို့၏ ဘဝမှန်ကိုမသိ၊ သူက မြင်းလှည်းသမားတစ်ယောက်ဟုသာသိထားသော ဆွေယန်ကြည်မှာလည်းကောင်း၊ ရေနဂါးဂိုဏ်းမှ ရန်ငြိုးပွားမှုကိုကြောက်ပြီး လိုက်လာသော ရိုဝချိန်အားလည်းကောင်း၊ လူပိုအဖြစ်နှင့်



လည်အားသဖြင့် လမ်းခွဲရန် လွယ်လွယ်ကူကူ စဉ်းစားလိုက်ခြင်းဖြစ်၏၊ ရှောင်မင်းမှာမူ ရိုဝချိန်တို့အကြောင်းကိုသိရှိပေကသူတို့၏ဘဝပည့်ဘဝကိုရှောက်နေသဖြင့် လမ်းခွဲရန် မစဉ်းစားမိခဲ့ပေ။

သူသည် အဖြစ်မှန်ကိုမပြောနိုင်သဖြင့် ထင်းလုံအစီအစဉ်အတိုင်းလုပ်ရမလိုဖြစ်ပေသည်၊ ထိုအကြောင်းအရာကို ဆွေယန်ကြည်ကိုအ မပြောခင် ဆွေယန်ကြည်က....

'အခုအချိန်မှာ ကျုပ်တို့ခွဲခြားကိုထွက်သွားရင် လူသတ်သမားတွေကို ထင်သလိုသုတ်သင်ခွင့်ပေးလိုက်သလို ဖြစ်သွားမှာပေါ့၊ ကျုပ်က မင်းတို့ကို မြင်းလှည်းနဲ့ လိုက်ပို့ခဲ့တဲ့အတွက် မင်းတို့ရန်သူတွေက ကျုပ်ကိုရန်သူလို့ သဘောထားမှာပဲ ကျုပ်တစ်ယောက်ထဲခွဲထွက်သွားရင် ရန်သူရဲ့အသက်ကို ခံဖို့ရှိသွားနေသလို ဖြစ်သွားလိမ့်မယ်'

'ဦး....ကျွန်တော်တို့နဲ့ မခွဲဘူးလို့ပြောနေတာလား'

'ဟုတ်ပါတယ် ကျုပ်မင်းတို့နဲ့ ခွဲမသွားချင်ဘူး၊ ဒီမြင်းလှည်းကို ရန်သူက မှတ်မိနေတဲ့အတွက် အန္တရာယ် ရှိတာမို့ ဒီမြင်းလှည်းကို ရှေ့ကရွာမှာနေတဲ့ ကျုပ်မိတ်ဆွေ တစ်ယောက်ဆီမှာ ဝင်အပ်ထားမယ်၊ ပြီးတာနဲ့ ကျုပ်မင်းတို့နဲ့ လိုက်မယ်၊ ဒါမှလဲကျုပ်ကြာကြာအသက်ရှင်ခွင့်ရမှာပေါ့'

ဆွေယန်ကြည်က အချက်ကျကျ ဝင်ပြောလိုက်သည်၊ ထိုစကားများကြောင့် ထင်းလုံမှာတွေဝေ ဖြစ်သွား၏။

'တကယ်တော့ကျုပ်က မြင်းလှည်း အငှားလိုက်လာတာ

မင်းတို့နဲ့ကျုပ်ရဲ့ကြားမှာ တခြားဆက်နွယ်မှုတခုမှ မရှိဘူး၊ ဒါကို မနေနဂါးကိုက်သွားတော့က ဂရုစိုက်မှာမဟုတ်ဘူး၊ အကျိုးအကြောင်းပြောပြရင်တောင် လက်ခံမှာမဟုတ်ဘူး၊ သူတို့က ကျုပ်ကိုရန်သူဘက်တော်သားလို့ သတ်မှတ်ပြီး ရန်ရှာမှာပဲ’

ထင်းလုံးသက်ပြင်းချသည်၊ ပြီး ခေါင်းကိုဆတ်ဆတ် ညိတ်လိုက်၏။

‘ဦးပြောတာကိုကျွန်တော်လက်ခံပါတယ်၊ ရှင်းတာရက်ဆိုတော့ ဦးတို့မှာ အန္တရာယ်ရှိမှာကို မစဉ်းစားမိခဲ့ဘူး၊ ဦးပြောသလိုပဲ ဒီမြင်းလှည်းကို တစ်နေရာရာမှာ အပ်ထားလိုက်ပါ၊ ပြီးရင် ဘေးရန်ကင်းတဲ့နေရာထိအောင် ကျွန်တော်တို့နဲ့လိုက်ခဲ့ပါ....’

‘လေ့လောဆယ် ကျုပ်တို့အတွက် ဘေးရန်ကင်းတဲ့နေရာက မင်းတို့နဲ့အတူ ရှိနေတာပဲ၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က နဂါးကြီးဆိုပြီးကျော်ကြားခဲ့တဲ့ မင်းသတင်းကို ကျုပ်ကြားဖူးပါတယ်၊ မတရားမှုကို မုန်းတယ်၊ အားနဲ့သူကိုကူညီတတ်တယ်ဆိုတဲ့ မင်းလိုသိုင်းသမားကြီး တစ်ယောက်ဟာ အခုလို ပေါ့ပေါ့ဆဆစဉ်းစားဆုံးဖြတ်တာမျိုး မလုပ်သင့်ဘူး၊ ရန်သူ ကိုင်ဆိုင်တဲ့အခါ အချက်ကျကျ အကွက်ကျကျစဉ်းစားဖို့လိုတယ်’

ဆွေယန်ကြည်၏စကားကြောင့် ထင်းလုံးမျက်မှောင်ကြုတ် သွားသည်၊ ပြီး နောက်သူက ခေါင်းညိတ်၍....

‘ကျွန်တော်တို့ မေ့ဆသွားတာကို ဝန်ခံပါတယ်၊ အခု အချိန်ရှိတုန်း ဦးလုပ်စရာရှိတာကိုလုပ်ပါ’



‘ရှေ့နားမှာရွာတစ်ရွာရှိတယ်၊ ကျုပ်ကမြင်းလှည်းကို ရွာထဲဝင်အပ်ထားခဲ့မယ်၊ မင်းတို့ကျုပ်ကိုစောင့်နေပါ၊ ရှေ့ဆက်ရမယ့်ခရီးမှာ ကျုပ် မြင်းလှည်းမောင်းပြီး မပို့နိုင်တော့မယ့် စုကျန်းမြို့ရောက်တဲ့ထိ မင်းတို့ကိုလမ်းပြပြီးခေါ်သွားပါမယ်’

ဆွေယန်ကြည်က စကားကိုအဆုံးသတ်ပြီး မြင်းလှည်း ပေါ်သို့တက်လိုက်သည်၊ ထင်းလုံးတို့မှာလည်း မြင်းလှည်း ပေါ်လိုက်တက်၏၊ ထမင်းအိုးတစ်လုံးချက်ခန့် အကြာတွင် မြင်းလှည်းရပ်သွားသည်၊ တောင်ကုန်းအောက်ဘက်တွင် ရွာ တစ်ရွာကိုမတွေ့ရသဖြင့် ထင်းလုံးတို့တတွေ မြင်းလှည်းပေါ်မှ ဆင်းသည်၊ မြင်းလှည်းအမိုးပေါ်မှ လိုက်ပါလာသော ရှီဝေ ချိန်နှင့် ရှောင်မင်းတို့ပါ မြင်းလှည်းပေါ်မှဆင်းသည်၊ ဆွေ ယန်ကြည်က မြင်းလှည်းကို ရွာဆီသို့ ဦးတည်မောင်းထွက် သွား၏။

ထင်းလုံးတို့သည် ဆွေယန်ကြည်ပြန်အရောက်ကို စောင့်ရင်း အသင့်စားနိုင်သော ရိက္ခာခြောက်များဖြင့် နံနက်စာစားကြ သည်၊ သူတို့နံနက်စာစားပြီးချိန်လောက်မှာပင် ဆွေယန်ကြည် ပြန်အရောက်လာသည်၊ သူကချက်ချင်း ခရီးဆက်မည်ဟုပြော ကာ ရှေ့မှဦးဆောင်လျှောက်သည်။

ကွမ်းတစ်ရာညက်ခန့်အကြာတွင် တောင်ကြားလမ်းတစ်ခု သို့ရောက်လာသည်၊ ဆွေယန်ကြည်သည် ရှေ့ဆုံးမှဦးဆောင် ပြီး တောင်ကြားလမ်းထဲသို့ဝင်၏၊ သူတို့လူစုတောင်ကြားလမ်း အလယ်ကိုရောက်တွင် တောင်ကြားလမ်း တစ်ဘက်တစ် ချက်မှ အစိမ်းရောင်ဝတ်ထားသူများ ခုန်ဆင်းလာသည်ကို

တွေ့ရ၏၊ အစိမ်းရောင် ဝတ်စုံရှင်ကိုမှာ ဒေဗီဂိုဏ်းဝင်များ ဖြစ်ပြီး လူတန်း ငါးတန်းဖြင့် လမ်းကို ပိတ်ဆို့လိုက်သည်၊ ကစ်ဆက်တည်းပင် သူတို့အနောက်ဘက်မှ လှုပ်ရှားသံကို ကြားရ၏၊ နောက်သို့လှည့်ကြည့်မိကြစဉ် နောက်ပိုင်းမှ ပိတ်ဆို့ထားသော ဒေဗီဂိုဏ်း ဝင်များအားတွေ့လိုက်ရလေသည်၊

* * *

အခန်း (၂၁)

## လျှို့ဝှက်မိတ်ဆွေ

'မှင်းတို့က ဦးထိအောင်လိုက်ပြီး အနှောင့်အယှက်ပေးနေသလား၊ ဒါလောက် ဇွဲနဲ့ဘဲ ကြိုးကြတာ သွေးဂိုဏ်းချုပ်ရဲ့ သစ္စာခံပီသပါတယ်'

ဒေဗီဂိုဏ်းဝင်များကြားမှ ရှေ့သို့တိုးထွက်လာသော ချူပုန်အား မြင်လျှင်မြင်ခြင်း ဆီယူဟာန်က လှောင်ပြောင်တန်နှင့် ပြောသည်၊

ချူပုန်က ရူးလက်တောက်ပသောမျက်လုံးအစုံနှင့် ဆီယူဟန်အား တစ်ချက်ကြည့်၍....

'ကျွန်မတို့အခုလာတာဟာ ဆေးဂိုဏ်းကိုကိုယ်စားပြုပြီး လာတာမဟုတ်ဘူး၊ ဆေးဂိုဏ်းချုပ်ရဲ့ အမိန့်အတိုင်း နာခံဆောင်ရွက်ဖို့လာတာလဲမဟုတ်ဘူး...၊ ဒေဝီဂိုဏ်းက ကြေးဟောင်းလာတောင်းတာပ!'

ဪ...မင်းတို့က ရှုံးနိမ့်သွားတာကိုမကျေနပ်လို့ တိုက်ခိုက်ဖို့လာကြတာကိုး၊ မင်းတို့နဲ့တိုက်ခိုက်တဲ့အချိန်မှာ ကျုပ်တို့ အသက်ညှာဆုံးသဘောထားခဲ့တယ်ဆိုတာ စဉ်းစားမိရဲ့လား၊ ကျုပ်တို့ဟာ ဒေဝီဂိုဏ်းက မိန်းကလေးတစ်ယောက်ကိုမှ ဒဏ်ရာရအောင်မလုပ်ခဲ့ပါဘူး'

ချူဖုန်က ဆီယူဟန်အားမကြည့်ဘဲ ခေါင်းညိတ်လိုက်သည်၊ သူ၏မျက်လုံးအစုံမှာ ဒေဆွယန်ကြည်တံသို့ ရောက်နေသည်။

'ရှင်တို့သက်ညှာခဲ့တာမှန်ပေမယ့် ကျွန်မတို့ဘက်ကတော့ ရှုံးတာပါပဲ၊ ဒီအရှုံးအတွက် ရှင်တို့ထဲက လူတစ်ယောက်နဲ့ သိုင်းပညာယှဉ်ပြိုင်မယ်၊ ရှင်တို့ထဲက တစ်ယောက်ပဲထွက်ရမယ်၊ ကျွန်မတို့က ညီအစ်မသုံးယောက် စုပေါင်းပြီးတိုက်မယ်၊ ဒီလိုတိုက်ခိုက်တဲ့နေရာမှာ အတွင်းအားမသုံးရဘူး၊ သိုင်းကွက်အရပဲယှဉ်ပြိုင်မယ်'

သင်းလုံနှင့် ဆီယူဟန်တို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်၊ ဒေဝီသုံးဖော်သည် သူတို့နှစ်ယောက်ထဲမှ တစ်ယောက်နှင့်ယှဉ်ပြိုင်လို၍ စကားစနေခြင်းဟု



နားလည်လိုက်၏၊ သူတို့နှစ်ယောက်လုံးသည် သိုင်းကွက်အရဖြစ်စေ အတွင်းအားအရဖြစ်စေ ဒေဝီသုံးဖော်ကို မှုစရာမရှိ။ သို့သော် သူ့ယောက်နှင့်တစ်ယောက် အတွင်းအားမသုံးဘဲတိုက်ခိုက်လျှင် ခက်ခက်ခဲခဲတိုက်ခိုက်ရမည်ဖြစ်ကြောင်း နားလည်လိုက်သည်။

'အတွင်းအားမသုံးဘဲ ယှဉ်ပြိုင်ရမယ်ဟုတ်လား၊ ဒီလိုယှဉ်ပြိုင်တဲ့အတွက် ကျုပ်တို့မှာ ဘာအကျိုးရှိနိုင်မလဲ'

'ကျွန်မတို့က အကျိုးကိုမျှော်ပြီး လာတိုက်ခိုက်တာမဟုတ်ဘူး၊ ကြေးဟောင်းကိုဆပ်ချင်ကြတာ၊ တစ်ခုတော့ ရှင်တို့ကိုကတိပေးထားပါမယ်၊ အခုတိုက်ခိုက်တဲ့အခါ ကျွန်မတို့နိုင်ရင် ရှင်တို့အနေနဲ့ သိကြွားလဲမကျ ဘယ်သူ့ကိုမှလဲမထိခိုက်တဲ့ ကိစ္စတစ်ခုဆောင်ရွက်ပေးရမယ်၊ တကယ်လို့ ရှင်တို့နိုင်သွားရင် ကျွန်မတို့ ဒီဟာနေလှည့်ပြန်သွားမယ်၊ ရှင်တို့ကို ဘယ်တော့မှမနှောင့်ယှက်တော့ဘူးဆိုတာ ကတိပေးတယ်'

ချူဖုန်၏စကားမှာ သာမန်အတိုင်းဆိုလျှင် မထူးခြားလှသော်လည်း အသေအချာစဉ်းစားကြည့်လျှင် လျှို့ဝှက်ချက်တစ်ခုရှိနေသလို ထင်မှတ်ရသည်။

'ရှင်တို့အနေနဲ့ တင်းကင်းကျပ်ကျပ်လိုက်နာရမယ့်စည်းကမ်းချက်တစ်ခုကတော့ အတွင်းအားမသုံးဖို့ပဲ၊ တကယ်လို့

အတွင်းအားထုတ်သုံးမိရင် သုံးမိတဲ့လူအရှုံးလို့ သတ်မှတ်ရမယ်'

ဒေဝီသုံးဖော်သည် သူတို့နှင့် အတွင်းအားမယှဉ်သာ၍ ယခုလိုပြောနေခြင်းဟု သူတို့နားလည်လိုက်သည်၊ ဒေဝီသုံးဖော်နှင့်တိုက်ခိုက်လျှင် သူတို့ရှုံးသွားနိုင်သော်လည်း ကြီးမားသော အန္တရာယ်မျိုး တွေ့မှာမဟုတ်ကြောင်း....၊ အန္တရာယ်ကြီးတစ်ခုနှင့် တွေ့ရမှာမဟုတ်ကြောင်း သူတို့တွေးမိသည်၊

'ကောင်းပြီလေ....မင်းတို့က မဖြစ်မနေတိုက်ခိုက်ချင်တယ်ဆိုရင်လဲ တိုက်ကြတာပေါ့၊ တစ်ခုတော့ ကြိုပြောထားမယ်၊ မင်းတို့ကိုက်ခိုက်ဖို့အတွက် ယှဉ်ပြိုင်ဘက်ရွေးတဲ့အခါ သူ့ကိုတော့မရွေးပါနဲ့၊ သူက အတွင်းအားသုံးပြီး ရင်ဆိုင်ရင်တောင် ဒေဝီသုံးဖော်ကို ယှဉ်နိုင်မှာမဟုတ်ပါဘူး'

ထင်းလုံက သူ့ဘေးနားတွင်ရပ်နေသော ယုန်ကလေးအားလက်ညှိုးထိုးပြပြီး ပြောသည်၊ ချူဖုန်က တစ်ချက် ရယ်လိုက်က....

'စိတ်ချပါ၊ ဒီမမကို ကျွန်မတို့ပြိုင်ဘက်အဖြစ် မရွေးပါဘူး၊ ကျွန်မတို့ရဲ့ပြိုင်ဘက်ဟာ ရှင်တို့ထဲက တစ်ခြားလူတစ်ယောက်ပါ၊ သဘောတူပြီဆိုတာနဲ့ ကျွန်မ အဲဒီလူကို ရွေးထုတ်ပါမယ်'



ထင်းလုံသည် တရားမျှတသောတိုက်ပွဲဆင်နွှဲရန် နောက်မတွန့်သူပီပီ ခေါင်းညိတ်လိုက်၏၊

'ကောင်းပါပြီ၊ မင်းအဆိုပြုတာကို ကျုပ်တို့လက်ခံပါတယ်၊ ကျုပ်တို့အထဲက ကြိုက်တဲ့သူကိုရွေးပါတော့'

ချူဖုန်က လက်ခုပ်သုံးချက်တီးလိုက်သည်၊ သူ့လက်ခုပ်သံပေါ်လာသည်နှင့် မရှေးမနှောင်း အစိမ်းရောင်ဝတ်ဆင်သူများကြားမှ ချူရဲနှင့် ချူရင်တို့ ထွက်လာကြသည်၊ သူတို့က ချူဖုန်၏ဘေးတစ်ဖက်တစ်ချက်တွင် နေရာယူလိုက်ကြသည်၊

'ကျွန်မ လူရွေးမယ်၊ကျွန်မနဲ့တိုက်ခိုက်ရမယ့်လူက ဟောဒီဘဘပဲ'

ချူဖုန်က ရှောင်ပင်း၏ဘေးတွင်ရပ်နေသော ဆွယန်ကြည်အား လက်ညှိုးထိုးပြပြီးပြော၏၊ သူမသည် မည်သို့သော ရည်ရွယ်ချက်ဖြင့် ဆွယန်ကြည်အားရွေးခြယ်လိုက်မှန်းမသိအောင်လည်း ထိုသို့ရွေးချယ်လိုက်ခြင်းကြောင့် ရှောင်ပင်းရင်ဘတ်ထိတ်ခနဲသွားသည်၊ ချူဖုန်တို့သည် ဆွယန်ကြည်နှင့်ပတ်သက်ပြီး အကြောင်းတစ်ခုခုရှိနေလိမ့်မည်ဟု တွေးမိ၏၊

ထင်းလုံတို့ကမူ ရှောင်ပင်းတွေးသကဲ့သို့ မတွေးမိကြပေ၊

ချူဖုန်တို့သည် ...အနိုင်ယူချင်စိတ် များလွန်းသဖြင့် မြင်းလှည်းသမား အဘိုးအိုအား ပြိုင်ဘက်အဖြစ်ရွေးချယ်သည်ဟု နားလည်လိုက်၏၊

'ကျုပ်က မင်းတို့ ရိုးရိုးသားသားသိုင်းပညာပြိုင်ဖို့လာကြတာလို့ထင်နေတာ၊ လက်စသတ်တော့ မင်းကအနိုင်လိုချင်စိတ်နဲ့ ညာဏ်ထင်နေတာကိုး'

ချူဖုန်က ထင်းလုံအား ကုန့်ပြန်ချေပသောစကားမပြောဘဲ ပြုံးနေ၏၊ သူ၏မျက်လုံးအစုံက ဆွေယန်ကြည်အား စိန်ခေါ်ဟန်ဖြင့် ကြည့်နေ၏။

'မင်းတို့က ကျုပ်လိုအဘိုးကြီးနဲ့ ဘာဖြစ်လို့တိုက်ခိုက်ချင်ရတာလဲ၊ ကျုပ် မင်းတို့ကို မနိုင်နိုင်ပါဘူး'

ချူဖုန် ရယ်လိုက်၏။

'ဟန်ဆောင်နေမယ့်အစား ဘဘဆွေယန်ကြည် တိုက်ပွဲဝင်ဖို့ ရှေ့တက်ခဲ့ပါရှင်'

ဆွေယန်ကြည်၏မျက်နှာတွင် အံ့အားသင့်ဟန် ရိပ်ခနဲထင်သွားသည်။

သူက သက်ပြင်းချပြီး ရှေ့ကိုတိုးလိုက်၏။

'နေဦး'

ထင်းလုံသည် ဧဒါသတကြီးအော်ဟစ်တားဆီးရင်း ရှေ့တိုးလာသည်။

သူက နီရဲသောမျက်လုံးအစုံဖြင့် ချူဖုန်အားကြည့်လိုက်သည်။



'မင်း ဘာဖြစ်လို့ ဒါလောက်ယုတ်မာရတာလဲ၊ ဒီအဘိုးကြီးက မြင်းလှည်းသမားပါ၊ မင်းတို့ကို ဘယ်လိုမှမယှဉ်နိုင်ပါဘူး'

ချူဖုန် ရယ်လိုက်သည်။

'ရှင်က ထိပ်တန်း သိုင်းပညာရှင်တစ်ယောက်ဖြစ်ပြီး ဒါလောက်တောင် ညံ့ဖျင်းရသလား၊ ဒီမြင်းလှည်းသမားကြီးဟာ ဘယ်သူလဲဆိုတာ ရှင်မသိဘူးမဟုတ်လား'

ထင်းလုံအံ့အားသင့်သွားသည်၊ ဆွေယန်ကြည်အား မျက်မှောင်ကြုတ်ပြီး လှမ်းကြည့်၏၊ ဆွေယန်ကြည်သည် ထိပ်တန်းသိုင်းပညာရှင်ကြီးတစ်ယောက် ဖြစ်လိမ့်မည်ဟု သူမထင်ခဲ့ပေ၊ သူက ဆွေယန်ကြည်အား အကဲခတ်နေစဉ် ချူဖုန်၏ ချောင်းဟန့်သံပေါ်လာသည်။

'ဘဘဆွေယန်ကြည် ဆက်ပြီးဟန်ဆောင်ဦးမလို့လား....၊ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်က အရက်မူးသိုင်းသမားဆိုပြီး ကျော်ကြားခဲ့တဲ့လူရဲ့ သိုင်းပညာကို ကျွန်မတို့လေ့လာပါရစေ'

ဆွေယန်ကြည် သက်ပြင်းချလိုက်၏၊ သူ့အနေနှင့် ဆက်ပြီး ဟန်ဆောင်နေ၍မရတော့ကြောင်း၊ ဧဝီသုံးဖော်အား မတိုက်ခိုက်ဘဲနေ၍ မရတော့ကြောင်း နားလည်သဘောပေါက်လာ၏။

'ကောင်းပြီ....မင်းတို့က သိပ်ပြီးတိုက်ခိုက်ချင်တယ်ဆိုရင်လဲ တိုက်ခိုက်ရတာပေါ့၊ မင်းတို့သုံးယောက် ကျုပ်ကို ဘယ်လိုတိုက်မှာလဲ၊ တိုက်ကြပါ၊ ကျုပ်အဆင်သင့်ပဲ'

ဆော့ယန်ကြည်က ဒေဝီသုံးဖော်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

ဒေဝီသုံးဖော်သည် ဖိုခနောက်ဆိုင်အနေအထားဖြင့်ရပ်နေရာမှ ဆော့ယန်ကြည်ထံ တစ်ပြိုင်နက်တည်းပြေးဝင်လာကြလေသည်။

* * *



ဒေဝီသုံးဖော်၏တိုက်ကွက်များသည် ကမ်းစပ်ကိုအဆက်မပြတ်ရိုက်ခတ်နေသော ပင်လယ်လှိုင်းလုံးများပမာ ဆော့ယန်ကြည်အား ပိတ်ဆို့တိုက်ခိုက်လာ၏၊ သူက ရှောင်တိမ်းခြင်းမပြုဘဲ ဒေဝီသုံးဖော်၏တိုက်ကွက်ကြားသို့တိုးဝင်လိုက်သည်၊ ဒေဝီသုံးဖော်တိုက်ကွက်က သူ့အားထိခိုက်ခြင်းမရှိ၊ ဆော့ယန်ကြည်မှာ တိုက်ပွဲစည်းအပြင်ဘက်သို့ ရောက်သွားသည်။

ဒေဝီသုံးဖော် နောက်ကိုပြန်လှည့်လိုက်ကြသည်၊ ချူဖုန်သည် ဖိုခနောက်ဆိုင်အနေအထားမှ ခွဲထွက်ကာ ရှေ့တိုး၍ရပ်လိုက်ပြီး....

'ဘဘကို ကစ်ခုပြောစရာကျန်သေးတယ်'

'ပြောပါ....မင်းဘာပြောချင်လို့လဲ'

'ကျွန်မတို့က သိုင်းကွက်ဆယ်ကွက်ပဲတိုက်မယ်၊ ဆယ်ကွက်ပြည့်လို့ ဘဘကိုမနိုင်ရင် ကျွန်မတို့အရှုံးလို့ သတ်မှတ်ပါ....'

သူ၏မျက်နှာထား တင်းသွားညှိဆဲ၊ သူမ၏စကားက သူ့ကို စော်ကားသည့်စကားဟု သဘောပေါက်ပြီး ဒေါသဖြစ်သွား၏။

'မင်းတို့က ကျုပ်ကို ဆယ်ကွက်အတွင်းမှာ အနိုင်ယူမယ်

ပေါ့ ဟုတ်လား၊ တိုက်ကြစမ်း....ကျုပ်အကျီစကိုထိရင်ကျုပ် အရှုံးပေးမယ်'

သူတို့သုံးယောက် နေရာမှပြေးထွက်၏၊ သူတို့၏လှုပ်ရှား ဟန်က တိုက်ပွဲဝင်မည့်ပုံစံမျိုးမဟုတ်၊ လိပ်ပြာလေးများပျံ သည့်ပမာ ရှေ့ကိုတိုးထွက်သွား၏၊ အဝါရောင်၊ အနီရောင်၊ အစိမ်းရောင် ဝတ်စုံများဝတ်ဆင်ထားသဖြင့် ရောင်စုံလိပ်ပြာ များ ပျံဝဲသည့်ပမာရှိနေ၏၊

သူတို့သုံးယောက် ဖော်ထုတ်လိုက်သည့် သိုင်းကွက်ကို တွေ့မြင်ရသည့်အခါ ဆော့ယန်ကြည် ကြောင်အမ်းအမ်းဖြစ် သွား၏၊ သူတို့၏ဘိုက်ကွက် သူ့ကိုထိကာနီးတွင် ရုတ်တရက် သတိဝင်လာပြီး ပခုံးတစ်ချက်လှုပ်ကာ ရှောင်သည်၊ ရှောင် တိမ်းရင်းနှင့် သူ့နှုတ်မှ....

'အမိုက်မဦးစိုက်သိုင်းကွက်ပါလား၊ ဟေ့.... မင်းတို့ ဘယ်သူတွေလဲ၊ မင်းတို့ဆရာက ဘယ်သူလဲ'

သူတို့သုံးယောက် နောက်ကိုတစ်ပြိုင်နက် တန်ပြန်ဆုတ် သည်။

'ပထမ တစ်ကွက်ပြီးသွားပြီ၊ အခု ဒုတိယသိုင်းကွက်လာ ပြီ....'



သူတို့သုံးယောက် နေရာပြောင်းလိုက်ကြလည်း ဝါနီပြာ အရောင်များ လှုပ်ရှားသွားသည်၊ သူတို့၏ လက်သွယ်သွယ် လေးများက ကာကွက်တစ်ကွက်ကို ဖော်ဟန်လှုပ်ရှားလာ သည်။

ဆော့ယန်ကြည် ဒုတိယအကြိမ် ကြောင်အန်းသွားသည်၊ သူတို့၏ဒုတိယသိုင်းကွက်မှာ အားမာန်ပါလျှင် ကြောက်စရာ ကောင်းဆုံးသိုင်းကွက်ဖြစ်၏၊ ယခု အားမာန်မပါဘဲတိုက် ခိုက်လာသည်ကိုပင် ဆော့ယန်ကြည် အမောတကောရှောင် တိမ်းရသည်။

'အပြစ်ဝန်ခံ'

သူတို့နှုတ်မှ အော်ဟစ်ကြသည်၊ ပြီးနောက် သူတို့က သိုင်း ကွက်ငါးကွက်ကို ဆက်တိုက်ထုတ်ကာ တိုက်ခိုက်၏၊ သိုင်း ကွက် တစ်ကွက်ထုတ်ပြီးတိုင်း သူတို့နှုတ်မှ သိုင်းကွက်အမည် ကို ထုတ်ဖော်အော်ဟစ်သည်။

ဆော့ယန်ကြည်သည် ဘယ်ယိမ်းညာနွဲ့နှင့် ရှောင်သည်၊ ရှောင်တိမ်းရင်း နောက်ဆုံးသိုင်းကွက်သို့ရောက်လာ၏၊ ဘေးမှ ကြည့်နေသော ရီဝေချိန်က....

'အမျက်ခပြဝန်ချ ဆော့ယန်ကြည်၊မင်းက ကျေနပ်ခွင့်လွှတ် သိုင်းကွက်ကိုသုံး'

လက်အုပ်ချီထားသည့် လက်သွယ်သွယ်လေးများ သူ့ထံသို့ တိုးဝင်လာသည်၊ သူက လက်သုံးစုံကို သူ့လက်ဖြင့် အုပ်ကိုင်လိုက်၏၊ သူတို့၏လက်များကိုကိုင်ထားရင်း အရိပ်သဏ္ဍာန် အမျိုးမျိုးသင်နေသော မျက်နှာနှင့် သူတို့အားကြည့်သည်၊

'မင်း....မင်းတို့ဘယ်သူတွေလဲ'

'ကျွန်မတို့ ဘဘကိုရှုံးသွားပါပြီ'

'မင်း....မင်းတို့'

'ဘဘက ကျေနပ် ခွင့်လွှတ်နဲ့အကြောင်း ဆရာ့ကို ပြန်အကြောင်းကြားလိုက်ပါမယ်'

မိန်းကလေးသုံးယောက်က သူတို့၏လက်များကို ဆွဲယူရုန်းထွက်လိုက်သည်၊ တစ်ပြိုင်နက်တည်းပင် သုံးယောက်စလုံးနောက်ကို လျင်မြန်စွာဆုတ်သွားကြ၏။

'ဟိတ်....ကောင်မလေးတွေ နင်တို့ဘယ်သူလဲဆိုတာ ငါသိတယ်၊ နင်တို့ဆရာကိုပြောလိုက် တစ်ချိန်က တိမ်တောင်သုံးဖော်ဆိုတဲ့ မောင်နှမတွေရှိခဲ့ဖူးတယ်၊ ခွဲခွာနေတဲ့မောင်နှမတွေပြန်ဆုံရင် သိပ်ပျော်ဖို့ကောင်းလိမ့်မယ်လို့'

ဆွေယန်ကြည် ခင်းမောတွေဝေနေစဉ် ရီဝေချိန်က ဝင်ပြောလိုက်သည်၊ ချူဖုန်တို့က ရီဝေချိန်အား အကဲခတ်ဟန်ဖြင့်လှမ်းကြည့်ကြ၏။

'ဒါထက် ဘဘက'

'ငါ့နာမည် ရီဝေချိန်လို့ခေါ်တယ်၊ ငါပြောတဲ့ စကားတွေ စန်းဖင်းမေကို သေသေချာချာပြန်ပြောလိုက်'

'ဟုတ်ကဲ့ ကျွန်မတို့ပြန်ပြောလိုက်ပါမယ်'



စကားဆုံးသည်နှင့် ချူဖုန်တို့က ရီဝေချိန်အား လက်နှစ်ဘက်ဆုပ်ကာ ဂါရဝပြုပြီး နောက်ကို လျင်မြန်စွာ ခုန်ဆုတ်သွားကြသည်၊ ချူဖုန်မှာနောက်ဆုံးမှ ဆုတ်ခွာသွားသူ ဖြစ်ပြီး ဆုတ်ခွာမသွားခင်တွင် ရှောင်ပင်းကို အဓိပ္ပာယ်လေးနက်သောအကြည့်ဖြင့် တစ်ချက်ကြည့်သွား၏။

ချူချင်၏အကြည့်သည် ရှောင်ပင်းအား ရင်တသိမ့်သိမ့်ခုန်သွားစေသည်၊ အကြည့်လေး တစ်ကြည့်နှင့် သူ့ရင်တစ်ပြင်လုံးသွက်သွက်ခါသွားသည်။

ချူဖုန်တို့တတွေ ဆုတ်ခွာသွားပြီး တောင်ကြားလမ်းကို ပိတ်ဆို့ထားသော ဒေဝီဂိုဏ်းဝင်များနှင့် ပူးပေါင်းမိသွားသည်၊ သူတို့အားလုံး ရှောင်ပင်းတို့ရှိရာဘက်သို့ လှည့်၍လက်နှစ်ဘက်ဆုပ်ကာ ဂါရဝပြု၏၊ ပြီး တောင်ကြား တစ်ဖက်ရှိ တောင်ပေါ်သို့ လျင်မြန်စွာ ပြေးတက်သွားကြသည်။

ဒေဝီဂိုဏ်းဝင်များ မြင်ကွင်းထဲမှပျောက်ကွယ်သွားသည်၊

ဆွေယန်ကြည်က အဖြေမပေး၊ စဉ်းစားဟန်ဖြင့် တွေဝေသွားသည်၊ သူတွေဝေနေစဉ် ထင်လုံတို့တတွေ အနားကို ရောက်လာကြသည်၊ ထင်းလုံက ဆွေယန်ကြည်ကို ရီဝေချိန်တို့အား ဂါရဝပြုလိုက်ပြီး....

'ဆရာကြီးတို့ကို ကျွန်တော်ထင်းလုံ ဂါရဝပြုပါတယ်၊ ဆရာကြီးတို့ကို ဘယ်သူဘယ်ဝါဆိုတာ သိရတဲ့နောက် ဆရာကြီးတို့ဟာ အခုလိုခရီးမှာ ကျွန်တော်တို့ကို အကူအညီပေးချင်လို့ လိုက်လာတယ်ဆိုတာ နားလည်ပါတယ်၊ ဒီအတွက်

ကျေးဇူးတင်လို့မဆုံးပါဘူး၊ သွေးဂိုဏ်းကို ရင်ဆိုင်ရမည့်ကိစ္စ ပြီးတဲ့ထိ ကျွန်တော်တို့ကို ကူညီပါလို့ မေတ္တာရပ်ခံပါတယ်

ဆွေယန်ကြည်၏ မျက်နှာတွင် အပြောင်းအလဲ တစ်ချက်ပေါ်သွားပြီး ခေါင်းညိတ်လိုက်သည်၊ ရှီဝေချိန်ကလည်း ဆွေယန်ကြည်ကဲ့သို့ပင် ခေါင်းညိတ်ပြလိုက်လေ၏။

❋ ❋

## အခန်း (၂၂)

## မြန့်လည်ဆုံတွေ့စဉ်

ဗေဝီသုံးဖော်နှင့် တွေ့ဆုံခဲ့ပြီးနောက် ရှောင်ပင်းတို့လူစုံသုံးရက်လုံးလုံး ခရီးပြင်းနှင်ခဲ့ကြသည်၊ သူတို့ကဖြတ်လမ်းကို အသုံးပြုခဲ့သဖြင့် လမ်းခရီးတစ်လျှောက်လုံးတွင် တားဆီးမည့်သူ၊ ရန်ရှာမည့်သူ တစ်စုံတစ်ယောက်ကိုမျှမတွေ့ရ။

ဆွေယန်ကြည်သည် မြင်းလှည်းသမားအဖြစ် အသက်မွေးဝမ်းကျောင်းခဲ့သူပေပီ လမ်းကျွမ်းသည်၊ အသုံးပြုသူမရှိသလောက်ဖြစ်သော လမ်းကြမ်းမှ ဖြတ်သန်းခဲ့ရသည့်တိုင် ရှောင်ပင်းတို့မှာ ပင်ပန်းနွမ်းနယ်သည်ဟူ၍ မရှိ၊ လမ်းတစ်

လျှောက်လိုးတွင် ယုန်ကလေးက ရှောင်ပင်းတို့အား ဆေးတစ်မျိုးပြီးတစ်မျိုးတိုက်သည်၊ အချို့ဆေးများမှာ ရှားပါးသော အားဆေးများဖြစ်ပြီး ပင်ပန်းနွမ်းနယ်သမှုကို ပြေစေသည်။

တတိယနေ့ ညနေတွင် သူတို့တတွေ စုကျန်းမြို့ အနီးသို့ ရောက်သည်၊ သူတို့သည် မြို့ တွင်းသို့ ချက်ချင်းမဝင်ကြဘဲ မြို့ပြင်တောင်ကုန်းတစ်ခုတွင် ခေတ္တနားသည်။

'သွေးဂိုဏ်းကလူတွေ မုယုံခြံဝင်းကို စောင့်ကြည့်နေမှာသေချာတယ်၊ ကျုပ်တို့ရောက်သွားတာနဲ့ သူတို့ချက်ချင်းသတင်းရမှာပဲ ခြံဝင်းထဲကို ဘယ်နည်းနဲ့ပဲဝင်ဝင်သူတို့မသိဘဲနေမှာမဟုတ်ဘူး'

ဆီယူတန်က မြို့ဆီသို့လှမ်းမျှော်ကြည့်ရင်းမှပြောသည်၊

'ကျွန်တော်တော့ မုယုံခြံဝင်းထဲကို ပြောင်ကျကျဝင်သွားတာ အကောင်းဆုံးလို့ထင်တယ်၊ သွေးဂိုဏ်းက အနှောင့်အယှက်ပေးနေတယ်ဆိုတာ သိနေပြီပဲ....၊ ပုန်းလျှိုးကွယ်လျှိုးလုပ်နေစရာမလိုပါဘူး၊ ခြံဝင်းထဲကို ပြောင်ကျကျဝင်သွားရင် ရန်သူတွေ နောက်တွန့်သွားကြလိမ့်မယ်၊ မုယုံခြံဝင်းကိုလာပြီး ထိပါးတာမျိုး လုပ်ရဲတော့မှာမဟုတ်ဘူး'

'ကျုပ်တို့ရောက်တဲ့အချိန်မှာ မုယုံခြံဝင်းကို လာပြီးထိ



ပါးရင် ကျောင်းမှန်ကန်မှန်းသိအောင် ဆုံးမလိုက်ကြတာပေါ့'

အပြန်အလှန်စကားကို နားထောင်နေသည့် ရီဝေချိန်က ဝင်ပြော၏။

'အချိန်ရှိတုန်း ကျွန်တော်တို့ မြို့ထဲကိုဝင်ကြရအောင်'

ထင်းလုံသည် သူ့ဆန္ဒကိုပြော၍နေရာမှထသည်၊ ရှောင်ပင်းတို့တတွေလည်း အနားယူရင်းထိုင်နေကြရာမှ ထလိုက်ကြသည်၊ မုယုံခြံဝင်းထဲသို့ မရောက်ဖူးထားသော ဆီယူတန်က ရှေ့မှဦးဆောင်၍ မြို့ထဲသို့ဝင်သည်။

စုကျိုးမြို့၏ညနေခင်းသည် စည်စည်ကားကားလှုပ်လှုပ်ရှားရှားရှိနေ၏၊ ရှောင်ပင်းတို့သည် လူစည်ကားသော မြို့လယ်လမ်းမှတစ်ဆင့် မုယုံခြံဝင်းသို့ ရောက်လာကြသည်။

မုယုံခြံဝင်း၌ လုံခြုံရေးအတွက် အစီအစဉ်တွေ တင်းကျပ်စွာချမှတ်ထားသည်၊ ခြံဝင်းအဝင်ဝတွင် အစောင့်လေးယောက်ရှိ၏၊ ကင်းသမားများသည် ဆီယူတန်အားသိနေကြသော်လည်း ရုတ်တရက်ဝင်ခွင့်မပေးဘဲ စစ်ဆေးမေးမြန်းကြသည်၊ ကင်းသမားတစ်ယောက်က မုယုံခြံဂေဟာသို့ဝင်၍ အကြောင်းကြားသည်၊ တစ်ခဏအကြာတွင် ကင်းသမားနှင့်

အတူ သူငယ်တစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ရောက်လာသည်၊ လူငယ်မှာ ကောင်းလီဖြစ်ပြီး မိန်းကလေးမှာ ဆီယန်းပင်တို့ဖြစ်လေသည်၊ သူတို့က ခြံဝင်းရှေ့တွင် ရောက်နေသော ရှောင်ပင်းတို့လူစုအား ဂါရဝပြုကြ၏၊ ပြီး ဆီယန်းပင်က သူ့ဖခင်အနီးသို့လျှောက်လာ၍....

'ဖေဖေတို့ ခရီးဝေးကလာခဲ့ကြဘာသား'

ဆီယူဟန်က သမီးဖြစ်သူ၏ပခုံးကိုလှမ်းကိုင်၍ ခေါင်းညိတ်ပြသည်။

'ဖေဖေတို့ အတော်ဆိုးသမားဘော်တစ်ယောက်ကို ခေါ်လာတယ်၊ ကောင်းလီ...မင်းရဲ့အမေ နေကောင်းတယ်မဟုတ်လား'

ကောင်းလီက ခေါင်းညိတ်ပြသည်၊ ၎င်းသူ့မျက်လုံးအစုံက ဆီယူဟန်နှင့် အတူပါလာသူများအား အကဲခတ်ကြည့်နေ၏၊ ဆီယူဟန်ကပြုံး၍....

'ညီလေးထင်းလုံ.... ဒီသူငယ်လေးရဲ့နာမည်က မုယုံ ကောင်းလီလို့ခေါ်တယ်၊ မုယုံချင်းရဲ့သားပေါ့'

'မုယုံချင်းရဲ့သား ဟုတ်လား'



ထင်းလုံက စိတ်လှုပ်ရှားသွားဟန်ဖြင့်မေးသည်၊ ဆီယူဟန်က ခေါင်းညိတ်ပြ၏၊ ထင်းလုံသည် လှုပ်ရှားရန် မေ့လျော့သွားသည့်ပမာ ကောင်းလီအား ငေးကြောင်တွေဝေစွာကြည့်သည်၊ ယုန်ကလေးက ပြုံးရွှင်ချိုကာသောဟန်အရာနှင့် ကောင်းလီ၏ရှေ့တွင်ရပ်လိုက်၏၊ သူက ယောကျ်ားပီသချောမောသော ကောင်းလီကို စူးစူးစိုက်စိုက်ကြည့်ပြီး....

'လူလေး....မင်းအဖေဘယ်သူလဲဆိုတာ သိရဲ့လား'

ကောင်းလီ ခေါင်းညိတ်ပြသည်၊

'ဟုတ်ကဲ့....သိပါတယ်၊ ကျွန်တော့်အဖေက နဂါးကြီးထင်းလုံပါ၊ ဒါပေမယ့် အဖေ့ကို ကျွန်တော် မမြင်ဖူးပါဘူး၊ ကျွန်တော့်အဖေဟာ ကျွန်တော် မမွေးခင်ကတည်းက ပျောက်ဆုံးသွားတယ်လို့ မေမေကပြောပါတယ်'

'သူက လူအိုးတစ်ယောက်နဲ့တူတယ်၊ မင်းတို့သားအမိကို ပစ်ပြီး ထွက်ပြေးသွားတာဖြစ်မှာပေါ့'

ယုန်ကလေး၏စကားကြောင့် ပြုံးနေသော ကောင်းလီ၏မျက်နှာ တည်သွားသည်၊

'ဒေါ်ဒေါ်ဟာ ဘယ်သူလဲဆိုတာ ကျွန်တော်မသိဘူး၊ ဘဘဆီယူဟန်နဲ့အတူလာတဲ့အတွက် အဆင့်မြင့်သိုင်းပညာ

ရှင်တစ်ယောက် ဖြစ်မယ်ထင်ပါတယ်၊ အခု ဒေါ်ဒေါ်ပြော လိုက်တဲ့စကားက ကျွန်တော့် အဖေကိုစော်ကားတဲ့စကားတွေ ဖြစ်နေပါတယ်၊ ဒေါ်ဒေါ့် အနေနဲ့ ဒီလိုမပြောပါနဲ့လို့ ကျွန်တော်မေတ္တာရပ်ခံပါတယ်'

'ဒေါ်ဒေါ် မင်းအဖေကို မကောင်းပြောနေတာ မဟုတ်ပါဘူး၊ မင်းအနေနဲ့ အဖေအပေါ် ဘယ်လိုသဘောထား သလဲဆိုတာသိချင်လို့ စကားစတာပါ'

ကောင်းလီ မျက်မှောင်ကြုတ်လိုက်သည်။

'အဖေကို ဘယ်လိုသဘောထားရမလဲ၊ ကျွန်တော့် အနေနဲ့ အဖေကို အဖေလို့ပဲ သဘောထားပါတယ်'

ယုန်ကလေးက ထင်းလုံအား ဖျတ်ခနဲလှမ်းကြည့်၏၊ ထင်းလုံမှာ အံ့ဩခြင်း၊ ကြေကွဲခြင်း၊ ကြည်နူးခြင်း စသည့်ခံစားချက်အစုံစုံ ပေါ်လွင်နေသောအကြည့်ဖြင့် ကောင်းလီအား ကြည့်နေသည်။

'မင်းအဖေကို မင်းမတွေ့ချင်ဘူးလား လူလေး'

ကောင်းလီ ကိုယ်ဆတ်ခနဲ တုန်သွားသည်၊ သူက စူးစမ်းဟန်ဖြင့် ယုန်ကလေးကိုကြည့်၏၊ ပြီး ခေါင်းကိုခပ်သွက်သွက် ညိတ်လိုက်၏။



'တွေ့ချင်ပါတယ် ...ကျွန်တော် မွေးကတည်းက အဖေနဲ့ မတွေ့ခဲ့ရတော့ အခုအချိန်မှာ တွေ့ရမယ်ဆိုရင် ကျွန်တော် လောက်ဝမ်းသာတဲ့လူ ရှိမယ်တောင်မထင်ဘူး၊ ဒေါ်ဒေါ်က ကျွန်တော့် အဖေရှိတဲ့နေရာကို သိလို့လား'

'သိရုံမကဘူး ဒေါ်ဒေါ်က မင်းအဖေကို မင်းတို့ဆီ ပြန်ခေါ်လာပါတယ်....အစ်ကို အစ်ကို့သားကို နှုတ်ဆက်လိုက်ပါဦး'

ယုန်ကလေးက ထင်းလုံဘက်သို့လှည့်ပြောသည်၊ ထင်းလုံက ကောင်းလီအနီးသို့ တိုးကပ်၏၊ သူသည် ကောင်းလီအား ချစ်ခင်ခြင်း၊ ဂရုဏာသက်ခြင်းတွေ ရောယှက်နေသောအကြည့်ဖြင့်ကြည့်၏။

ကောင်းလီကလည်း အံ့ဩဝမ်းသာစိတ်ဖြင့် ထင်းလုံအား ကြည့်၏၊ ပီရိပြတ်သားဟန်ရှိသော သူ့နှုတ်ခမ်းပါးများမှာ တဆတ်ဆတ်တုန်လာ၏။

'သား'

ထင်းလုံ၏နှုတ်မှ တုန်ယင်လှိုက်လှဲစွာ ခေါ်လိုက်သံက ထွက်လာ၏၊ တဆက်တည်းပင် သူ့လက်နှစ်ဖက်က ကောင်းလီ၏ပ ုးကိုဆုပ်ကိုင်လာ၏။

'ဖေဖေ'

လှိုက်လှဲစွာခေါ်လိုက်သံနှင့်အတူ ကောင်းလီက ထင်းလုံ၏ရင်ခွင်ထဲသို့ တိုးဝင်လိုက်သည်၊ ထင်းလုံက အားကောင်းမောင်းသန် ယောကျ်ားကြီး တစ်ယောက် ဖြစ်နေသော ကောင်းလီအား ကြည့်ရင်း ဝမ်းသာစိတ် ဂုဏ်ယူစိတ်တွေ

လှုပ်ရှားလာ၏။

'ငါ့သားကြီးတောင် ဒီအရွယ်ကို ရောက်နေပြီကိုးကွ... ဖေဖေ စိတ်ထဲမှာ ဒီနေ့ ထုတ်ဖော်ပြောလို့မရအောင် ဝမ်းသာမိတယ်....သားကို အခုလိုတွေ့ရတဲ့အတွက် ဖေဖေ သေမယ်ဆိုရင်တောင် သေပျော်ပါပြီ'

ကောင်းလ္ဘက သူ့ဖခင်ထင်းလုံအား ဖျတ်ခနဲမော့ကြည့်လိုက်သည်။

'သေမယ်ဆိုတဲ့စကားကို မပြောပါနဲ့ဖေဖေ၊ ကျွန်တော်တို့ သားအဖ အခုမှတွေ့ရတာ ပျော်ပျော်နေပါရစေဦး....ဒီအချိန်မှာ သေမယ်ဆိုတာကို စကားအဖြစ်နဲ့တောင် မပြောပါနဲ့'

'ဟား....ဟား....သားက ပျော်ပျော်နေမယ်လို့ ပြောနေတယ်....မင်းအမေက အနေဖ့ကိုတွေ့ရင် သတ်မှတ်ချင်မလားမသိဘူး၊ ဖေဖေကသူ့ကိုမေ့တယ်ဆိုပြီး စိတ်အနာကြီးနာနေလိမ့်မယ်ထင်တယ်'

ထင်းလုံက စိုးရိမ်မကင်းသောလေသံဖြင့်ပြော၏၊ ကောင်းလ္ဘက ခေါင်းတစ်ချက်ခါပြီး ...

'မေမေ့အပေါ်အဲသလိုထင်ရင် ဖေဖေမှားသွားလိမ့်မယ်၊ မေမေက ဖေဖေ့မှာ ခိုင်လုံတဲ့အကြောင်းရှိလို့ အခုလိုထွက်သွားတာလို့ ယုံကြည်နေတယ်၊ ဖေဖေ့ကိုအပြစ်မြင်တဲ့စကားမျိုးတောင် မေမေမပြောဖူးဘူး'

'ဒါ တကယ်ပဲလား သား'



'ဖေဖေ အခုပဲ မေမေနဲ့တွေ့မှာပါ၊ ပြန်တွေ့တာနဲ့ မေမေ့သဘောထား ဘယ်လိုရှိသလဲဆိုတာ ဖေဖေသိသွားမှာပါ'

ကားဖြစ်သူနှ အပြန်အလှန် စကားပြောနေရင်းမှ ထင်းလုံသည် ယုန်ကလေးကို အားကုန်အားနာဖြစ်ဟန်နှင့် လှမ်းကြည့်လိုက်၏၊ ယုန်ကလေးသည် ဓာနာသောက်ထားဟန်နှင့် ငြိုးငြိုး....

'ကျွန်မတို့ခြံထဲကိုဝင်ကြရအောင်၊ ဒီနေရာဟာ မလုံခြုံဘူးလို့ ကျွန်မစိတ်ထဲထင်လာတယ်'

'ကျွန်တော်လဲ ဝမ်းသာနေတာနဲ့ ဖေဖေတို့ကိုဖိတ်ခေါ်ဖို့ မေ့သွားတယ်၊ အထဲကိုဝင်ကြပါ'

ကောင်းလ္ဘသည် ရှေ့မှဦးဆောင်ပြီး ခြံဝင်းအတွင်းရှိ မုယုံမိသားစုနေအိမ် ဝင်၏၊ အိမ်ရှေ့သို့အရောက်တွင် အပြင်သို့ထွက်ပြီး ကြိုဆိုနေသော အိမ်ဖော်ဆိန်းကြီးကိုတွေ့လိုက်ရသည်။

* * *

'သခင်လေး သူတို့က'

မေးခွန်းထုတ်မည်ပြင်နေသော အိမ်တော်ထိန်းကြီးမှာ ဆီယူဟာန်ကိုတွေ့သွားပြီး ယခုရောက်လာသူတို့နှင့်ပတ်သက်၍ နားလည်သဘောပေါက်သွား၏။

'ဧည့်သည်တွေပါလာလို့....ကျွန်တော်ကို မေမေ့ဆီကို သွားကြမယ်၊ ဘဘဆီယူဟာန်က မေမေ့ဝေဒနာကုဖို့ သမားတော်ပင့်လာတယ်'

အိမ်တော်ထိန်းကြီးက ထင်းလုံတို့ကို ဖျတ်ခနဲလှမ်းကြည့်၏၊ သူသည် အသက်အကြီးဆုံးဖြစ်သော ဆွေယန်ကြည့်နှင့် ရီဝေချိန်တို့နှစ်ယောက်အနက် တစ်ယောက်သည်သမားတော်ကြီးဖြစ်လိမ့်မည်ဟု ထင်မြင်ယူဆ၏၊ သူက မျက်နှာချိုသွေးဟန် တစ်ချက်ပြုံးပြီး....

'ကြွပါ၊ အထဲကိုဝင်ကြပါ၊ သခင်မကြီးက ဧည့်သည်တော်တွေကိုတွေ့ရင် သိပ်ဝမ်းသာသွားပါလိမ့်မယ်'

အိမ်တော်ထိန်းကြီးက စကြံလမ်းတစ်ခုအတိုင်း ဦးဆောင်ပြီး လျှောက်၏၊ ထောင့်ချိုးတစ်ခုကို ချိုးကွေ့လိုက်သည်နှင့် ကျယ်ဝန်းသောဧည့်ခန်းဆောင်သို့ရောက်၏။

ဧည့်ခန်းဆောင်၌ မုယုံချင်းနှင့်အတူ ခေါ်ရဲတိုက်သခင်မနှင့် ကျင်းဝိတ္တိုဇနီးမောင်နှံပါ ရှိနေ၏၊ သူတို့သည် ဧည့်ခန်းဆောင်သို့ဝင်လာသူများအား စူးစူးစမ်းစမ်းလှမ်းကြည့်ကြ၏၊ ထင်းလုံ ဟိုသူများကြားမှ ကောင်းလီပခုံးကိုဖက်ထားသည့်



အားမတွေ့လိုက်ရသည့်အခါ မုယုံချင်း ကိုယ်လုံးတဆတ်ဆတ် တုန်သွားပြီး နေရာမှ ဖြုန်းခနဲထရပ်လိုက်၏။

မုယုံချင်း၏ အထိတ်တလန့်နိုင်သော အမူအယာကြောင့် ကျင်းဝိတ္တိုဇနီးမောင်နှံနှင့် ခေါ်ရဲတိုက်သခင်မပါ နေရာမှထရပ်သည်၊

'ရှင် ရှင်'

မုယုံချင်းသည် ထင်းလုံအား လက်ညှိုးတထိုးထိုးနှင့်တစ်စုံတစ်ရာ ပြောတော့မလိုရှိ၏ သို့သော် သူ့နှုတ်က ရှင်ဆိုသည်မှအပ အခြားစကားပေါ်မလာချေ၊ သူ့နှုတ်ကကြောင်အမ်းနေစဉ်မှာပင် ကောင်းလီသည် မိခင်ဖြစ်သူ၏ဘေးသို့ ရောက်လာ၏၊ သူကမိခင်လက်ကိုဆွဲကိုင်လိုက်ပြီး....

'ဖေဖေ့ကိုတွေ့လို့ ကျွန်တော် အတင်းဆွဲခေါ်လာခဲ့တယ် မေမေ့စိတ်မဆိုးပါနဲ့နော်'

မုယုံချင်းက ကောင်းလီ၏စကားကို ကြားသော်လည်း တုန့်ပြန်စကားမဆို၊ သူ့မျက်လုံးအစုံက ထင်းလုံထံ စူးစိုက်ရောက်ရှိနေ၏၊ သူ၏နှုတ်ခမ်းဝှမ်းမှာ တဆတ်ဆတ်တုန်နေလေသည်။

ကောင်းလီက သူ့မိခင်၏အမူအယာကို သတိထားမိသဖြင့် အထိတ်တလန့်ခေါ်လိုက်သည်၊ သူခေါ်လိုက်စဉ်မှာပင် မုယုံချင်း၏မျက်လုံးအစုံမှ မျက်ရည်တွေစီးကျလာသည်။

'မေမေ ကိုစိတ်မဆိုးပါနဲ့. မေမေ၊ မေမေ့ အပေါ်မေမေ့ ဒါလောက်မုန်းနေမှန်းသိရင် ကျွန်တော် ခေါ်မလာပါဘူး၊ အခုတော့....

သွား'

မှုယိုချင်း၏အသံ တုန်တုန်ယင်ယင်နှင့်ပေါ်လာ၏၊ သူက အင်အားကင်းမဲ့နေသကဲ့သို့ရှိသောလက်ဖြင့် ကောင်းလီ၏ ပုခုံးကို ဆုပ်ကိုင်လိုက်သည်။

'သူ....'

မှုယိုချင်းမှာ အလွန်အမင်း စိတ်လှုပ်ရှားနေဟန်ရှိ၏၊ သူ့ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာသည်ကိုတွေ့ရ၏၊ မျက်ရည် ပြည့်ဆိုင်နေသော သူ့မျက်လုံးအစုံ ဝိုင်းဝိုင်းလည်လာ၏၊

'မေမေ....'

ကောင်းလီသည် သူ့ မိခင်ပင်ကိုယ်ဖိတ်တွေ့ ကွယ်ပျောက်စ ပြုနေမှန်း ရိပ်မိလိုက်၏၊ မှုယိုချောင်းဖျော၏ဒေါသခန်းဆောင်မှ ကြိုကြိုတွယ်ရာ ဟိုက်ပွဲတစ်ပွဲ ပေါ်လာစတော့မည်ဟု သူတွေး၏၊ သူက မိခင်ဖြစ်သူ စိတ်ပြောင်းသွားမစရန် တစ်စုံတစ်ရာ ပြောမည်အပြု လျှို့ဝှက်သံတစ်သံ သူ့ နားထဲသို့ဝင်လာ၏၊

'လူလေး စိတ်အပြောင်းအလဲကြောင့် မင်းအမေ့ရဲ့ကိုယ် ထဲကအဆိပ်တွေ ထကြွလာတယ်၊ သူ့ခါးက ဂုဏ်ဝင်းသွေး ကြောကိုပိတ်လိုက်၊ မင်းအမေရဲ့အသက်ကို ကယ်ချင်ရင် မြန် မြန်လုပ်'

လျှို့ဝှက်အသံမှာမိန်းမတစ်ယောက်၏အသံဖြစ်ပြီး ထိုအသံ ကို သူကြားဖူးသည်ဟု ကောင်းလီတွေးမိ၏၊ လျှို့ဝှက်အသံရှင်



က ပြောသည့်အတိုင်း မှုယိုချင်း၏ ခါးပေါ်မှ ဂုဏ်ဝင်းသွေး ကြောကို ဖမ်းပိတ်လိုက်၏၊ မှုယိုချင်း၏ကိုယ် တုန့်ခနဲ တစ် ချက်ဖြစ်သွားပြီး ထိုင်ခုံပေါ် ထိုင်ကျလျက်သားရှိသွား၏၊

ထင်းလိုက မှုယိုချင်းအနားသို့ တိုးကပ်သွားသည်၊ သူက မှုယိုချင်းအား ထိကိုင်မည်အပြုတွင် ခေးရဲထိုက်သခင်မ ရှေ့တိုးလာပြီး....

'ရှင်....သူ့ကိုမထိပါနဲ့'

ထင်းလိုးခြေလှမ်းတုန့်သွားသည်၊ ခေးရဲထိုက်သခင်မ အား စူးရဲသောအကြည့်ဖြင့်ကြည့်သည်၊

'ကျုပ်က သူ့ရဲ့ထိခွင့်အရှိဆုံး လူတစ်ယောက်ပဲ၊ ကျုပ် ဇနီးကို ကျုပ် ကူမယ့်ကိစ္စက ခင်ဗျားတို့နဲ့ မဆိုင်ပါဘူး၊ ကျုပ်နာမည် ထင်းလိုလို့ခေါ်တယ်၊ ဒါဆိုရင် မှုယိုချင်းနဲ့ ကျုပ်ဘယ်လို ဆက်စပ်ပတ်သက်သလဲဆိုတာ ခင်ဗျားသိသိမ့် မယ်ထင်တယ်'

ခေးရဲတိုက်သခင်မ အံ့အားသင့်သွားသည်၊ သူက မျက်လုံး အကြောင်သားနှင့် ထင်းလိုအားကြည့်နေ၏၊ ထင်းလိုက တစ် ချက်ရယ်လိုက်ပြီး....

'ကျုပ်တို့ တစ်ယောက်နဲ့တစ်ယောက် မပြေလည်တာရှိ မယ်၊ မကျေနပ်တာရှိမယ်၊ ဒါဟာ ကျုပ်တို့နှစ်ယောက်ရဲ့ကိစ္စ ပါ၊ တစ်ခြား လူနဲ့မဆိုင်ပါဘူး၊ ကျုပ်ရဲ့ကိုယ်ရေးကိုယ်တာ ကိစ္စမှာ တစ်ခြားလူဝင်ပြီး စွက်ဖက်တာကို ကျုပ်လုံးလုံး လက်မခံနိုင်ဘူး'

ခေးရဲထိုက်သခင်မ၏ မျက်နှာတွင် အပြောင်းအလဲများရှာ

ပေါ်သွားသည်၊ သူက ထင်းလုံးအား လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုကာ တောင်းပန်မည်ပြင်သည်၊ ထင်းလုံးက ခေါင်းခါလိုက်ပြီး....

"အားလုံးပဲ ကျုပ်ကိုခွင့်လွှတ်ကြပါ၊ ကျုပ်ရဲ့ဇနီး ရှတ်တရက် နေမကောင်းဖြစ်လာလို့ သူ့ကိုပြုစုံရမယ်၊ ခင်ဗျားတို့ ဒီမှာပဲ စားသောက်ရင်း နေခဲ့ကြပါ"

❋ ❋ ❋

## အခန်း (၂၃)

## ထောင်ချောက်

ယုန်ကလေးသည် သွေးကြောအပိ ခံထားရသော မုယုချင်းအား အကြိမ်ကြိမ် အထပ်ထပ် စစ်ဆေးကြည့်ရသည်၊ စစ်ဆေးရင်းနှင့် သူမျက်နှာပျက်သွား၏၊ တစ်ခဏမျှတွေဝေနေပြီးနောက် သူက သက်ပြင်းချလိုက်၏၊

'သူ့အခြေအနေက ဘယ်လိုလဲညီမ'

ယုန်ကလေး ခေါင်းခါလိုက်၏၊

'တော်တော်ဆန်းတယ်၊ သူ့ကိုယ်ထဲမှာ အင်အားကြီးတစ်ရပ်ရှိနေတယ်၊ ညီမစမ်းကြည့်တဲ့အခါ အဲဒီအင်အားက တုန့်

ပြန်ခုခံတယ်၊ သူ့အတွင်းအားက သိပ်ကောင်းလွန်းလို့ အခုလိုဖြစ်နေတာလို့ ညီမထင်တယ်'

'အတွင်းအား ကောင်းလွန်းလို့ အခုလိုဖြစ်နေတယ်ဟုတ်လား၊ အတွင်းအား သိပ်ကောင်းရင် သူက အဆိပ်ကိုတွန်းလှန်နိုင်ရမှာပေါ့၊ ဘာဖြစ်လို့ သူက တစ်ခါတစ်ရံမှာ ရူးသွပ်တယ်တဲ့ ဝေဒနာမျိုးရရမှာလဲ'

'အစ်ကိုက သွေးတောင်ကြားမှာ ဒါလောက်အကြာကြီးနေခဲ့ပြီး အဆိပ်ရဲ့ ဆေးပညာအကြောင်း နဲနဲပါးပါးတောင်မသိဘူး၊ မုယိုချင်းရ ပိုက်တဲ့ အဆိပ်က ရူးသွပ်သွားစေတတ်တဲ့ အဆိပ်ပဲ၊ ဒါပေမယ့် သူက အတွင်းအား သိပ်ကောင်းတော့ ဒီအတွင်းအားက အဆိပ်ရဲ့ အာနိသင်ကိုဖျက်ဆီးပစ်တယ်၊ ဒါကြောင့် အမြဲတန်း ရူးသွပ်တဲ့အခြေအနေမျိုးကိုမရောက်ပဲ တစ်ခါတစ်ရံမှာ ရူးသွပ်တဲ့စိတ်ပေါ်လာတတ်တာပဲ၊ သူက အဆိပ်မိတာကို အံ့ပုံမရဘူး၊ တကယ်လို့အဆိပ်မိတာသိပြီး အတွင်းအားနဲ့ စနစ်တကျ တွန်းလှန်ခဲ့ရင် အခုလို အဖြစ်မျိုး မရောက်နိုင်ဘူး'

'ညီမပြောချင်တာကိုအစ်ကိုသိပြီ၊ သူက အဆိပ်ကိုအဆိပ်မှန်းသိပြီး စနစ်တကျခုခံခဲ့တာမျိုးမဟုတ်ပဲ အတွင်းအားက အလိုအလျောက် ခုခံတာမျိုးမို့ အဆိပ်တွေသူ့ကိုယ်ထဲမှာ ခိုကပ်ကျန်နေတာရှိတယ်၊ အခုအဲဒီအဆိပ်တွေက သူ့ကိုဒုက္ခပေးနေတယ်၊ ဟုတ်တယ်မဟုတ်လား'



'ဟုတ်ပါတယ် အစ်ကို'

'အဆိပ်တွေ ဘယ်နေရာမှာခိုကပ်ကျန်နေသလဲဆိုတာ ညီမစမ်းသပ်လို့ရရဲ့လား'

ယုန်ကလေး ခေါင်းညိတ်ပြ၏၊

'အဆိပ်တွေက သူ့နှလုံးသားထဲမှာ ခိုကပ်နေတယ်၊ ဒါကြောင့် သူစိတ်လှုပ်ရှားတဲ့အခါ အဆိပ်ထလာပြီး ရူးသွပ်သလိုဖြစ်ရတာ'

'ညီမဟာ ပျော့ကဲစေသမားတော်ကြီးရဲ့သမီး ပီသပါတယ်'

ထင်းလုံ၏ချီးကျူးစကားကိုအကြားတွင် ယုန်ကလေးရယ်လိုက်သည်။

'အစ်ကိုက ညီမကို သိပ်အထင်ကြီးတာကိုး၊ အမှန်တော့ အစ်ကိုထင်သလိုမဟုတ်ဘူး၊ ညီမက သူ့ဝေဒနာကိုသိပေမယ့် ဒီဝေဒနာပျောက်အောင် ဘယ်လိုကုရမလဲဆိုတာ မသိဘူး....၊ အခုလိုဝေဒနာခံစားရတဲ့လူမျိုးကို ညီမ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှမတွေ့ဖူးဘူး၊ နှလုံးသားထဲမှာခိုကပ်နေတဲ့အဆိပ်ကို နှိမ်နင်းဖို့ဆိုတာ တကယ်တန်းကျမလွယ်ဘူး အစ်ကို၊ ညီမအနေနဲ့ မုယိုချင်းရဲ့ဝေဒနာကို တားယူပဲတားနိုင်မယ်'

ထင်းလုံ မျက်မှောင်ကြုတ်လိုက်သည်၊ အားမလိုအားမရဖြစ်သွားဟန်ကို သူ့မျက်နှာတွင်ပေါ်လာ၏။

'မ တကယ်ဘဲ သူ့ဝေဒနာကို မကုစားနိုင်ဘူးလား'

ယုန်ကလေး၏မျက်နှာတွင် အပြောင်းအလဲများစွာပေါ်သွားသည်၊ သူ့မျက်လုံးအစုံက စိတ်မကောင်းဖြစ်ဟန် ရိဝေ

လာ၏။

'သမားတော်ကောင်းတစ်ယောက်ဆိုတာ ဆေးကုတဲ့နေရာမှာ ရန်သူမိတ်ဆွေမခွဲခြားရဘူး၊ ခွဲခွဲခြားခြားလုပ်နေရင် အဲဒီသမားတော်ဟာ သမားတော်အစစ်မဟုတ်နိုင်ဘူး၊ အတုအယောင်တဲဖြစ်လိမ့်မယ်၊ မုယုချင်းဟာ ညီမရဲ့ရန်သူမဟုတ်ပါဘူး၊ သူ့ဘဝမှာ စိတ်ဆင်းရဲစရာအဖြစ်တွေနဲ့ တွေ့ခဲ့တာဟာ ညီမကြောင့်မို့၊ ညီမအနေနဲ့ ဒီကြွေးတွေကျေအောင် ဆပ်ရဦးမယ်....၊ ဒီအခြေအနေမျိုးမှာ ညီမက သူ့ဝေဒနာပျောက်အောင် ဘယ်လိုကုရမလဲဆိုတာဘဲ စဉ်းစားတယ်၊ တစ်ခြား ဘာမှမစဉ်းစားဘူး၊ ညီမအနေနဲ့ သူခံစားနေရတဲ့ဝေဒနာကို တားယူဘဲတားပေးနိုင်တဲ့အတွက် အခုဆေးစပြီးကုမယ်၊ သူ့စိတ်တွေပုံမှန်အတိုင်းပြန်ဖြစ်လာပြီဆိုရင် ဖေဖေ့ဆီကိုခေါ်သွားမယ်၊ ဖေဖေကလွဲလို့ ဒီဝေဒနာမျိုးကို တစ်ခြားဘယ်သမားတော်မှ ကုစားနိုင်မှာမဟုတ်ဘူး'

ယုန်ကလေးသည်စိတ်ရင်းအတိုင်းပြောနေခြင်းဖြစ်ကြောင်း ထင်းလုံသိလိုက်၏၊ မုယုချင်း၏စိတ်ဝေဒနာသက်သာပြီး ပုံမှန်အတိုင်းဖြစ်လာလျှင် သူတို့နှင့်အတူ သွေးတောင်ကြားသို့ လိုက်ပါမလားဟု သံသယဖြစ်မိ၏၊ မုယုချင်းကမလိုက်သည့်တိုင် မရရအောင်နည်းလမ်းရှာပြီး ခေါ်သွားမည်ဟု သူစဉ်းစားသည်။

ယုန်ကလေးသည် သူ့ဆေးအိတ်ထဲမှဆေးများထုတ်သည်၊ ပထမဆုံး သေးသွယ်သောအပ်ချောင်းများကို အညိုရောင်ဆေးရည်တွင် စိမ်သည်။



အပ်ချောင်းများကို ဆေးရည်စိမ်ထားစဉ် သူက မုယုချင်းအား ဆေးလုံးသုံးလုံးတိုက်လိုက်၏၊ ပြီး အပ်တစ်ချောင်းစီကိုထုတ်ယူကာ မုယုချင်း၏ အရေးကြီးသောသွေးကြောများရှိရာသို့ ထိုးစိုက်သည်။

ယုန်ကလေးက အပ်ချောင်းလေးများ ထိုးစိုက်နေပုံမှာ ကျွမ်းကျင်သပ်ရပ်လှသည်၊ အပ်ချောင်းဆယ်ချောင်းခန့် ထိုးစိုက်ပြီးသည်နှင့် သူက အပ်စိုက်ခြင်းကိုရပ်လိုက်သည်၊ ယုန်ကလေးသည် ဆေးစိမ်ထားသည့်အပ်တစ်ချောင်းကိုင်ပြီး မုယုချင်း၏ အခြေအနေကိုကြည့်နေ၏။

ထင်းလုံသည် စကားတစ်ခွန်းမှမပြောပဲ သူဆေးကုနေပုံကို ကြည့်နေသည်၊ ယုန်ကလေးက မုယုချင်းအား အတန်ကြာအောင်ကြည့်နေသည်၊ ပြီးနောက် သူက သက်ပြင်းတစ်ချက်ချလိုက်၏။

'ငါက သူ့အသက်ကိုကယ်ချင်နေတာ၊ သူ့ဝေဒနာကိုကုစားပေးချင်နေတာ၊ တွေဝေတွန့်ဆုတ်နေစရာအကြောင်းမရှိဘူး၊ သမားတော်ဆိုတာ ဆုံးဖြတ်ချက်ကိုရဲရဲချ၊ ရဲရဲကုစားရမယ်လို့ ဖေဖေပြောဖူးတယ်၊ ငါရအောင်ကုမယ်'

ခပ်တိုးတိုးရေရွတ်ပြောဆိုနေသည့် ယုန်ကလေး၏စကားကြောင့် ထင်းလုံက မုယုချင်းအားကြည့်လိုက်သည်၊ မုယုချင်း၏ အသက်ရှူသံမှာ တစ်ဖြည်းဖြည်း နှေးကွေးလေးလာနေသည်၊ သူ၏မျက်နှာမှာလည်း သွေးဆုတ်ဖြူဖျော့နေသည်ကို တွေ့ရ၏။

ယုန်ကလေးက အောက်နှုတ်ခမ်းကို ခပ်ဖိဖိကိုက်သည်၊ လက်ထဲတွင်ကိုင်ထားသည့်အပ်ကို တစ်ချက်ဆုပ်ပြီး မုယုံချင်း၏ နှလုံးသားတည့်တည့်သို့ လျင်မြန်စွာထိုးသွင်းလိုက်၏။

မုယုံချင်း၏ကိုယ် တဆတ်ဆတ်တုန်သွားသည်၊ ထင်းလုံ၏ မျက်စေ့ထဲတွင် အပ်စိုက်ပညာသင်စဉ်က ဖားတစ်ကောင်ကို ယုန်ကလေး အပ်စိုက်ခဲ့သည့်အဖြစ်ကို မြင်ယောင်လာသည်၊ ယုန်ကလေးက အဆုံးအဖြတ်မှားပြီး ဖား၏နှလုံးသားတည့် တည့်သို့ အပ်စိုက်လိုက်သဖြင့် အပ်စိုက်ခံရသည့်ဖား သေဆုံး သွားခဲ့သည်။

ဖားသေသွားခဲ့သည့်အဖြစ်ကို သတိရသည်နှင့် ထင်းလုံ၏ရင်ထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်လာ၏၊ သူက ပြင်းထန်သော ဝေဒနာခံစားနေရဟန်ရှိသည့် မုယုံချင်းကို တစ်ချက်ကြည့် ပြီး ယုန်ကလေးအား တားဆီးမည်ပြုသည်၊ ထိုအချိန်မှာပင် ယုန်ကလေးက မုယုံချင်းဝယ်ထိပ်ကို လက်ဖြင့်အုပ်မိုးဖိချလိုက် သည်။

'ညီ....ညီမ'

ထင်းလုံ၏အသံ တုန်တုန်ယင်ယင်နှင့်ထွက်သွားသည်၊ ယုန် ကလေးသည် လက်ကိုပြန်ရုပ်သိမ်းပြီး ထင်းလုံဘက်သို့လှည့် သည်၊ ထင်းလုံ၏မျက်နှာပေါ်မှ စိုးရိမ်ရိပ်များမြင်သည်နှင့် အသာအယာပြုံးလိုက်ပြီ....

'ညီမရဲ့ဆုံးဖြတ်ချက်မှန်သွားပြီ၊ သူ့ဝေဒနာကို ညီမတား လို့ရသွားပြီ၊ ဒီခြောက်လအတွင်းမှာ သူဟာ လူကောင်းတစ် ယောက်လိုပဲ ဖြစ်နေလိမ့်မယ်'



ထင်းလုံ၏ရင်တသိမ့်သိမ့်ခုန်သွားသည်၊ ယုန်ကလေးအပေါ် အထင်သေးမိခြင်းအတွက် စိတ်မကောင်းဖြစ်သွား၏၊ တစ်ပြိုင် နက်တည်းမှာ သူ၏စွမ်းဆောင်နိုင်မှုအတွက် ဝမ်းအသာကြီး သာသွားရလေသည်။

'ဒီအိမ်မှာ လုံခြုံတဲ့အခန်းရှိပါတယ်၊ အဲဒီအခန်းက မြေအောက်ခန်းပဲ ဖေမေ၊ ဒီအိမ်မှာ မြေအောက်ခန်းရှိတယ်ဆိုတာ ကျွန်တော်ရယ်၊ မေမေရယ်၊ အိမ်တော်ထိန်းကြီးရယ်ကလွဲပြီး တစ်ခြားဘယ်သူမှမသိဘူး'

'အဲဒါဆိုရင် ဒီအခန်းကို ဖေဖေသုံးရမယ်....၊ ရန်သူ့ရဲ့အခြေအနေကိုကြည့်ပြီး သူတို့ကို လှည့်စားဖို့အတွက် အစီအစဉ်တစ်ခု လုပ်ရမယ်၊ ဒီအိမ်ထဲမှာ လူစိမ်းတွေရှိနေတော့ ဖေဖေတို့ စုဝေးတိုင်ပင်ဖို့ဟာ မလွတ်လပ်ဘူး၊ မြေတိုက်ခန်းရှိနေတယ်ဆိုတော့ ဖေဖေတို့အတွက် နေရာတစ်ခုရတာပဲ'

'ခါးသခင်မနဲ့ ဦးလေး ကျင်းဝီတို့ကို မေမေလက်ခံထားတာ ကျွန်တော်သဘောမကျဘူး၊ ဒါပေမယ့် မေမေ့ကိုမလွန်ဆန်ရဲလို့ ငြိမ်နေရတာ'

'ဖေဖေလဲ သူတို့ကိုသဘောမကျပါဘူး၊ သူတို့က တိုဇောတီရပ်ကိုမပေါ်သေးတော့လဲ အလိုက်အထိုက် ဆက်ဆံနေရမှာပဲ၊ သားရဲ့အမေက မနက်ဖြန်ဆိုရင် ကောင်းကောင်းနေကောင်းပါပြီ၊ ရှေ့ဆက်လုပ်ရမယ့်အလုပ်တွေကို သူနဲ့လဲတိုင်ပင်ရမယ်'

'မေမေနဲ့ကျွန်တော် တွေ့ပြီးပါပြီ၊ သူကဖေဖေ့ကို စိတ်မဆိုးပါဘူး၊ စိတ်မနာပါဘူး၊ ဖေဖေ့ကို ရုတ်တရက် မေ့လိုက်တုန်းက ဂမ်းသာဝမ်းနဲစိတ်နဲ့ သူ့စိတ်တွေ မူမမှန်ဖြစ်သွားရတာပ'

ထင်းလို ခေါင်းညိတ်လိုက်သည်။

'ဖေဖေနားလည်ပါတယ်သား၊ မင်းအမေဟာ ထက်ယ်



စိတ်ထိန်းနိုင်ပါတယ်၊ သဘောထားလဲပြည့်ပါတယ်၊ ဖေဖေဒါလောက်ထိ မပျော်လင့်ပါဘူးသား ဖေဖေဟာတစ်သက်လုံးတာဝန်ပျက်ခဲ့တဲ့အတွက် ကိုယ့်တာဝန်ကိုယ် ကျေအောင်လုပ်မယ်ဆိုပြီး စွန့်စွန့်စားစားထွက်လာခဲ့တာ အခုတော့ ဖေဖေလာရကျိုးနပ်ပါတယ်၊ ဟောဟိုမှာကြည့်စမ်းသား....အဲဒါ ကျင်းဝီတို့လင်မယားမဟုတ်လား'

ကောင်းလီက ထင်းလိုညွှန်ပြရာသို့ လှမ်းကြည့်သည်၊ စံအိမ်အနောက်ဘက်ရှိ မက်မွန်ပင်များကြားတွင်ရှိနေသူနှစ်ယောက်အားတွေ့ရသည်၊ မုံသဏ္ဌာန်ကြည့်ယုံနှင့် ထိုသူနှစ်ယောက်မှာ ကျင်းဝီသို့ ဇနီးမောင်နှံ ဖြစ်ကြောင်းသိသာနေသည်။

'ဟုတ်တယ်ဖေဖေ အဲဒါဦးလေးကျင်းဝီတို့ပဲ'

'သူတို့ကိုကြည့်ရတာ တစ်ယောက်ယောက်ကို စောင့်နေတဲ့ပုံပဲ၊ သူတို့နေရာက နေအိမ်ခေါင်မိုးပေါ် အထောအချာကြည့်ရင် ဖေဖေတို့ကိုမြင်သွားနိုင်တယ်၊ အမိုးပေါ်မှောက်ချလိုက်ပါသား အိမ်အမိုးပေါ်ကနေ သူတို့အခြေအနေကို စောင့်ကြည့်မယ်'

ထင်းလိုနှင့်ကောင်းလီတို့သည် အိမ်ခေါင်မိုးပေါ်တွင်ထိုင်ပြီးပတ်ဝန်းကျင်ကိုကြည့်နေရာမှ အမိုးနှင့်တစ်သားတည်းဖြစ်အောင်မှောက်ချလိုက်သည်။

မက်မွန်ပင်များရှိရာ၌ အမှောင်ရိပ်များစွာရှိသည်၊ လရောင်ထိုးဝင်နေသဖြင့် အမှောင်ရိပ်များမှာ လှုံးလှုံးလျားလျားမည်းမှောင်နေခြင်းမရှိ၊ ကျင်းဝီတို့ဇနီးမောင်နှံ ရှိရာတွင် လရောင်ထိုးကျပြီး သူတို့နှစ်ယောက်အား အထင်အရှားတွေ့မြင်

နေရသည်။

'သူတို့လရောင်အောက်မှာ ထိုင်နေတာ ဖေဖေတစ်ယောက်ယောက်ကိုစောင့်နေတာ ဟုတ်ပါ့မလား'

ထင်းလုံက ကောင်းလီအားကြည့်ပြီး ပြုံးလိုက်သည်။

'သားက စဉ်းစားတွေးတောတဲ့ နေရာမှာ သိပ်ရိုးတာကိုး၊ အမှတ်မဲ့ဆိုရင် သူတို့နှစ်ယောက်ထိုင်ပြီး အေးအေးလူလူထိုင်ပြီး စကားပြောနေတာလို့ ထင်စရာပဲ၊ ဒါပေမယ့် သားသေသေချာချာစဉ်းစားကြည့်၊ အဲဒါဆိုရင် အဖြေပေါ်လာလိမ့်မယ်၊ မက်မုံခြံဟာ ခြံဝင်းအနောက်ဘက်မှာ ရှိတယ်၊ အိမ်ကနေလှမ်းကြည့်ရင် မက်မုံခြံကို မမြင်ရဘူး၊ ကြားမှာ ပန်းချုံတွေရှိတယ်၊ မြင်းဇောင်းရှိတယ်၊ အခု ဖေဖေတို့က အိမ်အမိုးပေါ်ကတက်ကြည့်လို့ အဲဒီနေရာကို မြင်ရတာ သူတို့က အိမ်အမိုးပေါ်ကို ဘယ်သူမှ တက်မှာ မဟုတ်ဘူးလို့ ထင်ထားပုံရတယ်၊ ဒါကြောင့်သူတို့က အိမ်မကြီးကနေမမြင်ရတဲ့လုံခြုံတယ်လို့ယူဆတဲ့နေရာမှာ အခုလိုလွတ်လွတ်လပ်လပ်နေနေတာပေါ့'

ကောင်းလီသည် ထင်းလုံ၏စကားကို ငြိမ်သက်စွာ နားထောင်သည်၊ သို့သော်သူ့စိတ်ထဲတွင် အကြောင်းအချက်မခိုင်လုံသေးဟုယူဆနေပုံပေါ်၏။

ထင်းလုံမှာ ကောင်းလီ၏အတွေးကို သိနေပုံရသည်၊ သူသည်ကောင်းလီကို တစ်ချက်ငဲ့ကြည့်ပြီး အသာအယာ ပြုံးသည်၊

'ဖေဖေ ပြောတာတွေဟာ သိပ်ခိုင်လုံတဲ့ အကြောင်းအရာတွေ မဟုတ်သေးဘူး၊ အဲဒါတွေဟာ ဖေဖေရဲ့မှန်းဆချက်တွေပဲ၊ အခုခိုင်လုံတဲ့ အကြောင်းအရာတွေကို ဖေဖေပြောပြမယ်၊ မက်မုံခြံ ဆိုတာ အပန်းဖြေ သွားထိုင်နေဖို့ကောင်းတဲ့နေရာမဟုတ်ပါဘူး၊ မက်မုံခြံအဆုံးမှာ ခြံဝင်းအုတ်တံတိုင်းရှိတယ်၊ အဲဒီနေရာကအစွန်အဖျား ကျလွန်းတယ်၊ ကျင်းစီတို့က တိတ်တိတ်ချိန်းတွေ့ရအောင် သမီးရည်းစားမဟုတ်ဘူး လင်မယားတွေ၊ တိတ်တိတ်ချိန်းတွေ့ဖို့မလိုတဲ့ လူနှစ်ယောက်ဟာ အပန်းဖြေဖို့လဲမကောင်းတဲ့နေရာမှာဘာလာလုပ်နေတာလဲ'

ကောင်းလီ၏မျက်နှာမှာ အပြောင်းအလဲတွေ ပေါ်လာသည်၊ သူ့မျက်နှာသားက ရုတ်ခြည်း တည်ကြည်သွားသည်၊ သူက ခေါင်းတစ်ချက်ဆတ်ခနဲညိတ်လိုက်ပြီး....

'ဖေဖေ ထောက်ပြမှတဲ့ ဒါတွေကျွန်တော် သတိထားမိတယ်၊ သူတို့ဟာ အပြင်ကနေလာမယ့်လူကို စောင့်နေတာ သေချာတယ်၊ ဟောဟိုမှာပြောရင်းဆိုရင်းမှ လူတစ်ယောက် ဝင်လာနေပြီ'

ထင်းလုံသည် ကျင်းစီတို့ရှိနေသော မက်မုံခြံသို့ လှမ်းကြည့်သည်၊ ထိုအခါ ကျင်းစီတို့အနီးသို့ လူတစ်ယောက် ရောက်လာသည်ကို တွေ့ရ၏။

လရောင်ကိုအားပြု၍ကြည့်ရပြီးအနည်းငယ်လှမ်းနေသဖြင့် ကျင်းစီတို့အနားသို့ ရောက်ရှိလာသူအား ထင်ထင်ရှားရှား ရှင်းရှင်းလင်းလင်းမမြင်ရ၊ သို့သော်မြင်နေရသည့် ပုံစံနှင့်ပင် မည်သူမည်ဝါဟူခွဲခြားသိနိုင်ပေသည်။

'ဒီလူဝတ်စားထားပုံက သွေးဂုဏ်ဆားသားတွေ ဝတ်ထား တဲ့အထိုင်းပဲ'

'ဒီလူကို ကျွန်တော်သိတယ်ဖေဖေ'

ထင်းလုံက ကောင်းလီဘက်လှည့်ပိုက်သည်။

'သားသိတယ်ဟုတ်လား၊ ဒီလူက ဘယ်သူလဲဆိုတာ ပြော ပါဦးသား'

'ဒီလူဟာ မြင်းပျံအာမခံဌာနကလူပါ၊ အာမခံဌာနမှူးရဲ့ လက်ထောက်ပဲ့ သူ့နာမည်ချင်းယွင်လို့ခေါ်တယ်'

'မြင်းပျံအာမခံဌာနကလူဆိုတာ သေချာတယ်နော် သား'

ကောင်းလီ ခေါင်းညိတ်လိုက်သည်။

'ဒီလူ့ကို ကျွန်တော်သေသေချာချာသိပါတယ်၊ ဒီလူဟာ ဦးလေးကျင်းဝီနဲ့ အရှင်ကတည်းကတွဲနေတဲ့လူပါ'

'သူ အခုဝတ်ထားတဲ့အဝတ်အစားမျိုး အရင်ကဝတ်လေ့ ရှိသလား သား၊ ဒီအဝတ်အစားမျိုးကို မြင်းတွေ့ဖူးသလား'

ထင်းလုံက စိတ်အားထက်သန်စွာနှင့်မေးသည်၊ ကောင်း လီခေါင်းဆတ်ခါလိုက်ပြီး....

'သူက မြင်းပျံ အာမခံဌာန အမှတ်အသားပါတဲ့ မီးခိုး ရောင်ဝတ်စုံကို အမြဲဝတ်တယ်၊ ဒီအဝတ်အစားနဲ့သူ့ကိုကျွန် တော်တစ်ခါမှမတွေ့ဖူးဘူးဖေဖေ'

ထင်းလုံတို့စကားပြောနေစဉ် ကျင်းဝီ ‌ကမ်မုံခြံမှ ထွက် လာသည်၊ သူ၏ဇနီးမှာ ခြံထဲသို့တိတ်တဆိတ် ဝင်လာသည့် ချင်းယွင်နှင့်လိုက်သွား၏။

'မာယာရှင်ရီကျောင်းလိုက်သွားပြီး သူတို့မှာဘာအကြံအစည်ရှိ



သလဲဆိုတာမသိဘူး၊ သူတို့တစ်ခုခုတော့'

ကောင်းလီ၏စကား တစ်ပိုင်းတစ်စနှင့် ပြတ်သွားသည်၊ မြင်းဇောင်းဘက်မှ ကျယ်လောင်စွာ အော်ဟစ်သံ ပေါ်လာ သဖြင့် ထိုနေရာသို့အာရုံရောက်သွား၏။

'ဝါ ဦးလေးကျင်းဝီရဲ့ အသံပဲ မြင်းဇောင်းနားက အော် နေတာ'

'ဖေဖေတို့သွားကြည့်မယ်၊ စောစောက ဖေဖေတို့ တွေ့ခဲ့ တဲ့ကိစ္စကို သားလျှို့ဝှက်ထားပါ၊ ဘာမှမသိတဲ့ပုံစံနဲ့ဝဲနေပါ'

ထင်းလုံက ကောင်းလီ၏လက်ကိုဆွဲပြီး အိမ်ခေါင်မိုးပေါ် မှခုန်ဆင်းသည်၊ သားအဖနှစ်ယောက်အော်သံပေါ်ထွက်နေ ရာသို့ ပြေးထွက်ခဲ့ကြလေ၏။

* * *

အခန်း (၂၄)

ခုတစ်မျိုး ခုတစ်မျိုး

မြင်းဇောင်းအနီးတွင် မုယု ခြံဝင်းမှ သိုင်းသမားများ ... စုတ်ပြဲ ... ရောက်နေကြ၏၊ သူတို့သည် အဝတ်အစားများ စုတ်ပြဲ ... သွေးသံရဲရဲနှင့် ဖြစ်နေသော ကျောင်းဝီ၏ အနား၌ ကွင်းဝိုင်းနေကြ၏၊ ကောင်းလီသည် ဝိုင်းရံနေသူများကြား၌ ကျောင်းဝီထံ တိုးဝင်လိုက်၏။

'ညီလေးကျောင်းဝီ ဘာဖြစ်တာလဲ'

ကျောင်းဝီသည် သူ့နဖူးပေါ်မှစီးကျနေသော သွေးများ ... သုတ်ရင်း ကောင်းလီအားလှမ်းကြည့်သည်၊ ခံပြင်းဟန် ... သဖြစ်ဟန်နှင့် သူက....



'ခြံဝင်းထဲကို ရန်သူငါးယောက်ဝင်လာတယ်၊ သူတို့က ဦးလေးနဲ့ မင်းခေါ်လေးကို အလစ်ဝင်တိုက်တယ်၊ ပြီးတော့ မင်းခေါ်လေးကိုဖမ်းခေါ်သွားတယ်၊ ဦးလေးက သူတို့လက်ချက်နဲ့ ဒဏ်ရာရပြီး ခေါင်းမူးနေတုန်း ထွက်ပြေးသွားတာ'

'ခေါ်လေးကို သူတို့က ဖမ်းခေါ်သွားပြီပေါ့'

'ဟုတ်တယ် လူလေး'

ကောင်းလီက ကင်းသမားများကို လှမ်းကြည့်သည်၊ မနီးမဝေးတွင်ရှိနေသော ကင်းမှူးကိုတွေ့သည်နှင့်....

'ဦးလေးတို့ ဒီမှာဘာလာရပ်ကြည့်နေတာလဲ ရန်သူက ခေါ်လေးရဲ့ကျင်ကို ဖမ်းခေါ်သွားကြပြီ၊ လိုက်ရှာကြပါ၊ လူနှစ်စုခွဲလိုက်၊ တစ်စုက ရန်သူနောက်ကိုလိုက်၊ ကျန်တဲ့လူတွေက ကင်းစောင့်တာဝန်ကိုဆက်ယူ၊ ဒီကိုနှစ်ယောက်ထားခဲ့၊ ဦးလေး ကျောင်းဝီ ဒဏ်ရာရထားတယ်၊ သူ့ကိုခေါ်သွားပြီး ဆေးသည့်ပေးလိုက်ပါ'

ကောင်းလီ၏စကားအဆုံးတွင် ကင်းမှူးက ကင်းသမားများကို တာဝန်ခွဲပေးသည်၊ ကင်းသမားနှစ်ယောက်က ကျောင်းဝီအား အိမ်ဘက်သို့ခေါ်သွားပါ'

'အားလုံးသတိထားပြီးနေကြပါ၊ ကျွန်တော်အပြင်ထွက်ပြီး ရန်သူကိုရှာမယ်'

စကားဆုံးသည်နှင့် ကောင်းလီက ထင်းယုံ၏လက်ကိုဆွဲပြီး နေရာမှခွာသည်၊ သူတို့သည် စောစောက ကျောင်းဝီတို့ထိုင်နေခဲ့သော မက်မုံခြံဆီသို့ ပြေးခဲ့၏။

မက်မုံခြံတွင် လူသူအရိပ်အယောင်မျှပင်မရှိ၊ ရှိကျင်အား

ခေါ်သွား၏၊ ချင်းယွင်သည် ယခုအချိန်ဆို သူခိုအောင်းနေရာသို့ပင် ရောက်နေလောက်ပြီ။

'လူလေး မင်းဘယ်သွားချင်လို့ ဒီဘက်ထွက်လာတာလဲ'

'ဒေါ်လေးရီကျင်တို့ ထွက်သွားတဲ့လမ်းကို လိုက်ကြည့်မလို့ပါ၊ ဒီလမ်းကိုကြည့်ထားရင် သူတို့ရဲ့ အဝင်အထွက်လုပ်ပုံကိုသိရမယ်၊ ဒီလမ်းကိုပိတ်ဆို့ဖို့ နည်းလမ်းရှာဖို့ရမယ်၊ပြီးတော့ သူတို့ရဲ့ခြေရာကိုခံပြီး ဘယ်ထိုအောင်သွားသလဲ ဘယ်နေရာမှာ ခိုသလဲဆိုတာ စုံစမ်းလို့ရမယ်'

ထင်းလုံက ကောင်းလ၏တွေးခေါ်တတ်ပုံ၊ ဉာဏ်ထက်မြက်ပုံတို့ကို သဘောကျသွား၏။

'သားက တော်တော်စဉ်းစားတတ်တာပဲ၊ ဖေဖေတို့အခုလိုပြောင်ကျကျသွားလို့တော့မှဖြစ်ဘူး၊ ရန်သူတွေ မရိပ်မိအောင်ပုန်းကွယ်ပြီး သွားမှဖြစ်မယ်၊ သားဘယ်လိုသဘောရသလဲ'

ထင်းလုံက ကောင်းလ၏ တွေးခေါ်တတ်ပုံကိုစမ်းသပ်သည့်သဘောနှင့်မေး၏၊ ကောင်းလက ဖျပ်ခနဲ မော်ကြည့်လာပြီး....

'ကျွန်တော်ကတော့ အဲသလိုမတွေးဘူး ဖေဖေ'

'မင်းက ဘယ်လိုများ တွေးမိလို့လဲသား'

'အခုအချိန်မှာ ပုန်းကွယ်ပြီး သွားနေစရာမလိုပါဘူး၊ ပြောင်ကျကျပဲသွားသင့်တယ်၊ ဒေါ်လေးရီကျင်အဖမ်းခံထားရချိန်မှာ ကျွန်တော်တို့ မလှုပ်ရှားရင် ရန်သူတွေ မသင်္ကာဖြစ်မှာပေါ့'

'ဟား....ဟား ဟုတ်တယ်ဟေ့၊ ငါ့သားက တကယ့်ကို



အကွက်စေ့စေ့တွေးတတ်တယ်'

ထင်းလုံတို့ သားအဖသည် စကားတပြောပြောနှင့် မက်မုန်ခြံအပြင်ဘက်သို့ထွက်လိုက်၏၊ ခြံဝင်းအပြင်ဘက်တွင် လမ်းသွယ်လေးတစ်ခုရှိ၏၊ လမ်းသွယ်၏တစ်ဘက်တွင် ခြံစည်းရိုးအုတ်တံတိုင်းကာထားသော ခြံဝင်းတစ်ဝင်းရှိသည်၊ ထင်းလုံက ထိုခြံဝင်းကို တစ်ချက်လှမ်းကြည့်ပြီး....

'ဒီခြံဝင်းထဲမှာ ဘယ်သူတွေနေသလဲသား၊ အရင်ကတော့ ဒီခြံဝင်းဟာ သူဌေးကြီးတစ်ယောက်ရဲ့ခြံဝင်းပဲ'

'ဖေဖေက သူဌေးကြီးလောင်ဖုကိုပြောနေတာလား၊ အခုသူမရှိတော့ပါဘူး၊ သူ့သားက ဒီခြံဝင်းကို အမွေဆက်ခံတယ်၊ အဲဒီလူက လောင်းကစားသမားတစ်ယောက်ဆိုတော့ ခြံဝင်းကိုပေါင်ပြီးဖဲကစားလိုက်တာ ရှုံးသွားတယ်၊ ဘယ်သူကဖဲနိုင်ပြီး ဒီခြံဝင်းကိုပိုင်သွားသလဲဆိုတာ မသိဘူး၊ တစ်ခါတလေ ဒီခြံဝင်းထဲ ဧည့်သည်တွေရောက်လာတတ်တာကလွဲပြီး အမြဲတိတ်ဆိတ်နေတာပဲ၊ ဒီခြံဝင်းထဲမှာ အစောင့်အဘိုးကြီးတစ်ယောက်ပဲနေတယ်လို့ကြားတယ်'

ထင်းလုံသည် ခြံဝင်းအစပ်၌ပေါက်ခနေပြီး လမ်းကြားသို့ကိုင်းကျနေသော သစ်ပင်ကြီးကို အမှတ်မထင်လှမ်းကြည့်၏၊ ထိုသစ်ပေါ်မှ သစ်ကိုင်းတစ်ကိုင်းကျိုးနေသည်ကိုမြင်ပြီး သူ့ရင်ထဲ တထိတ်ထိတ်ခုန်လာသည်။

'ဟိုမှာကြည့်စမ်း သား....သစ်ပင်ပေါ်က သစ်ကိုင်းတစ်ကိုင်းကျိုးနေတာ တွေ့သလား'

ကောင်းလသည် ဖခင်ညွှန်ပြရာသို့လှမ်းကြည့်ပြီး ခေါင်း

ညိတ်ပြသည်။

'ဒါဟာ သစ်ပင်ပေါ်ကို လူတစ်ယောက်ခုန်တက်သွားတဲ့ သဘောပဲ ဖေဖေတို့ ဟိုဘက်ခြံထဲဝင်ကြည့်ရင်ကောင်းမယ်၊ ဒီခြံထဲကိုတော့ ပြောင်ကျကျခင်လို့မကောင်းဘူး'

'ဟုတ်တယ်ဖေဖေ၊ ကျွန်တော်တို့ တစ်ယောက်တစ်လမ်း စီခွဲပြီး ခြံထဲဝင်ကြည့်မယ်'

'သွားကြစို့'

ထင်းလုံက ပုခုံးတစ်ချက်လှုပ်၍ သစ်ပင်ပေါ်သို့ခုန်တက်၏၊ ပြီး ထိုအပင်မှနေ၍ အခြားသစ်ပင်တစ်ပင်သို့ ခုန်ကူးသည်၊ ကောင်းလိသည် ထင်းလုံနှင့်မရှေးမနှောင်း သစ်ပင်ပေါ်သို့ခုန်တက်၏၊ သူက ဖခင်ထွက်သွားရာကိုကြည့်ပြီး ဖခင်နှင့်ဆန့်ကျင်ဘက်လမ်းကိုရွေးကာ သစ်ပင်တစ်ပင်ပေါ်သို့ ခုန်ကူးသည်၊

ခြံဝင်းအတွင်း၌ နှစ်ရှည်သီးပင်များဖြင့် ပြည့်နေသည်၊ ထင်းလုံနှင့် ကောင်းလိတို့က တစ်ယောက်တစ်လမ်းစီခွဲပြီး သစ်ပင်တစ်ပင်မှ တစ်ပင်သို့ကူးကာ ခြံဝင်းအလယ်ရှိ ဟောင်းနွမ်းနေသော အဆောက်အဦဆီသို့ ချဉ်းကပ်ခဲ့သည်၊

ခြံဝင်းအလယ်တွင်ရှိနေသောအဆောက်အဦမှာ ဟောင်းနွမ်းပြီး အပြုအပြင်ကင်းသဖြင့် ဒုစရိုက်အိမ်ကြီးတစ်အိမ် အသွင်ရှိနေ၏၊ ထင်းလုံသည် အိမ်အမိုးပေါ်သို့ခုန်တက်ပြီး မီးခိုးခေါင်းတိုင်အနီးတွင် ပုန်းဝင်လိုက်သည်၊ သူ ဟိုခုန် ရာမှနေ၍ ခြံဝင်းတစ်ခုလုံးကို ကြည့်ရှု၏၊ ခြံဝင်းအတွင်း၌ လှုပ်ရှားမှုတစ်စုံတစ်ရာကိုမတွေ့ရ၊ တစ်ခြံလုံး တစ်ဝင်းလုံး



ငြိမ်သက်နေသည်။

ထင်းလုံက အိမ်အမိုးပေါ်မှောက်ချလိုက်ပြီး အုတ်ကျွတ် အမိုးကို နားဖြင့်ကပ်ကာ အိမ်အတွင်းမှ အသံဗလံများကို နားစွင့်သည်။

အိမ်အတွင်း၌ လူမရှိသလိုပင် ငြိမ်သက်နေသည်၊ အတန်ကြာအောင် နားစွင့်နေသည့်တိုင် အသံဗလံဟူ၍မကြားရသဖြင့်၊ ထင်းလုံက အိမ်အမိုးအုတ်ကျွတ်ပြားတစ်ချပ်ကို ဆွဲဟပြီး အောက်သို့ကြည့်၏၊ ထိုအခါ သူ့အောက်တည့်တည့်အခန်းတွင် မျက်နှာချင်းဆိုင်ထိုင်နေသော ချင်းယွင်နှင့် ရီကျင်တို့ကို တွေ့ရ၏။

ကျင်းဝီ၏ဇနီးဖြစ်သော ရီကျင်သည် သူ့ရှေ့ရှိ ချင်းယွင်အား ညှို့မှုံ့ချီပြုံးသောမျက်နှာနှင့် ကြည့်နေသည်၊ ချင်းယွင်က တစ်ချက်ရယ်လိုက်ပြီး ရီကျင်၏ပခုံးကို လှမ်းကိုင်၏၊ ရီကျင် ပြုံးပြီး ချင်းယွင်၏ရင်ခွင်ထဲသို့ တိုးဝင်မှီ၏၊ အပေါ်စီးမှကြည့်နေသော ထင်းလုံမှာ ရီကျင်၏အပြုအမူကြောင့် ရင်တထိတ်ထိတ်ခုန်လာသေ၏။

*

'ကျင်းဝီများ ဒီကိုလာမလားမသိဘူး'

ရီကျင်က ချင်းယွင်၏ရင်တွင် ခေါင်းမှီထားရင်းက ပြောသည်။

'ကျင်းဝီ ဒီကိုဘယ်လိုလုပ်လာလို့ရမလဲ၊ အခုအချိန်မှာ သူ မုယုံခြံဝင်းထဲကနေ အပြင်ထွက်လို့ရမှာမဟုတ်ဘူး၊ ညီမကို ရန်သူကဖမ်းခေါ်သွားတဲ့အကြောင်း လူယုံကြည်အောင် ပြောရဆိုရ နေရဦးမှာပေါ့'

'သူက ညီမကို မျက်စိအောက်က အပျောက်ခံတာမဟုတ်ဘူး၊ တော်ကြာ အပြင်ထွက်ရှာဦးမယ်ဆိုပြီး ရောက်ချင်ရောက်လာမှာ'

'ညီမကလဲ စိုးရိမ်စရာမရှိ ကြံဖန်ပြီး စိုးရိမ်နေပြန်ပြီ၊ ကျင်းဝီက ဒီနေရာကိုသိတာမှမဟုတ်ဘဲ၊ သူ မြင်းပျံအာမခံဌာနကို သွားရှာပဲရှိမယ်၊ အစ်ကိုတို့ ဒီမှာ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်နေလို့ရပါတယ်'

သစ္စာမဲ့သူနှစ်ယောက်ကိုကြည့်ရင်း သူတို့စကားကို နားထောင်ရင်း ထင်းလုံရင်ထဲတွင် တင်းတင်းကြပ်ကြပ် ခံစားလာရသည်၊ သူသည် ရုတ်တရက်စိတ်လိုက်မာန်ပါနှင့် တစ်စုံတစ်ရာလုပ်မိတော့မလို ရှိ၏၊ သို့သော် သက်မြဲသူပီပီ ချက်ချင်းစိတ်ကို ထိန်းလိုက်သည်၊ သက်ပြင်းတစ်ချက်ချပြီး သူကအောက်ဘက်သို့ ဆက်ကြည့်၏။

ချင်းယွင်နှင့် ရီကျင်တို့အား အရှက်ကင်းမဲ့စွာတွေ့နေရသည်။

ထင်းလုံက သူတို့အားမကြည့်တော့ဘဲ သူတို့ ပြောနေ



သည့် စကားကိုသာ နားစွင့်၏၊ သူတို့ပြောစကားမှာ သူတို့အပြုအမူနှင့် မခြားနားဘဲ အရှက်ကင်းမဲ့သော စကားများသာ ဖြစ်၏၊ ထိုစကားများထဲမှ သူသိလိုသည့် အကြောင်းအရာကို သိနိုင်သည်ဟုတွေးကာ ထင်းလုံမှာ သည်းခံနားထောင်နေရသည်။

'သခင်မကြီးက ကျင်းဝီကို သိပ်သဘောမကျဘူး၊ ဒါကို ညီမသိရဲ့လား'

ရီကျင်၏ ခိုးခိုးခစ်ခစ်နိုင်သော ရယ်သံပေါ်လာ၏။

'ညီမက ဒါလောက်မအပါဘူး....အစ်ကို၊ လူကဲခတ်တတ်သလို အခြေအနေကိုလဲ အကဲခတ်တတ်ပါတယ်၊ သခင်မကြီးက ကျင်းဝီကို အသုံးချစရာရှိလို့ အသုံးချခဲ့တယ်၊ နောက်ပိုင်းမှာ ညီမနဲ့ပတ်သက်နေတဲ့အတွက် ကျင်းဝီကို အဆက်အဆံ ပြုနေခဲ့တယ်၊ ဒါပေမယ့် ကိစ္စတိုင်းကို အသိမပေးဘူး၊ ဒါဟာ မယုံကြည်တဲ့သဘောပဲပေါ့'

'ဟုတ်တယ်....ညီမ၊ ကျင်းဝီက ခိုင်းတာလုပ်နေပေမယ့် မုယုမိသားစုအပေါ် သံယောဇဉ်ကြီးလွန်းတယ်၊ မုယုမိသားစုပြိုကွဲသွားစေမယ့်အလုပ်မျိုး ခိုင်းကြည့်ပါလား၊ သူလုပ်မှာမဟုတ်ဘူး၊ ဒါကို သခင်မကြီးကသိလို့ သူ့ကိုလူရင်းအဖြစ် အသိအမှတ်မပြုတာ'

'ခါးရဲတိုက်သခင်မကိုလဲ သခင်မကြီးက သိပ်ယုံကြည်ပုံမရပါဘူး'

'ခါးရဲတိုက်သခင်မက သိုင်းလောကထဲမှာ နာမည်တလုံးနဲ့နေခဲ့တာပဲ....၊ သူက အခု သွေးဂိုဏ်းနဲ့လာပူးပေါင်းတာ

အကြောင်းတစ်ခုခုရှိလိမ့်မယ်၊ ဒါကြောင့်သခင်မကြီးက သူ့ကို လဲ လှူယုံစာရင်းမသွင်းဘဲထားတာ'

'မြင်းပျံအာမခံဌာနမှူးကျတော့ကော....၊ သူက အဖြူရောင် သိုင်းသမားတစ်ယောက်ပဲ၊ ရေရှည်ကျရင် သူ့ကိုပုံကြည်လို့ရပါမလား'

ချင်းယွင် ရယ်လိုက်၏။

'ညီမကလဲ အတွေးခေါင်နေပြန်ပြီ၊ အာမခံဌာနမှူးက သခင်မကြီး အယုံကြည်ဆုံးလူပဲ၊ သူက သခင်မကြီးအပေါ် အသက်နဲ့လဲပြီး သစ္စာတားတဲ့လူပါ....၊ တစ်ချိန်က ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့အခုအချိန်မှာတော့ သူဟာလက်ထောက်သေနင်းဂိုဏ်းချုပ်ပဲ သူ့စကားဟာ သခင်မကြီးရဲ့စကားလို့ ပြောရင်ရတယ်၊ ညီမသူ့ကိုသွားထိဖို့တော့ မစဉ်းစားနဲ့'

'ညီမကသူ့ကို ဘာဖြစ်လို့ထိရမှာလဲ အစ်ကို တစ်ယောက်လုံးရှိနေတာ တစ်ခြားလူကိုထိဖို့မစဉ်းစားပါဘူး'

ရီကျင်၏ညုချွဲချွဲအပြောကြောင့် ချင်းယွင်ရယ်လိုက်သည်၊ သူတို့၏ အပြန်အလှန် စကားပြောသံများ ခေတ္တတိတ်ကာ ငြိမ်သွားသည်၊ ထင်းလုံသည် နေရာမှမခွာဘဲ ငြိမ်နေလိုက်၏။

ချင်းယွင်နှင့် ရီကျင်တို့၏ ကြည်စယ်ပြောဆိုသံများ ပြန်ပေါ်လာသည်၊ တစ်ခဏအကြာတွင် အသံတိတ်သွားပြန်သည်၊ ထင်းလုံက မှေးမှိတ်ထားသည့် မျက်လုံးအစုံကို ဖွင့်ပြီးကြည့်သည်။

ရီကျင်တို့မှာ လူချင်းခွာလိုက်ကြပြီဖြစ်သည်၊ သူတို့က ဖရိုဖရဲဖြစ်နေသော အဝတ်အစားများကို လုံခြုံအောင် ပြုပြင်



ပြီး မျက်နှာချင်းဆိုင်ထိုင်လိုက်ကြသည်။

'အခု မုယု ချင်းအနားမှာ သူ့မိတ်ဆွေဟောဒိုင်းဝိုင်းလည်နေပြီ သခင်မကြီးက မုယုချင်းနဲ့ပတ်သက်ပြီး ဘာမှဆက်မလုပ်တော့ဘူးလား'

ရီကျင်၏အမေးကြောင့် ချင်းယွင်ရယ်လိုက်သည်။

'သခင်မကြီးက ဘယ်ကိစ္စကိုမဆို ပေါ့ပေါ့လျော့လျော့သဘောမထားဘူး၊ အလုပ်တစ်ခုကို သူ့အချိန်နဲ့သူ စနစ်တကျစီစဉ်လုပ်ကိုင်တတ်တယ်၊ မုယု ချင်းကို ဆေးခတ်တုန်းက တစ်ခါပဲချို့ယွင်းချက်ရှိဖူးတယ်၊ အဲဒါကလဲ ကျင်းဝီအသုံးမကျလို့ဖြစ်ရတာ သူကသခင်မကြီး သတ်မှတ်ပေးတဲ့အချိန်မှာ ဆေးမခတ်ဘူး၊ မုယု ချင်းအတွင်းအားပြည့်ကျင့်ပြီးစအချိန်မှာ ဆေးသွားခတ်တယ်၊ ကျင်းဝီရဲ့ချို့ယွင်းချက်ကြောင့် ဆေးက ထိရောက်သင့်သလောက် မထိရောက်ဘူး၊ မုယု ချင်းဟာ လုံးလုံးလျားလျား ရူးသွပ်သွားတာမျိုး မဖြစ်ဘဲ တစ်ခါတစ်ရံမှသာ ရောဂါထလာတာမျိုး ဖြစ်ခဲ့တယ်၊ အဲဒီနောက်မှ သခင်မကြီးက မုယု မိသားစုနဲ့ပတ်သက်ရင် ကျင်းဝီကို တာဝန်မပေးတော့ဘူး၊ ဒါကြောင့် နောက်ပိုင်းကိစ္စတွေ ထိထိရောက်ရောက် အောင်မြင်ခဲ့တယ်၊ အခုလဲသခင်မကြီးက မုယု မိသားစုတစ်ခုလုံး ထူးဆန်းတဲ့ဝေဒနာမျိုး ခံစားရအောင် လုပ်ဖို့စီစဉ်နေတယ်'

'သခင်မကြီးက မုယုမိသားစုကို ဘာဖြစ်လို့ ဒီလောက် တောင် သဲသဲမဲမဲစိတ်ဝင်စားနေတာလဲအစ်ကို'

ချင်းယွင်တွေခနဲဖြစ်သွားသည်၊ သူကအကြောင်းအရာတစ်

ခကို ရီကျင်အား ပြောသင့်မပြောသင့် ချိန်ဆနေဟန် ရှိ၏၊ ပြီးမှ သူက သက်ပြင်းချလိုက်ပြီး....

'အစ်ကိုလဲ ဒါကို သေသေချာချာ တိတိကျကျတော့မသိဘူး၊ အကြမ်းဖျင်းသိသလောက်ပြောရရင် မုယုမိသားစုဟာ သခင်မကြီးရဲ့ ရန်သူတစ်ယောက်နဲ့ ပတ်သက်ဆက်နွယ်နေပုံရတယ်၊ ဒါကြောင့် သူ့ရန်သူစိတ်အနှောင့်အယှက်ဖြစ်အောင် မုယုမိသားစုကို ဒုက္ခပေးနေတာဖြစ်မယ်'

ရီကျင်က ခေါင်းတဆတ်ဆတ်ညိတ်သည်။

'ညီမနည်းနည်းတော့ သဘောပေါက်စပြုလာပြီ၊ သခင်မကြီးက သူ့ရန်သူကို စိန်ခေါ်နေတာပဲဖြစ်ရမယ်....အဲသည် ရန်သူက သခင်မကြီးကို ရင်မဆိုင်ရဲလို့ အခုချိန်ထိငြိမ်နေတာ ဖြစ်ရမယ်'

ချင်းယွင်က ရီကျင်အား ချီးကျူးဟန်ဖြင့် ပခုံးတစ်ချက် လှမ်းပုတ်သည်။

'ညီမက တကယ်အကွက်မြင်တာပဲ၊ ဒါကြောင့်သခင်မကြီးက ညီမကိုသဘောကျတာဖြစ်လိမ့်မယ်'

ချင်းယွင်တို့ စကားပြောနေကြစဉ် အပြင်ဘက်မှ တံခါးခေါက်သံ ပေါ်လာသည်၊ တံခါးခေါက်သံကိုကြားသည်နှင့် မျက်လုံးပြူးသွားသည်၊ သူက ရီကျင်အား တိုးတိုးတိတ်နေရန် အချက်ပြပြီး တံခါးထဖွင့်သည်။

အပြင်ဘက်တွင် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် အဘွားအိုတစ်ယောက်ရပ်နေ၏၊ ချင်းယွင်သည် ထိုအဘွားအိုကိုတွေ့သည်နှင့် ချက်ချင်း ဒူးထောက်အရိုအသေပြုလိုက်၏၊



ရီကျင်ကလည်း ချင်းယွင်၏ လုပ်ရှားမှုကိုကြည့်ပြီး ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်ချလိုက်သည်။

အဘွားအိုက ရီကျင်အား လိုလားနှစ်သက်စွာလှမ်းကြည့်ပြီးပြုံးသည်။

'ရီကျင်....မင်းဟာ ငါ့ဇာတ်ထားတာထက်ပိုပြီးတော်တယ်၊ ဖြတ်ထိုးဉာဏ်လဲ သိပ်ကောင်းတယ်....အဲ့ဒါကြောင့် ငါက မင်းကို တပည့်ရင်းအဖြစ် လက်ခံချင်လို့ ချင်းယွင်ကို တာဝန်ပေးပြီး ခေါ်ခိုင်းလိုက်တာ....မုယုမိသားစုဝင်တစ်ယောက် ဖြစ်ပေမယ့် သိပ်အရေးမပါလှတဲ့ ကျင်းဝီအနားမှာနေပြီး မင်းကိုယ်မင်း အနှစ်မှန်းမခံပါနဲ့၊ ငါနဲ့အတူ သိုင်းလောက တစ်ခုလုံးကို စိုးမိုးနိုင်တဲ့ အခြေအနေမျိုးရောက်အောင် ငါ့ တပည့်အဖြစ်ခံယူပါ'

ရီကျင်သည် အလွန်အမင်းဝမ်းသာသွားဟန်ဖြင့် အဘွားအိုရှေ့တွင် ဒူးထောက်ထိုင်ချလိုက်၏၊ အဘွားအိုက ကျေနပ်စွာ ရီကျင်၏နဖူးဆံစကို သပ်နေလေသည်၊

❋ ❋ ❋

## အခန်း (၂၅)

## ဝေဒနာဟောင်း

မုယု ဂေဟာ၏ မြေတိုက်ခန်းတွင်* မီးရောင်ထိန်ထိန်လင်းနေ၏၊ မြေတိုက်ခန်းအတွင်းရှိ စားပွဲကျယ်ကြီးတွင် ထင်းလုံတို့လူစုနှင့် မုယုချင်းတို့ သားအမိထိုင်နေကြ၏၊ သူတို့သည် ညဦးပိုင်းကတည်းက သွေးဂိုဏ်း၏အခြေအနေ၊ မြင်းဖျူအာမခံဌာန၏ ရပ်တည်မှုအကြောင်းကို ပြောဟု ဆွေးနွေးကြ၏၊ ထိုဆွေးနွေးပွဲတွင် ကျင်းစီခားရဲတိုက်သခင်မနှင့် အိမ်တော်ထိန်းကြီးတို့မပါချေ။

ကျင်းဝီနှင့် ခားရဲတိုက်သခင်မတို့မှာ အိပ်ကြောအိပ်တစ်ထားရသဖြင့် အိပ်မောကျနေကြ၏၊ အိမ်တော်ထိန်းကြီးက



ပြင်ပအခြေအနေကိုစောင့်ကြည့်ရန် ဧည့်ခန်းဆောင်တွင်စောင့်နေ၏။

မြေအောက်ခန်းအနီးသို့ ရောက်နေကြသော ထင်းလုံလူစုသည် ညလည်ယံသို့ရောက်ခါနီးထိ ဆွေးနွေး၍မပြီးနိုင်သေးပဲရှိ၏၊ ထင်းလုံသည် ရီကျင်ပျောက်ဆုံးသွားသည့်အကြောင်းအရာနှင့် ပတ်သက်ဆက်နွယ်ကာ သူတွေ့ခဲ့သော ချင်းယွင်နှင့် ရီကျင်းတို့အကြောင်းသူတို့ထံမှသိခဲ့ရသော သွေးဂိုဏ်း၏ ခြေလှမ်းများအကြောင်းကို ပြောကြ၏။

ထင်းလုံ၏စကားက သွေးဂိုဏ်းချုပ်သည်အားလုံးမျှော်လင့်ထားသလို ယောကျ်ားတစ်ယောက်မဟုတ်ဘဲ မိန်းမတစ်ယောက်ဖြစ်နေကြောင်း သိရသဖြင့် အံ့အားသင့်ကုန်ကြ၏။

'အဲ့ဒီအဘွားကြီးဟာ ဘယ်သူလဲဆိုတာ မှင်းမသိဘူးလားထင်းလုံ၊ သူက သိုင်းလောကထဲကနေပျောက်ကွယ်နေတဲ့ လူတစ်ယောက်ဖြစ်လိမ့်မယ်၊ သူ့ပုံသဏ္ဌာန်က ဘယ်လိုလဲ ရုပ်ဖျက်ထားဟာမဟုတ်တဲ့ ပင်ကိုယ်အသွင်နဲ့ မင်း သူ့ကို တွေ့ခဲ့တာဆိုရင်တော့ သူဘယ်သူလဲဆိုတာ ကျုပ်ခန့်မှန်းနိုင်မယ်ထင်တယ်'

ဆွေယန်ကြည်က စိတ်ဝင်တစားနိုင်သော အမူအရာနှင့် မေးသည်၊ ထင်းလုံက မချောင်းတစ်ချက်ဟန့်လိုက်ပြီး....

'ကျွန်ဘော်တွေ့ခဲ့တာတော့ ဥပဓိရုပ်ခန့်ငြားတဲ့မိန်းမကြီးတစ်ယောက်ပါ၊ သူ့မှာ ထူးခြားတဲ့အမှုယ်အသားတစ်ခုတော့ ပါတယ်၊ အဲဒါက နှဖူးအလယ်တဲ့တဲ့မှာ မှဲ့နက်ကြီးတစ်လုံးရှိနေတာပဲ'

'နဖူးအလည်တဲ့တဲ့မှာ မှဲ့နက်ကြီးရှိတယ် ဟုတ်လား၊ ကျုပ်သိတဲ့လူဆိုရင်တော့ သူ့မှာ နောက်အမှတ်အသားတစ်ခုရှိအုံးမယ်၊ အဲဒါက ညာဘက်လက်မှာ လက်ပွားတစ်ခုရှိတာပဲ လက်မဘေးမှာ လက်မသေးသေးလေးတစ်ခုအပိုပါတယ်'

ဆွေယန်ကြည်၏ စကားကြားတွင်ထင်းလုံမျက်မှောင်ကြုတ်သွား၏၊ သူက သူတွေ့ခဲ့သော သွေးဂိုဏ်းချုပ်အား မျက်လုံးထဲတွင် ပြန်မြင်ကြည့်၏၊ လက်မပွားရှိသည်ကို သတိမထားမိသဖြင့် သူက တိတိကျကျ အဖြေမပေးနိုင်ဘဲရှိ၏။

'အဲဒါကိုတော့ ကျွန်တော်သတိမထားမိဘူး'

ထင်းလုံ၏စကားအဆုံး၌ ကောင်းလင်္ကာချောင်းတစ်ချက်ဟန့်လိုက်၏။

'ဖေဖေသတိမထားမိတဲ့ အကြောင်းအရာနဲ့ ပတ်သက်လို့ ကျွန်တော် ပြောနိုင်ပါတယ်'

စားပွဲတွင် ထိုင်နေသူအားလုံး၏အကြည့် ကောင်းလင်္ကာထံသို့ ရောက်သွား၏။

'မင်းဘာပြောခဲ့လို့လဲ ပြောပါအုံး'

'သွေးဂိုဏ်းချုပ်ရဲ့လက်မှာ ဘိုးဘိုးပြောသလို လက်ပွားရှိပါတယ်၊ ကျွန်တော်အိမ်ဘေးကနေ ချောင်းကြည့်ရင်း သူ့လက်ကို အသေအချာမြင်ခဲ့ရတာပါ'

'ဒါဆိုရင်တော့ သူ ဘယ်သူဘယ်ဝါဆိုတာ ကျုပ်သေသေချာချာ သိပါပြီ၊ ကျုပ်တို့ သိုင်းလောကထဲကို စဝင်စအချိန်မှာ မိန်းမဆိုးတစ်ယောက် သိုင်းလောကထဲမှာ သောင်းကျန်းနေတယ်၊ သူ့နာမည် ကူးကျင်းဝင်လို့ခေါ်တယ်၊ သိုင်းလောကသားတွေက သူ့ကို နတ်မိမယ်ကူးကျင်းဝင်လို့ခေါ်ကြတယ်၊ နတ်မိမယ်ဆိုတဲ့အတိုင်းပဲ သူ့ရုပ်ရည်က လူမတူနတ်တမျှ ချောမောလှပတယ်၊ ရုပ်ချောသလောက် သူက သိပ်ရက်စက်တယ်၊ သူ့အလှကိုမက်ပြီး သူ့နောက် ကောက်ကောက်ပါအောင်လိုက်နေတဲ့လူတွေ တစ်ယောက်ပြီးတစ်ယောက် ရက်ရက်စက်စက် အသတ်ခံကြရတယ်၊ တစ်ချို့က သူ့ကိုယ်ရာကနေ လက်ပွားမ မိစ္ဆာမလို့ခေါ်ကြတယ်၊ ကျုပ်တို့က သူ့အလှကိုမက်ပြီး သူ့နောက်ကောက်ကောက်ပါအောင်လိုက်တဲ့လူတွေ မဟုတ်တော့ သူနဲ့ထိပ်တိုက်ရင်ဆိုင်ခဲ့ရတာမျိုးမရှိပါဘူး၊ အဲဒီအချိန်က ကျုပ်တို့ဟာ သိုင်းလောကထဲ တိုးဝင်စ နာမည်မရှိသေးတဲ့လူတွေမို့ သူက ကျုပ်တို့ကို သိတောင်မသိခဲ့ဘူး'



ဆွေယန်ကြည်က စကားကို ခေတ္တရပ်ပြီး ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်၏၊ ပြီးနောက် သွေးဂိုဏ်းချုပ်နှင့်ပတ်သက်သော အကြောင်းအရာကို ဆက်ပြော၏။

'ကျုပ်တို့က မြစ်ဝါသခင်လို့ခေါ်တဲ့ ဓားပြကြီးကိုနှိမ်နင်းပြီးစအချိန်မှာ သူ့ဆီက ကျုပ်တို့နဲ့တွေ့မယ်ဆိုတဲ့ လေသံထွက်လာတယ်၊ ဒါပေမယ့် သူနဲ့ ကျုပ်တို့ မတွေ့လိုက်ရဘူး၊ သူက ကျုပ်တို့နဲ့တွေ့မယ်လို့ ပြောဆိုနေရင်းကနေ ပျောက်ဆုံးသွားတယ်၊ အဲသလိုပျောက်သွားပြီးတဲ့နောက် လူတွေက သူ့ကိုမေ့သွားတယ်၊ နောက်တော့ သူ့နာမည်ကိုတောင် ပြောသံမကြားရတော့ဘူး၊ အခုမှပဲ သူ သိုင်းလောကထဲမှာ ရှိနေသေးတယ်ဆိုတာ သိရတော့တယ်'

ဆွေယန်ကြည်က သူ့စကားကို အဆုံးသတ်သည်၊ ထင်းလုံ

တို့တတွေမှာ ဝေဖန်တုန့်ပြန်စကားမပြောကြပဲ ငြိမ်သက်တွေ ဝေသွားကြ၏။

'နတ်မိမယ် ကူးကျင်းဝင်ဟာ သိပ်ကြောက်စရာကောင်း တယ်၊ အရင်ကတည်းက သူ့သိုင်းပညာကို ယှဉ်နိုင်တဲ့လူမရှိ သလောက်ပဲ....၊ အခု နှစ်တွေဒါလောက်ကြာလာပြီဆိုတော့ သူ့ရဲ့သိုင်းပညာဟာ မမျှော်မှန်းနိုင်လောက်အောင် တိုးတက် နေမှာ သေချာတယ်'

မုံယုံဂေဟာသို့ရောက်ကတည်းက မထင်မရှားပုံစံနှင့် ခပ် ကုတ်ကုတ်နေနေသော ရှောင်ပင်းသည်တစ်စုံတစ်ရာကိုအလေး အနက် စဉ်းစားနေဟန်ရှိ၏၊ သူက စားပွဲတွင်ထိုင်နေသူ တစ် ယောက်စီအား အကဲခတ်ဟန်ကြည့်၏၊ ပြီးနောက် ချောင်းတစ် ချက်ဟန့်လိုက်ပြီး....

'မုံယုံချင်းရဲ့ဝေဒနာကို ကုစားဖို့အတွက် ဘယ်လိုလုပ်ကြ မလဲ၊ အခုအချိန်မှာ ကျွန်တော်တို့ အရေးတကြီးစဉ်းစားရမှာ တွေ့ဒါပဲ၊ ဒါကိစ္စဖြေရှင်းပြီးရင် ရန်သူကို ပြတ်ပြတ်သား သား ရင်ဆိုင်ဖို့ပဲရှိတယ်၊ ရန်သူဟာ ဘယ်လောက်ထက်မြက် တဲ့ သိုင်းပညာရှင်ပဲဖြစ်ဖြစ်၊ ဘယ်လောက်ပဲအင်အားကောင်း ကောင်း မှုစရာမလိုပါဘူး၊ ကျွန်တော်တို့တတွေ စည်းစည်း လုံးလုံး သီသီညွတ်ညွတ်နဲ့ တိုက်ခိုက်ရင် ရန်သူ နာလန်ထူနိုင် မှာတောင်မဟုတ်ဘူး၊ စည်းလုံးညီညွတ်ခြင်းဆိုတာ အရာရာကို လွှမ်းမိုးနိုင်တဲ့အင်အားပါ'

စားပွဲတွင်ထိုင်နေသူအားလုံး၏အကြည့် သူ့ထံသို့ရောက် လာ၏၊ ထင်းလုံသည် သူ၏စကား ကိုလက်ခံဟန် ခေါင်းတဆတ် ဆတ်ညိတ်ပြီး...



'မုံယုံချင်းကိုဆေးကုဖို့အတွက် အစီအစဉ်ရှိပါတယ်၊ ဒီအစီ အစဉ်ကို ပြည့်စုံသထက်စုံအောင်၊ ကောင်းသထက်ကောင်း အောင် တိုင်ပင်ကြတာပေါ့'

'လောလောဆယ်မှာ ရန်သူကိုထိပ်တိုက်ရင်မဆိုင်ပဲ လှည့် စားရမယ်၊ ရှောင်ပင်းပြောသလို မုံယုံချင်းရဲ့ကိစ္စစီစဉ်ပြီး တာနဲ့ ရန်သူကိုပြတ်ပြတ်သားသား ရင်ဆိုင်ကြမယ်....၊ အမှန် တရားအတွက် တိုက်ပွဲဝင်ကြတာ ကြောက်နေ တွန့်ဆုတ်နေ စရာအကြောင်းမရှိပါဘူး၊ နိုင်ရင်နိုင်မယ်....မနိုင်ရင်ရှုံးမယ်၊ အဖြေဟာ ဒီနှစ်ခုထဲကတခုပဲရှိမယ်'

'ညီလေးမှာ ဘာအစီအစဉ်ရှိသလဲဆိုတာပြောပေါ့၊ အစ်ကို ကြီးတို့က အစီအစဉ်ကောင်းမကောင်း ဝေဖန်ကြည့်မယ်၊ လို အပ်တာရှိ [illegible] ဖြည့်စွက် အကြံပြုမယ်၊ အစီအစဉ်ကို အမြန်ဆုံး လုပ်ဖို့မတော့လိုတယ်၊ ရန်သူကသိဂ်ပါးနပ်တယ်၊ သိပ်ကောက် ကျစ်စဉ်းလဲတယ်၊ ဒီလိုရန်သူမျိုးကိုရင်ဆိုင်ဖို့ ကြိုတင်ပြင်ဆင်မှု တွေ အများကြီးလိုတယ်'

ထင်းလုံက သူ့အစီအစဉ်ကိုပြောပြ၏၊ သီ[illegible]ဟန်အပါ အဝင် လူကြီးများက အကြံပြုဝေဖန်ကြ၏၊ သူတို့ဘဒ္ဒ အစီ အစဉ်တစ်ခုကို အတည်ပြုပြီးချိန်၌ မိုးလင်းလုနီးနေပြီဖြစ် သည်။

* * *

ရီဝေချိန်က တစ်ချက်သန်းဝေလိုက်သည်။ သူ၏သန်းဝေသံကိုကြားပြီး ကျန်လူများပါ တစ်ယောက်ပြီးတစ်ယောက်သန်းဝေကုန်ကြ၏။

ကောင်းလီက သန်းဝေနေသူများကိုကြည့်ပြီး ပြုံး၏။ ပြုံးမှင်းနှင့် သူ၏မျက်လုံးအစုံ မြေအောက်ခန်းအဝင်တံခါးဆီသို့ ရောက်သွား၏။

မြေအောက်ခန်းအဝင်တံခါး ဖြည်းညင်းစွာပွင့်သွားလေသည်။

တံခါးပေါက်တွင် အိမ်တော်ထိန်းကြီးအား ရပ်လျက်သားတွေ့ရ၏။

'ဘာအကြောင်းထူးလို့လဲ မသိဘူး၊ အိမ်တော်ထိန်းကြီးလာနေပြီ'

ကောင်းလီ၏အသံကြောင့် အားလုံး၏အကြည့် အိမ်တော်ထိန်းကြီးထံသို့ ရောက်သွား၏။ အိမ်တော်ထိန်းကြီးက လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုရင်း....

'ဆရာကြီးဆွေယန်ကြည်နဲ့တွေ့ချင်လို့ ဧည့်သည်တွေရောက်နေပါတယ်'

သူ့စကားကြောင့် ဆွေယန်ကြည် မျက်မှောင်ကြုတ်သွားသည်။

'ကျုပ်ကိုတွေ့ချင်တဲ့ဧည့်သည် ဟုတ်လား၊ ကျုပ်ဒီကိုရောက်နေတာ ဘယ်သူကသိလို့လဲ၊ တော်တော်ထူးဆန်းပါလား၊ ဧည့်သည်တွေက သူတို့ကိုယ်သူတို့ ဘယ်သူဘယ်ဝါလို့ပြော



'သူတို့ကိုယ်သူတို့ ဘယ်သူဘယ်ဝါဆိုတာမပြောဘူး၊ ဟောဒီပစ္စည်းလေးပဲပေးလိုက်တယ်၊ သူတို့အားလုံးသုံးယောက်ပါ၊ အဘွားကြီးတစ်ယောက်နဲ့ အသက်ငယ်ငယ်ချောချော မိန်းကလေးနှစ်ယောက်ပဲ'

အိမ်တော်ထိန်းက စကားပြောရင်း သူ့လက်ထဲတွင်ကိုင်ထားသည့်အရာကို လှမ်းပေးသည်။ ထိုအရာမှာ နှင်းဆီပန်းတစ်ပွင့်ဖြစ်ပြီး သွေးအရောင်ကဲ့သို့ နီရဲနေ၏။

သွေးနီရောင်နှင်းဆီပွင့်ကိုမြင်သည်နှင့် ဆွေယန်ကြည်၏မျက်နှာတွင် အံ့သြတွေဝေဟန်တွေဝင်လာသည်၊ သူက ပန်းပွင့်ကိုကိုင်ပြီး တစ်ချက်ငိုင်သွားသည်၊ ပြီးနောက် ပန်းပွင့်ကို အနားတွင်ရှိသောရီဝေချိန်အား လှမ်းပေး၏။

'သူလိုက်လာပြီ'

'သူ့ကမည့်ခလေးတွေ လာပြီးမှညာပြိုင်တဲ့နောက်မှာ သူရောက်လာတော့မယ်ဆိုတာ ငါရိပ်မိပါတယ်၊ သူရောက်လာတာ ရန်သူရောက်လာတာမှမဟုတ်ပဲ ထွက်တွေ့လိုက်ယုံပဲရှိတာပေါ့'

ဆွေယန်ကြည် ခေါင်းညိတ်၏၊ သူက ရီဝေချိန်၏လက်ထဲမှ သွေးပန်းပွင့်ကိုပြန်ယူရင်း...

'ငါသွားတွေ့မယ်၊ မင်းလဲလိုက်ခဲ့ပါ ရီဝေချိန်၊ ရှောင်ပင်းကိုပါခေါ်ခဲ့ရင် ကောင်းမယ်'

ဆွေယန်ကြည်က ရီဝေချိန်အားပြောရင်း ထင်းလုတို့ဘက်သို့ လှည့်လိုက်သည်၊ သူက ရင့်ကျက်တည်ငြိမ်သောအမူအယာနှင့်....

'အခုဒီကိုရောက်လာတာ ဒေဝီဂိုဏ်းရဲ့သခင်မကြီးပဲ၊ ကျုပ်တို့ သူနဲ့သွားတွေ့မယ်၊ ဒေဝီဂိုဏ်းလာ သွေးဂိုဏ်းနဲ့ မဟာမိတ်ဖွဲ့ထားတော့ သတိထားဖို့လိုတယ်....၊ ဒါပေမယ့် သူတို့ဟာကျုပ်တို့ရဲ့ရန်သူမဖြစ်နိုင်ဘူးလို့ ကျုပ်ယုံကြည်တယ်၊ တကယ်လို့ ရန်သူဖြစ်နေမယ်ဆိုရင်လဲ ဒီကိစ္စကို ကျုပ်ဘာသာကျုပ်ပဲ ရှင်းပါ့မယ်'

ဆွေယန်ကြည်က ထင်းလုံတို့အားလှည့်မပြောရင်း အိမ်တော်ထိန်းကြီးနှင့်အတူ မြေအောက်ခန်းမှထွက်သည်၊ ရီဝေချိန်နှင့် ရှောင်ပင်းတို့က သူတို့နောက်မှလိုက်၏။

ရှောင်ပင်းသည် ဆွေယန်ကြည်နောက်သို့လိုက်ရင်း ထူးခြားသော အဖြစ်အပျက်တစ်ခုနှင့် ရင်ဆိုင်တွေ့ရတော့မည်ဟု သူ့စိတ်ကထင်နေ၏၊ ဒေဝီသုံးဖော်အနက် နှစ်ယောက် ဧည့်ခန်းဆောင်သို့ရောက်နေကြောင်းသိရပြီး ထိုရောက်နေသူနှစ်ယောက်တွင် ချူရင်များပါနေလေမည်လားဆိုသည့် အတွေးက သူ့ကိုရင်ထိတ်နေစေ၏။

အိမ်တော်ထိန်းကြီးသည် ဧည့်ခန်းဆောင်ဆီသို့ဦးတည်ပြီး လျှောက်၏၊ ဧည့်ခန်းဆောင်ရှေ့သို့အရောက်တွင်သူက အတွင်းသို့မဝင်ဘဲ တံခါးဝ၌ရပ်သည်။

'ဧည့်သည်တွေ အခန်းထဲမှာရှိနေပါတယ်'

ဆွေယန်ကြည်က အိမ်တော်ထိန်းကြီးအား ခေါင်းညိတ်ပြသည်။

ပြီး....ဧည့်ခန်းဆောင်သို့လှမ်းဝင်၏၊ သူ့နောက်မှ ရီဝေချိန်နှင့် ရှောင်ပင်းတို့ လိုက်ဝင်ကြ၏။



ဧည့်ခန်းဆောင်ရှိထိုင်ခုံများတွင် ချူရဲ၊ ချူရင်တို့နှင့်အတူ အိုမင်းရင့်ရော်နေသော အဘွားအိုတစ်ယောက်ထိုင်နေသည်၊ ထိုအဘွားအိုက ဆွေယန်ကြည်တားတွေ့သည်နှင့် နေရာမှဆတ်ခနဲထလိုက်ပြီး....

'အစ်ကို'

အဘွားအို၏အသံ တုန်ရီလှိုက်ထစ်စွာ ပေါ်လာသည်၊ ဆွေယန်ကြည်က အဘွားအိုအနားသို့ လျင်မြန်စွာတိုးကပ်သွား၏၊ သူက အဘွားအို၏လက်ကိုလှမ်းကိုင်လိုက်သည်။

'ညီမ ချူယောင်၊ မင်း ဒီထိအောင် ဘာဖြစ်လို့လိုက်လာတာလဲ'

ချူယောင်ဟုအခေါ်ခံရသည့် အဘွားအိုက ပြုံးလိုက်၏၊ သူ့မျက်နှာတွင် ကြည်နူးခြင်းနှင့် ကြေကွဲခြင်း ရောယှက်နေသော အပြုံးတစ်ရပ်ပေါ်နေသည်။

'အစ်ကို့ဆီက ခွင့်လွှတ်တယ်ဆိုတဲ့စကားကို ကြားချင်လို့ နှစ်တွေအကြာကြီးစောင့်နေခဲ့ရတာပါ၊ အခု အစ်ကိုကခွင့်လွှတ်တယ်ဆိုတော့ အပြင်ကိုလုံးလုံးမထွက်ပဲနေခဲ့ရာက အစ်ကိုနဲ့ တွေ့ဖို့ ထွက်လာခဲ့တာ၊ အစ်ကိုလေးကကော အစ်ကို့လိုပဲ ညီမကိုခွင့်လွှတ်တယ်မဟုတ်လား'

ဆွေယန်ကြည်အား ပြောရင်းမှ အဘွားအိုချူယောင်က ရီဝေချိန်ဘက်သို့လှည့်မေးသည်၊ ရီဝေချိန်သည် ပြုံးရွှင်ချိုသာသော မျက်နှာနှင့် ခေါင်းညိတ်လိုက်သည်။

'ညီမကိုအပြစ်မယူပါဘူး၊တစ်ချိန်တုန်းကညီမဟာ အသက်ငယ်သေးတယ်၊ အကောင်းအဆိုးကို ခွဲခြားမသိတဲ့အရွယ်ဆို

တော့ စိတ်အလိုလိုက်ပြီးမှားခဲ့တယ်....၊ ဒီအမှားတွေအတွက် အစ်ကိုတို့ခွင့်လွှတ်ခဲ့တာ ကြာပါပြီ'

'ညီမကတော့ ကိုယ့် မှားအတွက် ဒီနေ့ထိအောင် ဖြေလို့မရပါဘူး၊ ညီမတို့မောင်နှမသုံးယောက် အမွေဆက်ခံရမယ့် သိုင်းကျမ်းတစ်ဆူဟာ ညီမကြောင့် မသမာသူလက်ထဲကိုရောက်သွားခဲ့တယ်၊ ဒီ....ဒီအတွက်'

'ဟား ဟား... ညီမက သွေးမော်ကွန်းသိုင်းကျမ်းအတွက် သောကရောက်နေတာကိုး....၊ အစ်ကိုတို့ မင်းကိုစိတ်ဆိုးတာ အဲ့ဒီသိုင်းကျမ်းပါသွားလို့မဟုတ်ပါဘူး၊ စည်းကမ်းထိန်းသိမ်းရမှာကို မထိန်းသိမ်းတဲ့အတွက်၊ စိတ်အလိုကိုအလွယ်လိုက်တဲ့အတွက ဒေါသဖြစ်ကြတာပါ၊ ဒါကို ညီမကချက်ချင်းသိပြီး ထွက်ပြေးသွားခဲ့တော့ ဘယ်သို့မှရှင်းပြခွင့်မရခဲ့ဘူး လူယုတ်မာတစ်ယောက်က ညီမကိုလှည့်စားပြီးယူသွားတဲ့ သိုင်းကျမ်းဟာ သွေးမော်ကွန်းသိုင်းကျမ်းအစစ် မဟုတ်ပါဘူး၊ ဆရာကိုယ်တိုင်က မူပွားအဖြစ်ပွားထားတဲ့ သိုင်းကျမ်းပါ၊ ဒါကို အစ်ကိုလဲမသိဘူး....ဆွေယန်ကြည် ကတစ်ယောက်တည်းသိတယ်၊ ညီမထွက်သွားပြီးတဲ့နောက် ဆွေယန်ကြည်က အစ်ကို့ကို ဒီအကြောင်းတွေပြောပြတယ်....ဒါနဲ့ပဲ အစ်ကိုတို့နှစ်ယောက် ညီမကိုလိုက်ရှာခဲ့တာ အခုနေ့အထိပဲ....အစ်ကိုတို့ဟာ မထင်မှားတဲ့နေ့နေပြီး ညီမရဲ့သတင်းကို စုံစမ်းတယ်....ညီမကို ဖျားယောင်းသွားတဲ့ လူယုတ်မာနဲ့ပတ်သက်ပြီး စုံစမ်းလို့မရသလို ညီမနဲ့ပတ်သက်လို့လဲ စုံစမ်းလို့မရခဲ့ဘူး'

'ညီမ အစ်ကိုတို့ဆီကနေ ထွက်သွားပြီး နောက်တစ်နေ့



မှာပဲ ကိုယ့်ကိုယ်ကို မှားမှန်းသိခဲ့တယ်.. လူယုတ်မာ ရေခဲမျက်နှာဟာ မြို့လေးတစ်မြို့မှာ ညီမကိုထားခဲ့ပြီး ထွက်ပြေးသွားကယ်....သူဟာ ဘယ်သူလို့ထင်သလဲ....တစ်ချိန်က ကျော်ကြားခဲ့တဲ့ နတ်မိမယ် ကူးကျင်းဝင်ရဲ့သစ္စာခံဘဲလည့်ပဲ'

'ဟင်....ဒါအမှန်ဘဲလား ညီမ'

အဘွားအိုချူးယောင် ခေါင်းညိတ်ပြ၏။

'အမှန်ပါအစ်ကို သူကိုယ်တိုင်က ဖွင့်ပြောခဲ့တယ်....အခု သွေးဂိုဏ်းချုပ်ဟာ သူများဖြစ်နေမလားလို့သိချင်တာနဲ့ ညီမရဲ့တပည့်တွေကို တာဝန်ပေးခဲ့တယ်'

'ညီမတို့ အခုသွေးဂိုဏ်းချုပ်ကို ရုပ်လုံးဖော်မိပြီလား'

အဘွားအိုက ခေါင်းခါပြသည်။

'အစ်ကိုတို့အထင်တော့ သွေးဂိုဏ်းချုပ်ဟာ နတ်မိမယ် ကူးကျင်းဝင်ဘဲ....ညီမက သွေးဂိုဏ်းချုပ်အပေါ် ဘယ်လိုလုပ်သံသယဝင်မိတာလဲ'

'သူ့ရဲ့သိုင်းပညာကြောင့်ပါ၊ သူသုံးတဲ့သိုင်းကွက်တွေဟာ သွေးမော်ကွန်းသိုင်းကွက်တွေပဲ၊ ဒါကြောင့် ညီမကိုလှည့်စားသွားတဲ့လူဟာ သူပဲဖြစ်ရမယ်လို့ထင်တယ်'

ဆွေယန်ကြည်က သက်ပြင်းချလိုက်၏၊ သူက အဘွားအိုချူးယောင်အား ထိုင်ရန်လက်ပြပြီး သူကိုယ်တိုင်လည်းထိုင်ခုံ၌ဝင်ထိုင်၏။

ရေခဲမျက်နှာက သူရလိုက်တဲ့သိုင်းကျမ်းကို သူ့ဆရာလက်ထဲအပ်တာဖြစ်ရမယ်....ဒါကြောင့် သွေးဂိုဏ်းချုပ်ဟာ သွေးမော်ကွန်းသိုင်းပညာကို တတ်နေတာပေါ့....ဒါပေမယ့်သူက

အဆင့်ခြောက်ဆင့်စလုံး ပြီးအောင် လေ့ကျင့်အောင်မြင်ပုံ မပေါ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သိုင်းကျမ်းအစစ်နဲ့ မှုပွားမှာ အောက်ဆုံးအဆင့်ဖြစ်တဲ့ အဆင့်ခြောက်တစ်ခုပဲ ကွဲလွဲမှု ရှိတယ်....မူရင်းအဆင့်ခြောက်က လေ့ကျင့်ရင် မအောင်မြင်တာ အောင်မြင်ကာပဲရှိမှာယ်....လေ့ကျင့်တဲ့လူကိုဒုက္ခမပေးဘူး မှုပွားအဆင့်ခြောက်က လေ့ကျင့်တဲ့လူရဲ့ အတွင်းအားကို ကမောက်ကမဖြစ်စေတယ်’

အဘွားအိုချူးယောင်က ခေါင်းတဆတ်ဆတ်ညိတ်သည်၊ သူသည် ယခုအချိန်မှ စိတ်ချမ်းသာသွားဟန်နှင့် အသာအယာ ပြုံး၏။

‘ဒီအကြောင်းတော့ အရင်ကတည်းက ညီမသိခဲ့ရင် အခုလို ညီမတို့တတွေ ခွဲခွာနေတဲ့အဖြစ်မျိုး ဖြစ်မှာမဟုတ်ဘူး၊ အမှန်တော့ ညီမ အမှားကြီးမှားခဲ့တာပေါ့....အစ်ကို့ကို အရှဲ့တိုက်ချင်စိတ်နဲ့’

‘ဒါတွေကိုမပြောပါနဲ့ တော့ညီမရယ်....အစ်ကိုနားလည် သဘောပေါက်ပါတယ်....အဲဒီအချိန်က အစ်ကိုဟာ အစ်ကိုကြီးတစ်ယောက်ဖြစ်နေတော့ ကိုယ့်စိတ်ကိုကိုယ် ထိန်းပြီးနေရတယ်....ဒါကို အသက်ငယ်သေးတဲ့ ညီမက ဘယ်နားလည်မလဲ....ဒီအချိန်မျိုးမှာ ညီမက ခွန်နွဲ့ညာလှိုင်းတဲ့ လူကိုယူပြီး သူ့နောက်ပါသွားတာပေါ့၊ ဒါတွေအားလုံးပြီးဆုံးသွားခဲ့ပါပြီ....အခု အစ်ကိုတို့အနေနဲ့ ကျရောက်နေတဲ့ ဘာအခြေမှာ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရမယ်....သွေးမော်ကွန်း သိုင်းကျမ်းဟာ အစ်ကိုတို့သုံးယောက်ပိုင်ပါ....ဆရာက အစ်ကိုတို့



သုံးယောက်ကို သုံးပိုင်းခွဲပြီး သင်ပေးခဲ့တယ်....သုံးယောက် ပေါင်းလိုက်ရင် သိုင်းကျမ်းတစ်ခု ပြည့်စုံသွားလိမ့်မယ်....ဒီအကြောင်း ဆရာမဆုံးခင်မှာ အစ်ကို့ကို အသေအချာပြောခဲ့တယ်....အခု အစ်ကိုတို့က အစ်ကိုတို့တပည့်ကို သွေးမော်ကွန်းသိုင်းကျမ်းရဲ့ အပိုင်းနှစ်ပိုင်းကို သင်ပေးထားတယ်....သူ့ကို ညီမတတ်ထားတဲ့အပိုင်း ဆက်သင်ပေးလိုက်ရင် သူဟာ သွေးမော်ကွန်းသိုင်းကျမ်းကို ပြည့်ပြည့်စုံစုံ တတ်သွားလိမ့်မယ်’

အဘွားအိုချူးယောင်က ရှောင်ပင်းအား ဖျတ်ခနဲလှမ်း ကြည့်၏။

‘အစ်ကို့တပည့်က သူလား’

‘ဟုတ်တယ် ညီမ၊ သူ့ကို သင်ပေးထားသလို ညီမတပည့်ထဲက တစ်ယောက်ကိုလဲ အစ်ကိုတို့ သုံးယောက်ပေါင်းပြီး သိုင်းပညာသင်ပေးမယ်....ဒါဆိုရင်သူတို့ဟာ သွေးမော်ကွန်း သိုင်းကျမ်း အမွေခံတွေဖြစ်လာလိမ့်မယ်’

အဘွားအိုချူးယောင်က ခေါင်းတဆတ်ဆတ်ညိတ်သည်၊ သူက ချူရင်အား ဖျတ်ခနဲလှမ်းကြည့်ပြီး....

‘ညီမဘပည့်ထဲက သူ့ကိုသင်ပေးတာပေါ့၊ ညီမရဲ့တပည့်ကြီးကိုတော့ သွေးဂိုဏ်းချုပ်နဲ့ အဆက်အသွယ်မပြတ်အောင် ထားခဲ့တယ်....ညီမက အစ်ကိုတို့နဲ့တွေ့ပြီး တစ်နေရာမှာခိုနေမယ် စဉ်းစားထားတာ’

'တစ်ခြားကိုသွားနေစရာမလို၊ ဘူး ညီမ အစ်ကိုတို့ဒီမှာပဲ နေလို့ရတယ်၊ ရန်သူကိုရှာရင်း အစ်ကိုတို့မုယုံမိသားစုကို ကူညီကြတာပေါ့'



## အခန်း (၂၆)

## အချစ်အဆိပ်သင့်သူ

မုယုံခြံဝင်းတွင် အော်သံဟစ်သံ၊ တိုက်ခိုက်သံတို့ဖြင့် ဆူညံသွားသည်၊ ခြံဝင်းအတွင်းရှိ အစေခံများနေအိမ်ဘက်မှ မီးတောက်မီးလျှံတွေ ပေါ်လာသည်၊ မီးရောင်တွင် အပြန်အလှန်တိုက်ခိုက်နေသူ၊ အော်ဟစ်ပြေးလွှားနေသူများကိုတွေ့ရသည်။

ရှောင်ပင်းတို့လူစုသည် မုယုံခြံဝင်းအတွင်းသို့ ပြေးဝင်လာနေသော ဒသူ့စိကားသားများအား အပြင်းအထန်တိုက်ခိုက်နေသည်၊ တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း မုယုံဂေဟာ၏ မြေအောက်ခန်းနှင့်ဆက်နေသော လျှို့ဝှက်လမ်းမှ လူငါးယောက်ထွက်ခွာသွားသည်၊ ထိုငါးယောက်မှာ ထင်းလုံတို့ ဇနီးမောင်နှံ၊ မုယုံချင်းတို့သားအမိနှင့် ဆီယန်ပင်တို့ပင်ဖြစ်သည်။

သူတို့သည် လျှို့ဝှက်လမ်းမှတစ်ဆင့် မုယုံခြံဝင်းနှင့်မနီးမဝေးရှိ တူးမြောင်းသို့ဝင်သည်၊ ထိုတူးမြောင်းတွင်အသင့်ရှိနေသော ပေါင်းမိုးဘင် လှေတစ်စီးနှင့် မြို့ပြင်ကိုထွက်၍၊ မြို့ပြင်မြစ်အဘွင်း၌ ရှက်လှေဘစ်စင်းဆိုက်ရပ်ထားပြီး ထင်းလုံးတို့က ထိုရှက်လှေပေါ်သို့တက်ကာ ရှက်လွှင့်ထွက်ခွာသွား၏။

တူးမြောင်းအတွင်းမှလှေနှင့် မြစ်အတွင်းမှ ရှက်လှေတို့မှာ အဘွားအိုချူယောင်၏ အစီအစဉ်ဖြင့် ရောက်ရှိနေခြင်း ဖြစ်သည်၊ အဘွားအိုချူးယောင်က ထင်းလုံတို့ မုယုံခြံဝင်းမှ ထွက်ခွာရာ၌ အကူအညီပေးသည့်သဘောနှင့် လှေသဘော်ာတို့ကိုအသုံးပြုခွင့်ပေးလိုက်ခြင်းဖြစ်သည်။

ထင်းလုံတို့ထွက်ခွာသွားပြီး အတန်ကြာသည်ထိ မုယုံခြံဝင်းအတွင်းမှ တိုက်ပွဲဆက်လက်ဖြစ်ပွားနေသည်၊ သေွးဂိုဏ်းသားများသည် သိုင်းစွမ်းအားကြီးမားသော ရှောင်ပင်းတို့လူစုကို တိုက်ခိုက်ရင်း အရှုံးကြီးရှုံးကာ ပြန်လည်ထွက်ခွာသွား၏။

ရန်သူများထွက်ခွာသွားသည်နှင့် ရှောင်ပင်းတို့ကခြံဝင်းတစ်ခုလုံးတွင် အစောင့်အကြပ်များ တင်းတင်း ပ်ကျပ်ချသည်၊ တိုက်ပွဲဝင်ခဲ့သော ဆွေယန်ကြည်တို့ကို ဝါရင့်သိုင်းပညာရှင်ကြီးများ ခေတ္တအနားယူသည်။

ရှောင်ပင်းသည် အနားမယူဘဲ ခြံဝင်းအတွင်းလှည့်ပတ်စစ်ဆေး၏၊ ရန်သူအလောင်းများကိုစုကာ မြင်းလှည်းတစ်စီးပေါ်သို့တင်ပြီး မြင်းပျံ့အာမခံမှ္ဘာနရှေ့သို့ အရောက် မောင်းသည်၊ သူကလုပ်ဆောင်ဖွယ်ရာများကိုလုပ်ဆောင်ပြီးချိန်၌ ညအတော်နက်နေပြီဖြစ်သည်၊ သူသည်အိမ်အတွင်း၌ လှည့်ပတ်ကြည့်ရှုပြီး မြေအောက်ခန်းသို့ဆင်းသည်။



မြေအောက်ခန်းတွင် ဆွေယန်ကြည်တို့လူစုရှိနေကြသည်၊ ရှောင်ပင်းသည် ဆွေယန်ကြည်တို့ရှေ့တွင်ထိုင်လိုက်ပြီး....

'ကျွန်တော် ရန်သူ့အလောင်းတွေကို မြင်းပျံ့အာမခံဌာနရှေ့ပို့ခဲ့တယ်ဘိုးဘိုး....အခုတိုက်ပွဲပြီးသွားတဲ့ထိ ခါးဘုရင်မနဲ့ကျင်းဝီတို့ ပြန်မရောက်လာကြသေးဘူး'

'သူတို့ပြန်ရောက်လာကြမှာပါ၊ အခုဒီနေရာမှာနေလက်စနဲ့ ငါတို့တတွေဟာစခါတည်း ခြေရာဖျောက်လိုက်ရင် ကောင်းမယ်၊ ဒီနေရာမှာထင်းလုံတို့လူစုအဖြစ်နဲ့ ရုပ်ဖျက်ဟန်ဆောင်ပြီးနေနေတာထက် ထင်းလုံတို့သွားတဲ့လမ်းနဲ့ ဆန့်ကျင်ဘက်လမ်းကိုထွက်သွားရင်ကောင်းမယ်'

ဆွေယန်ကြည်က သူ့စိတ်ကူးကို ထုတ်ဖော်ပြောလိုက်သည်၊

ဆရာကြီးရဲ့စိတ်ကူးက ကောင်းပါတယ်၊ ဒါပေမယ့် ထင်းလုံတို့က ဒီကိုဆက်သွယ်လာမယ်ဆိုရင် ဆက်သွယ်လို့မရဖြစ်လိမ့်မယ်'

ဆီယူဟာန်က မျက်မှောင်ကြုတ်စဉ်းစားနေရင်းမှ ဝင်ပြောသည်၊

'ဒီအတွက်စိတ်ပူစရာမလိုပါဘူး၊ ဒီအိမ်မှာအိမ်တော်ထိန်းကြီးရှိနေတာပဲ၊ သူတို့အကျိုးအကြောင်းပြောခဲ့ရင် ပြီးတာပဲ ကျွန်တော်တို့ထွက်သွားရင် ဒီနေရာမှာ ကျင်းဝီဘ အာဏာအရှိဆုံးဖြစ်လာလိမ့်မယ်၊ ဒါပေမယ့် မုယုံချင်းတို့ကသူတို့ရဲ့

အတွင်းပစ္စည်းတွေကို သိမ်းဆည်းသွားပြီး မုယုခြံဝင်းက လူတွေရဲ့စားဝတ်နေရေးအတွက် ငွေတိုက်မှာ ငွေတွေအပ်နှံထားဖို့ အိမ်တော်ထိန်းကြီးကိုစီစဉ်ပေးခဲ့တယ်ဆိုတော့ ကျွင်းဝိအနေနဲ့ အခု ချည်းသက်သက် ကျန်တဲ့အိမ်က အိမ်ရှင် တစ်ယောက်ပဲ ဖြစ်ရလိမ့်မယ်'

ဆွေယန်ကြည်က ခပ်ပါးပါးမျှသာရှိသော သူ့မုတ်ဆိတ်ကိုလက်ဖြင့်သပ်သည်။

'ကျုပ်တို့ ထွက်သွားလို့လဲ ဒီအိမ်မှာ အပြောင်းအလဲတွေများများစားစားရှိမှာမဟုတ်ပါဘူး၊ အိမ်တော်ထိန်းကြီးက အခြေအနေကို ထိန်းသိမ်းနိုင်မှာပါ၊ ကျုပ်ရည်ရွယ်ချက်က ထင်းလုံတို့အန္တရာယ်ကင်းရေးနဲ့ သွေးကိုဏ်းသားတွေ ထင်ထင်ပေါ်ပေါ်လှုပ်ရှားနိုင်ရေးပဲ၊ မုယုခြံဝင်းမှာ ဘယ်သူမှမရှိတော့ဘူးဆိုရင် သွေးကိုဏ်းချုပ်ဗျာများသွားလိမ့်မယ်၊ သူက သွေးဂိုဏ်းသားတွေကို အမိန့်ပေးပြီး ကျုပ်တို့ကိုရှာမှာပဲ၊ ကျုပ်တို့ဒီနေရာမှာနေ သိပ်ဝေးဝေးကိုမသွားဘဲ တစ်နေရာမှာခိုနေကြမယ်၊ သွေးဂိုဏ်းက ပြောင်ကျကျလှုပ်ရှားလာတဲ့အခါ ဒီကိုပြန်လာမယ်၊ ကျုပ်တို့ကပုန်းအောင်းနေတဲ့ သွေးဂိုဏ်းချုပ်ကို အပြင်ထွက်လာအောင်လုပ်ရမှာပဲ'

မြေအောက်တံခါး ပွင့်သွားပြီး အိမ်တော်ထိန်းကြီး ဝင်လာသည်၊ သူက ရှောင်ဖင်းတို့လူစုအတွက် စားသောက်ဖွယ်ရာများယူလာခြင်းဖြစ်ပြီး စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ ပါသော ခြင်းကိုချသည်၊

'ခြံဝင်းထဲမှာ အေးအေးချမ်းချမ်းရှိရဲ့လား အိမ်တော်ထိန်းကြီး'

ဆီယူဟန်က စားသောက်ဖွယ်ရာများ ပြင်ဆင်နေသော အိမ်တော်ထိန်းကြီးကိုမေးသည်။

'ကျွန်တော်ထွက်လာတဲ့အချိန်ထိ အေးအေးချမ်းချမ်းရှိနေပါတယ်'

'ကျွင်းဝိနဲ့ ဓားရဲတိုက် သခင်မတော ပြန်ရောက်လာပြီလား....'

အိမ်တော်ထိန်းကြီးက မေးခွန်းထုတ်သောသည်၊ ရှောင်ဖင်းဘက်သို့လှည့်ပြီး ခေါင်းခါပြသည်၊

'သူတို့ပြန်မရောက်ကြသေးဘူး၊ သူတို့နှစ်ယောက် မြင်းပျံအားမခံဌာနမှာရှိနေတယ်လို့ အပြင်ကိုကင်းထောက်ဖို့ ထွက်သွားတဲ့လူကပြန်ပြောတယ်၊ မြင်းပျံအားမခံဌာနမှာ လူသေအလောင်းတွေရောက်လာလို့ ပွက်လောရိုက်နေတယ်လို့ ပြောတယ်၊ အခုအချိန်မှာ သူတို့တွေ ဗျာများနေလို့ ညတွင်းချင်းနောက်တစ်ကြိမ်လာတိုက်မယ်မထင်ပါဘူး'

ဆွေယန်ကြည်သည် အိမ်တော်ထိန်းကြီး ချပေးသော ပေါက်စီကိုစားရင်းမှ ခေါင်းခါသည်၊

'ရန်သူကို လျှော့မတွက်ပါနဲ့ သူတို့အားလုံးလုပ်နိုင်တယ်လို့နားလည်ထားပါ၊ သွေးဂိုဏ်းချုပ်က တစ်ခြားလူတွေနဲ့မတူဘူး၊ ဘယ်သူမှ မထင်မှတ်တာကို ထထလုပ်တတ်တယ်နောက်တစ်ကြိမ်သူတို့ရောက်လာပြီး တိုက်ခိုက်ရင် ခံချားတို့အရှုံးပေးလိုက်ပါ၊ ကျုပ်တို့ထွက်မတိုက်ဘူး၊ သူတို့မျှော်လင့်တဲ့အချိန်မှာ ဒီကနေထွက်သွားမယ်၊ အိမ်တော်ထိန်းကြီး

ဒီမှာနေရင်း ဘာလုပ်ရမလဲဆိုတာ ကျုပ်ပြောပြပါ့မယ်'

ဆွေယန်ကြည်က သူ့အစီအစဉ်ကို အိမ်တော်ထိန်းကြီးအား ပွင့်ပွင့်လင်းလင်း ပြောပြလိုက်သည်၊ အိမ်တော်ထိန်းကြီးက သဘောပေါက်ဟန်နှင့် နားထောင်သည်၊ ဆွေယန်ကြည်၏စကားဆုံးသွားသည်နှင့် တစ်ပြိုင်နက် သူကမြို့သိမ်းထိန်းသိမ်းနိုင်စွမ်းမရှိဘဲ မေးခွန်းထုတ်သည်။

'ဘာဖြစ်လို့ အခုလို အစီအစဉ်ပြောင်းလိုက်ရသလဲဆိုတာ ကျွန်တော်မသိရဘူးလား'

'အခုလိုအစီအစဉ်ပြောင်းလိုက်တာဟာ မုယုံချင်းတို့ရဲ့လှုံ့ဆော်မှုအတွက်ပဲ၊ ပြီးတော့ ကျုပ်တို့က ရန်သူကိုလဲလှည့်စားချင်တယ်'

အိမ်တော်ထိန်းကြီး သက်ပြင်းချလိုက်သည်၊ သူက ဆွေယန်ကြည်အား တောင်းပန်ဟန်နှင့်ကြည့်၍....

'ကျွန်တော်အခုလိုမေးတာဟာ ပြောင်းလဲလိုက်တဲ့ အစီအစဉ်ကို သဘောမကျလို့မဟုတ်ပါဘူး၊ အခြေအနေကို သိချင်လို့မေးတာပါ၊ အခုလိုလုပ်တာကောင်းပါတယ်၊ ဒီအိမ်နဲ့ပတ်သက်လို့တော့ ကျွန်တော် တာဝန်ထားပါ၊ သခင်မလေးတို့ပြန်ရောက်လာတဲ့ထိ အသက်နဲ့လဲပြီး ထိန်းသိမ်းစောင့်ရှောက်ပါ့မယ်၊ တကယ်လို့များ နှင်သူက ခြိမ်းခြောက်ပြီးမေးလာရင် သခင်မလေးရေးထားတဲ့စာကို ပြလိုက်ပါ့မယ်၊ စာက သခင်မလေး စိတ်ပြေလက်ပျောက် ခရီးထွက်သွားတဲ့အကြောင်း၊ အိမ်ကိုထိန်းသိမ်းစောင့်ရှောက်ထားဖို့အကြောင်း ရေးထားတဲ့စာပါ'



'ကောင်းပါတယ်၊ အိမ်တော်ထိန်းကြီးအနေနဲ့ အခုအချိန်ပြီး ကျုပ်တို့ ခရီးထွက်သွားပြီလို့ သဘောထားလိုက်ပေတော့'

အိမ်တော်ထိန်းကြီး ခေါင်းညိတ်ပြသည်၊ ပြီး အပေါ်ကို ပြန်တက်သွားလေသည်။

* *

ရှောင်ပင်းတို့သည် မြေအောက်လှိုဏ်ဂူလမ်းမှ တိတ်တိတ်ဆိတ်ဆိတ်ထွက်ခဲ့ကြ၏၊ သူတို့အသုံးပြုသည့်လမ်းမှာ မုယုံချင်းတို့အသုံးပြုသွားခဲ့သည့်လမ်းပင်ဖြစ်သည်။

မြို့ပြင်ကိုရောက်သည်နှင့် သူတို့က မုယုံချင်းတို့ထွက်ခွာသွားသော ဦးရေလမ်းနှင့်ဆန့်ကျင်ရာ တောင်ပေါ်သို့တက်ခဲ့ကြသည်။

ရှောင်ပင်းတို့လူစုမှာ စုစုပေါင်း ခုနစ်ယောက်ဖြစ်၏၊ ရုပ်ဖျက်ပညာရှင်ဖြစ်သော ဆီယွှုသန့်က ရှောင်ပင်းအား ထင်းလှီးအဖြစ်လည်းကောင်း၊ ချူရှင်အား ယုန်ကလေးအဖြစ်လည်းကောင်း၊ ချူရဲအား မုယုံချင်းအဖြစ်လည်းကောင်း ရုပ်ဖျက်ပေးထား၏၊ ကျန်လူများကမူ သူတို့၏ပင်ကိုယ်ရုပ်ရည်သွင်ပြင်နှင့်ဖြစ်သည်၊

စုကျိုးမြို့မှထွက်ခဲ့ပြီး မိုင်ငါးဆယ်မျှ ခရီးပေါက်သည်နှင့် ရွာတစ်ရွာကိုတွေ့ရ၏၊ ထိုရွာမှာ တောင်ပေါ်ရွာဖြစ်ပြီး မုဆိုးများ၊ သစ်ခုတ်သမားများနေထိုင်ရာ ရွာဖြစ်သည်၊

မြင်းလှည်းသမားအဖြစ်နှင့် နယ်စုံသွားလာဖူးသော ဆွေယန်ကြည်က ထိုရွာထဲသို့ဦးဆောင်ဝင်၏၊ ရွာသူကြီးဖြစ်သော မုဆိုးကျော်ကြီးမှာ ဆွေယန်ကြည်၏ မိတ်ဟောင်းဆွေဟောင်းဖြစ်၍ ဝမ်းသာအားရကြိုဆိုသည်၊ လူးတူးခြားခြားဧည့်ဝတ်ပြုသည်။

မုဆိုးကျော်ကြီးသည် သိုင်းလောကသား တစ်ဦးဖြစ်ပြီး ဒုစရိုက်ဂိုဏ်းဖြစ်သော သွေးဂိုဏ်းကိုမုန်းတီးသူဖြစ်၏၊ သူက



တောင်ပေါ်သို့နယ်ကျူးလာသော သွေးဂိုဏ်းသားများကို လှို့ဝှက်တွန်းလှန်တိုက်ခိုက်သူဖြစ်သည်။

မုဆိုးရွာသည် တောင်ပေါ်ရွာဖြစ်၍ ညဘက်တွင်အအေးပိုသည်၊ အိမ်ရှင်မုဆိုးကျော်ကြီးက ဆွေယန်ကြည်တို့အား မီးဖိုဘေးတွင်ထိုင်၍ ညစာစားရင်း အိုက်ရာပြင်ပေးသည်၊ မအိပ်ခင်မီးဖိုဘေးတွင်ထိုင်၍ စကားပြောကြ၏။

စကားဝိုင်း၌ ရှောင်ပင်း၊ ချူရှင်နှင့် ရှီခေါချိန်ကို မပါကြချေ၊ သူတို့က အမှောင်ရိပ်လာသည်နှင့် အပြင်သို့ထွက်ကြသည်၊ မုဆိုးကျော်ကြီး၏အိမ်နောက်ဘက် မြေကွက်လပ်၌ သွေးခေါ်ကုန်းသိုင်းပညာကိုသင်သည်၊ ညဝက်နီးနီး ပညာသင်ကြားခဲ့ပြီးမှ အိမ်ပေါ်သို့တက်ကြသည်။

သိုင်းပညာသင်ပြီး၍ ရှီခေါချိန် အိမ်ပေါ်သို့ တက်သွားသော်လည်း ရှောင်ပင်းနှင့်ချူရှင်တို့မှာ တက်ကျွမ်းသားသမျှ သိုင်းကွက်များကို လေ့ကျင့်ရန်နေခဲ့သည်၊ သူတို့က သုံးပိုင်းခွဲကာသင်ကြားရသော သိုင်းပညာကို ထမဖေးအိုးတစ်လုံး ကျက်ခန့်ကြာသည်ထိ လေ့ကျင့်ကြ၏၊ သန်းခေါင်တိုင်ကာနီးကျမှ သိုင်းပညာလေ့ကျင့်ခြင်းကို ရပ်နားလိုက်ကြ၏။

လပြည့်ည၏လရောင်က ထိန်ထိန်သာနေသဖြင့် တောင်စောင်းပေါ်၌ ဟိုတစ်အိမ်သည်တစ်အိမ် ဆောက်ထားသော အိမ်များကို ချစ်စဖွယ်လှပစွာတွေ့ရသည်၊ သူတို့က ရုတ်တရက်အိမ်ပေါ်သို့မတက်ကြသေးဘဲ လရောင်ရောက်သွင် ငြိမ်သက်နေသော ရွာရှုခင်းကို ငေးကြည့်နေကြ၏။

ရှောင်ပင်းသည် ရွာကိုငေးရင်းမှ သရောင်ဘွင် ဝင်းပ

နေသော ချူရင်၏မျက်နှာလေးကို ခိုးခိုးကြည့်သည်၊ ချူရင်အားကြည့်ရင်း သူ့ရင်ထဲ၌ ထူးခြားသော လှုပ်ရှားမှုလေး တစ်ရပ် ပေါ်နေ၏။

ချူရင်မှာလည်း ရှောင်ပင်းနှင့်အတူ ယှဉ်တွဲ၍ ရပ်နေရင်း စိတ်လှုပ်ရှားနေပုံရသည်။ သူက မကြာခဏဆိုသလိုပင် ရှောင်ပင်းအား မျက်လုံးဝေ့ကာကြည့်တတ်၏။

'ညီမ....'

ရှောင်ပင်း၏ခေါ်သံ တုန်တုန်ယင်ယင်နှင့်ပေါ်လာ၏၊ ချူရင်က ရွှန်းလဲ့တောက်ပသော မျက်လုံးအစုံကိုဝင့်ကာ ရှောင်ပင်းအားကြည့်သည်၊ ထိုမျက်လုံးများနှင့် ရင်ဆိုင်ရစဉ် ရှောင်ပင်း ရင်မှာလှိုက်ဖိုခုန်သွား၏။

'အစ်ကိုဘာပြောမလို့လဲ ဟင်'

ရှောင်ပင်းက ရုတ်တရက် စကားမဆိုနိုင်၊ သူ့တစ်ကိုယ်လုံး တစ်ဆတ်ဆတ်တုန်သွား၏၊ လှပလွန်းသော ချူရင်၏မျက်နှာကို ငေးကြည့်နေရာမှ သက်ပြင်းတစ်ချက်ချ၏၊ ချူရင်၏ နွေးထွေးသောလက်ဖဝါးကို သူက ညင်သာစွာဆုပ်ကိုင်လိုက်သည်။

'အခုကိစ္စပြီးရင် ဆရာတွေက အစ်ကိုတို့နှစ်ယောက်ကို လက်ထပ်ပေးမယ်လို့ ပြောတယ်၊ ညီမ ဘယ်လိုသဘောရသလဲ ဟင်'

ချူရင် ခစ်ခနဲ ရယ်လိုက်၏။

'ဆရာက စီစဉ်တာကို ညီမ ဘာပြောလို့ရမှာလဲအစ်ကို'

'မဟုတ်ဘူး ဟို....ညီမက အစ်ကို့အပေါ်ဘယ်လိုသဘော



ထားသလဲ မေးတာပါ'

ပွင့်ပွင့်လင်းလင်း ပြောတတ်ဆိုတတ်သော ချူရင် ရက်သွား၏၊ သူက ကပျာကယာ မျက်လွှာချပိုက်၏၊ ရှောင်ပင်း၏အမေးကိုမဖြေဘဲ ငြိမ်နေ၏။

'အစ်ကိုမေးတာကို မဖြေဘူးလား ညီမ'

'ညီမ ဘာ....ဖြေရမှာလဲ အစ်ကို'

ရှောင်ပင်းသက်ပြင်းချလိုက်၏။

'အစ်ကိုက ညီမကို စပြီးတွေ့စဉ်က ချစ်ခဲ့ ယ်၊ အခု ဆရာဆရာသုံးယောက်က စ်ကိုတို့ကို လက်ထပ်ပေးမယ်လို့ ပြောဆိုနေတာကြားတော့ ဖွင့်မပြောတတ်အောင် ဝမ်းသာတယ်၊ အစ်ကို့လိုပဲ ညီမကော ဝမ်းမသာဘူးလား ဟင်'

ချူရင် မျက်လွှာချထားရင်းမှ ခေါင်းခါ၏၊ ရှောင်ပင်းမှာ မသိမသာ မျက်မှောင်ကြုတ်လိုက်ပြီး....

'ညီမ တကယ်ဝမ်းမသာဘူးလား၊ ဒါဖြစ်ရင် ညီမက အစ်ကိုနဲ့ လက်ထပ်ဖို့ကို ဘယ်လိုမှမခံစားရဘူးပေါ့ဟုတ်လား'

ရှောင်ပင်းမှာ ဟန်ဆောင်ပြီး ထိန်းသိမ်းနိုင်ခြင်းမရှိ၊ သူ့အသံက တုန်ယင်လိုက်လှဲနေ၏၊ ချူရင်သည် မျက်လွှာချထားရာမှ ရှောင်ပင်းအား ဖြည်းညင်းစွာမော့ကြည့်၏၊ သူ၏ပြည့်ဝ စိုစွတ်သော နှုတ်ခမ်းလေးမှာ အပြုံးတွေထင်နေသည်၊ ရှောင်ပင်းအားကြည့်သော သူ့မျက်လုံးအစုံက ရွှန်းလဲ့တောက်ပနေ၏။

'ဒီစကားတွေကို အစ်ကိုပြောသင့်တာကြာပါပြီ၊ ဘာဖြစ်လို့ အခုမှပြောရတာလဲ ဟင်'

'ညီ...ညီမ မင်း....မင်း၊

ချူရင်ရယ်လိုက်၏။

'အစ်ကိုက လူကဲခတ်သိပ်တော်တာပဲဆိုပြီး၊ ဒီနေရာမှာတော့ သိပ်ညံ့သွားပြီ ညီမစိတ်ထဲမှာ ဘယ်လိုရှိမလဲဆိုတာ အစ်ကို နဲနဲမှ မစဉ်းစားမိဘူးလား'

ရှောင်ပင်းက နှုတ်မှမဖြေ၊ ချူရင်၏ ခါးကျဉ်ကျဉ်လေးကို တင်းကျပ်စွာ ထွေးဖက်လိုက်၏။ ရှောင်ပင်း၏အပြုအမူကြောင့် ချူရင် အထိတ်တလန့်ဖြစ်သွား၏။

'တင်...အစ်ကို'

'ညီမရဲ့ သဘောထားကို သိရလို့ အစ်ကို၊ သိပ်ဝမ်းသာတာပဲ'

ချူရင်၏ ပါးပြင်မို့မို့တို့အပေါ် အနမ်းလိပ်ပြာလေး ဖျပ်ခနဲနားသည်၊ ချူရင် ရှက်စိတ်ပိုသွားပြီး ရှောင်ပင်း၏ ရင်ခွင်ထဲမှ ရုန်းထွက်မည်ပြု၏၊ ရှောင်ပင်းက မလွှတ်ဘဲ ပို၍ တင်းကျပ်စွာ ထွေးဖက်လိုက်၏၊ ချူရင်တစ်ကိုယ်လုံး ရှောင်ပင်း၏ရင်ခွင်ထဲမှ ရုန်းထွက်မည်ပြုသည်၊ ရှောင်ပင်းက မလွှတ်ဘဲ ပို၍ တင်းကျပ်စွာ ထွေးဖက်လိုက်၏ ချူရင်တစ်ကိုယ်လုံး ရှောင်ပင်း၏ရင်ခွင်ထဲသို့ လုံးလုံးလျားလျား ရောက်သွားပြီး အိမ်ဘေးသစ်ပင်အောက်ခုံ ထိုင်လျက်သားဖြစ်သွား၏။

'ညီမတို့ကြာနေရင် ဆရာတို့ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားလိမ့်မယ်အစ်ကို'

ရှောင်ပင်းက ရယ်သည်။

'ကိစ္စမရှိပါဘူး သူတို့က အစ်ကိုတို့ကို သဘောတူထား



ပြီးပြီပဲ'

သူတို့နှစ်ယောက် ကြည်နူးခြင်း၊ တွယ်တာခြင်းတို့ဖြင့် ပတ်ဝန်းကျင်ကို မေ့လျော့သွား၏၊ ထို့ကြောင့်ပင် သူတို့နှင့် မနီးမဝေးသို့ လူရိပ်တစ်ရိပ်ရောက်လာသည်ကိုလည်းကောင်း၊ ထိုလူရိပ်က သူတို့အား တိတ်ဆိတ်စွာ ကြည့်နေသည်ကိုလည်းကောင်း မသိကြချေ၊ သူတို့က ချစ်စကားဘွဲ့ကို ဖွဲ့၍မကုန်ခဲအောင်ရှိနေသည်၊

သူတို့နှင့် မနီးမဝေးတွင်ရှိနေသော လူရိပ်နေရာမှာသည် အိမ်ပေါ်သို့ လှစ်ခနဲ အတက်တွင်ထိုလူရိပ်ကို ထင်ရှားစွာမြင်ရ၏၊ ၎င်းမှာ ချူရင်၏ အစ်မ ချူရဲပင်ဖြစ်၏။

ချူရဲ၏မျက်နှာမှာ လရောင်အောက်ဝယ်ပင် မသန်းနိုင်ပဲ ရှိသည်၊ သူ့မျက်နှာညိုးနေသကဲ့သို့ သူ့မျက်လုံးအစုံမှာ ရီဝေနေသည်၊

ရှောင်ပင်းတို့မှာ သူမ၏အဖြစ်ကိုမသိ၊ ပတ်ဝန်းကျင်ကိုလည်း မသိဘဲ ကြည်နူးခြင်းထဲတွင် နစ်မွန်းသွားလေသည်

## အခန်း (၂၇)

## မေတ္တာများစွာ

နေ့ရက်များ လျင်မြန်စွာကုန်ဆုံးသွား၏၊ မိုးယုခြံဝင်း တိုက်ပွဲပြီး၍ သုံးရက်မြောက်တွင် မြင်းပျံ အာမခံဌာနနှင့် အာမခံဌာနသူဝင်းသမားများ လှုပ်လှုပ်ရှားရှားရှိနေကြလေသည်။

အာမခံဌာနအတွင်းသို့ သေနတ်ဂိုဏ်းသားတွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ရောက်လာသည်၊ မြင်းပျံအာမခံဌာနတွင် လွှင့်ထူထားသည့် မြင်းပျံအလံကို ချလိုက်ကြ၏၊ ပြီးနောက် သွေးစွန်းသောဓားတစ်လက်ပုံပါအလံကို လွှင့်ထူသည်၊ ထိုအလံမှာ သွေးဂိုဏ်း၏ အမှတ်အသားပင်ဖြစ်၏။

မြင်းပျံအာမခံဌာနဆိုင်းဘုတ်ကိုလည်း သွေးဂိုဏ်းသားများက ဖြုတ်လိုက်ကြသည်၊ ထိုဆိုင်းဘုတ်အစား သွေးအာမခံဌာနအမည်ရှိ ဆိုင်းဘုတ်ကိုဟင်သည်။



မြင်းပျံအာမခံဌာကို သွေးအာမခံဌာနအဖြစ်သို့ ပြောင်းလဲလိုက်သည့်သတင်း စုကျိုးမြို့တစ်မြို့လုံးသို့ ပျံ့နှံ့သွားလေသည်။

မြင်းပျံအာမခံဌာနမှူး ကျုံးထင်သည် တစ်ဖွဲ့ဖွဲ့ရောက်ရှိလာနေသော သွေးဂိုဏ်းသားများအား နေရာချပေးသည်၊ ရောက်ရှိလာသူတို့မှာ သွေးဂိုဏ်းသားများချည်း မဟုတ်ဘဲ မဟာမိတ်ဂိုဏ်းသားများပါ ပါသဖြင့် နေရာမလုံလောက်အောင်ဖြစ်နေသည်။

ကျုံးထင်က လက်အောက်ခံဌာနမှူး ချင်းယွင်အား သွေးဂိုဏ်းသားအချို့နှင့်အတူ မိုးယုခြံဝင်းအနီးရှိ သူတို့၏လျှို့ဝှက်စခန်းဖြစ်သော ခြံဝင်းသို့စေလွှတ်သည်၊ ပြီး ကျင်းဝီအား ဂိုဏ်းသားအချို့ကို မိုးယုခြံဝင်းသို့ခေါ်ဆောင်သွားရန် အမိန့်ပေးသည်။

ကျုံးထင်အလုပ်ရှုပ်နေစဉ် ဒဏ်ရာအပြင်းအထန်ရထားသော သွေးဂိုဏ်းသားငါးယောက် အာမခံဌာနဝင်းအတွင်းသို့ ဝင်လာ၏။

ထိုသူငါးယောက် ဝင်လာသည်နှင့် အာမခံဌာနဝင်းအတွင်း၌ ပို၍ လှုပ်လှုပ်ရှားရှား ရုတ်ရုတ်သဲသဲဖြစ်သွားလေသည်။

ကျုံးထင်က ဒဏ်ရာရလာသူများအား ဆေးကုသဆောင်သို့ ချက်ချင်းပို့ရန်အမိန့်ပေးသည်၊ ဒဏ်ရာရသူများအားဆေးကုသနေစဉ် သူက အနီးကပ်ကြည့်ရှု၏။

ဒဏ်ရာရသူများထဲ၌ သွေးဂိုဏ်း၏အဖွဲ့ခွဲမှူးတစ်ယောက်ပါ

ကည်။

ထိုသူမှာ ဒဏ်ရာပြင်းထန်ခြင်းမရှိဘဲ သတိ ကောင်းနေသဖြင့် ကျုံးထင်က အဖြစ်အပျက်ကိုမေးသည်၊ ထိုသူက သူတို့နယ်ထဲသို့ ထင်းလုံတို့လူစုရောက်လာသဖြင့် တိုက်ပွဲဖြစ်ပွားကြောင်း၊ အင်အားခုနစ်ယောက်မျှသာရှိသော ထင်းလုံတို့က သွေးဂိုဏ်းအဖွဲ့ခွဲတစ်ခုလုံးကိုပြိုကွဲအောင် တိုက်ခိုက်ခဲ့ကြောင်း၊ သူကိုယ်တိုင်လဲဒဏ်ရာရခဲ့ပြီး ထင်းလုံတို့နှင့်ပတ်သက်ပြီးသတင်းပေးချင်သဖြင့် စုံကျိုးမြို့ကိုရောက်အောင်လာခဲ့ရကြောင်းပြောပြသည်၊

'ထင်းလုံတို့က လူခုနစ်ယောက်ထဲဟုတ်လား'

'ဟုတ်ပါတယ်....ဒုဂိုဏ်းချုပ်'

'မင်းတို့က အင်အားဘယ်လောက်ရှိသလဲ'

'အင်အားတစ်ရာကျော်ပါ၊ ဒါပေမယ့် သိုင်းပညာထက်မြက်တဲ့သူ နည်းပါတယ်'

ကျုံးထင်၏ မျက်လုံးအစုံတွင် ဒေါသရောင် ကဖျပ်ဖျပ်လက်သွားသည်။

'သူတို့ အခုဘယ်ကိုထွက်သွားသလဲ'

'ကျုံးနန်နယ်ဘက်ကို ထွက်သွားပါတယ်'

'သူတို့ထဲကကော ဒဏ်ရာရတဲ့လူရှိသလား'

အဖွဲ့ခွဲမှူးက ခေါင်းခါပြသည်။

'သူတို့ကို အပ်တစ်ပေါက်စာလောက်တောင် ဒဏ်ရာရအောင် ကျွန်တော်တို့ မတိုက်နိုင်ပါဘူး....၊ အဆိပ်ငွေ့သုံးပြီး တိုက်ခိုက်လို့လဲ အခွင့်အရေးမရခဲ့ပါဘူး'



သူ၏စကားကြောင့် ကျုံးထင်ရယ်လိုက်သည်။

'သွေးဂိုဏ်းသားတွေဖြစ်ပြီး မင်းတို့ တော်တော် တော်ပါလား၊ ဒီအကြောင်း ဂိုဏ်းချုပ်ကြီးသာသိသွားရင် မင်းတို့ ဘာဖြစ်မယ်ထင်သလဲ'

ဂိုဏ်းခွဲမှူး၏ မျက်နှာတွင် ထိတ်လန့်တို့ပေါ်လာ၏။

'ကျွန်....ကျွန်တော်တို့....'

'မင်းတို့ကို ဂိုဏ်းချုပ်ကြီးက သေမိန့်ပေးမှာ သေချာတယ်'

'ကျွန်....ကျွန်တော်တို့လူတွေက သိုင်းစွမ်းအား'

'တိတ်စမ်း....ဘာဆင်ခြေမှမပေးနဲ့၊ ရှုံးတာဟာရှုံးတာပဲ၊ အင်အားခြင်းတူညီလို့၊ ဒါမှမဟုတ် အင်အားခြင်းသိပ်မကွာလို့ ရှုံးတာမျိုးကို ငါလက်ခံတယ်၊ အခု မင်းတို့ကလူတစ်ရာကျော်၊ သူတို့ကခုနစ်ယောက်ထဲ၊ ဒါတောင်နိုင်မအောင်မတိုက်နိုင်ဘာ မင်းတို့သိပ်ညံ့ဖျင်းလွန်းပေါ့'

'ကျွန်တော်တို့လူတွေ အသက်စွန့်ပြီးတိုက်ခိုက်ခဲ့ကြပါတယ်၊ ဒါပေမယ့် သိုင်းစွမ်းအားမှာ သူတို့လူတစ်ယောက်ကို ကျွန်တော်တို့ဆယ်ယောက်က မယှဉ်နိုင်ပါဘူး'

'သွေးဂိုဏ်းက သိုင်းပညာညံ့တယ်လို့ မင်းပြောချင်တာလား'

'ကျွန်မတော် ဒီလိုမပြောရဲပါဘူး'

'ဒါဖြစ်ရင် ဘာဖြစ်လို့ မင်းရဲ့လူတွေ သိုင်းစွမ်းအားမရှိဘူးပြောရတာလဲ'

'ရန်သူက ကျွန်တော်တို့ထက် သိုင်းပညာအဆင့်မြင့်တယ်

လို့ ပြောချင်တာပါ....၊ သူတို့ရဲ့သိုင်းပညာက ကြောက်စရာ ကောင်းလောက်အောင် ထက်မြက်ပါတယ်၊ ဒါ....ဒါကြောင့်'

'ကိတ်စမ်း....ရှုံးခဲ့ပြီးမှအကြောင်းပြတာ သွေးဂိုဏ်းသား တွေရဲ့ အလုပ်မဟုတ်ဘူး၊ ရှုံးပြီးပြန်လာတဲ့ သွေးဂိုဏ်းသား တွေဟာ အသက်ရှင်ခွင့် မရှိဘူး၊ ဒါကို မင်းသိတယ်မဟုတ် လား'

'သိပါတယ်....ဒါ ..ဒါပေမယ့် ဒီတစ်ခါ....'

အဖွဲ့ခွဲမှူးက တောင်းပန်ဟန်အကြည့်ဖြင့် ကျုံးထင်အား ကြည့်၏၊ ကျုံးထင်၏ မျက်လုံးအစုံမှာ သွေးဆာရက်စက်ခြင်း ဖြင့် အရောင်လက်လာ၏။

သူကတစ်ချက်ရယ်ပြီး အဖွဲ့ခွဲမှူး၏ငယ်ထိပ်ကို လက်ဝါး ဖြင့် ဖိချလိုက်သည်။

'အား'

အဖွဲ့ခွဲမှူးနှုတ်မှ နာကျင်စွာ အော်ဟစ်သံပေါ်လာသည်၊ ပြီး....ဦးခေါင်းခွံ အက်ကွဲကာ ချက်ချင်းပင်သေဆုံးသွား သည်။

ကျုံးထင်သည် ကျန်ဂိုဏ်းသားများ၏ဒဏ်ရာကို ပျောက် ကင်းသက်သာအောင် ဆေးကုပေးရန် သမားတော်ကြီးအား ညွှန်ကြားသည်း ပြီး ဆေးကုနေရာမှထွက်ခဲ့သည်၊ သူက အာ မခံဌာန ရုံးခန်းအဖြစ် အသုံးပြုနေသော အခန်းသို့ ဝင်ပြီး ကျန်းနန်နယ်ရှိမဟာမိတ်ဂိုဏ်းများထံသို့ စာပို့ခိုဖြင့်အကြောင်း ကြားစာပို့၏၊ ထွက်ပြေးသွားကြသော ထင်းလုံတို့လူစုကို ရှာဖွေတိုက်ခိုက်ရန် အမိန့်ပေးသည်။



သွေးဂိုဏ်းသားများအား တိုက်ခိုက်လိုက်သူတို့မှာ ထင်းလုံ တို့ ဟန်ဆောင်ထားသော ရှောင်ပင်းတို့လူစုပင် ဖြစ်သည်၊ သူတို့သည် တောင်ပေါ်ရွာမှထွက်ခွာခဲ့ပြီး ကျန်းနန်နယ်သို့ ရောက်သည်နှင့် သွေးဂိုဏ်းသားများနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ ရာမှ သွေးဂိုဏ်းသားများအထိနာသွားခဲ့ခြင်းဖြစ်၏။

ကျုံးထင်သည် ထင်းလုံတို့အား ညှပ်ပူးညှပ်ပိတ်တိုက်ခိုက် နိုင်ရန် လွတ်မြောက်သွားသော မုယုချင်းအား ပြန်လည် ဖမ်းဆီးရရှိနိုင်ရန် အစီအစဉ်လုပ်သည်၊ အကွက်စေ့အောင် အစီအစဉ်တွေပြုလုပ်ပြီးနောက် သူက သီးသန့်ဆောင်သို့ထွက် ခဲ့၏၊ သီးသန့်ဆောင်တွင် လျှို့ဝှက်စွာစောင့်နေသော သွေးဂိုဏ်း ချုပ်ကို ဝင်ရောက်တွေ့ဆုံ၏။

* * *

တော်ဝင်စာပေ

အခန်းထဲတွင် အမွှေးတိုင်မှထွက်သော မီးခိုးငွေ့များဝေ နေ၏၊ စူးရှမွှေးကြိုင်သောရနံ့တစ်မျိုး အခန်းထဲတွင်ပျံ့လွင့် နေ၏။

ကျုံးထင်သည် အခန်းထဲသို့ဝင်လိုက်၏၊ သူအခန်းထဲသို့ အရောက်တွင် ညင်သာသောသက်ပြင်းချသံကိုကြားရ၏၊ တစ်ဆက်တည်းပင် ဝေမှိုင်းနေသော မီးခိုးငွေ့များကြားမှ လူရိပ် သဏ္ဍာန်ကို တွေ့မြင်ရ၏။

'ဆရာ့ကို ကျွန်တော်ကျုံးထင်ဂါရဝပြုပါတယ်'

'ဒီကိုလာခဲ့ပါ ကျုံးထင်'

'ဆရာသွေးမော်ကွန်းအဆင့်ခြောက်ကို လေ့ကျင့်ပြန်ပြီ ထင်တယ်'

အခိုးအငွေ့များကြားမှ သက်ပြင်းချသံပေါ်လာပြန်၏။

'အေး....အဆင့်ခြောက်ကိုလေ့ကျင့်မိလို့ ကိုယ်လက်မအီမသာဖြစ်နေရတယ်၊ ဒဏ်ကျေအမွှေးတိုင် တပ်ကုန်းလိုက်ပါ အုံး ကျုံးထင်'

ကျုံးထင်က အမွှေးတိုင်အိုးရှိရာသို့လျှောက်၏၊ အမွှေးတိုင်လက်ထစ်ဆုပ်စာကိုယူပြီး မီးရှို့၏၊ အမွှေးတိုင်များမီးစွဲသည်နှင့် မီးတောက်ကိုမှုတ်ငြိမ်းလိုက်ပြီး အမွှေးတိုင်များကို အိုးတွင်စိုက်၏။

စူးရှမွှေးသင်းသောရနံ့ အခန်းထဲတွင် ပျံ့ရှပျံ့လာ၏၊ ထိုရနံ့ကိုရှူမိသည်နှင့် ကျုံးဆင်မှာ ပို၍အားပြည့်လန်းဆန်း



သလို ခံစားရ၏၊ သူသည် အခိုးအငွေ့ကြားမှမြင်နေရသော ကွပ်ပျစ်ဆီသို့လျှောက်သွား၏။

ကွပ်ပျစ်ပေါ်တွင် အသက်ခုနစ်ဆယ်အရွယ်၊ တစ်ခေါင်းလုံးရှိဆံပင်တွေ ဖွေးဖွေးသုပ်အောင်ဖြူနေသော အဘွားအို တစ်ယောက်ထိုင်နေ၏၊ ထိုအဘွားကိုမှာ သွေးဂိုဏ်းချုပ်ဖြစ် သော နတ်မိမယ်ကျူးကျင်းဝင်ပင်ဖြစ်၏။

'ကျင့်စဉ်အဆင့်ခြောက်ဆိုတာ မှားယွင်းချော်နေတဲ့ကျင့်စဉ် တစ်ခုပဲ ဒီကျင့်စဉ်ကို အာ့သွန်ခုန်စိုက် မလေ့ကျင့်မိဘာ တော်သေးတယ်လို့ ပြောရမယ်၊ နဲနဲလေး လေ့ကျင့်မိတာနဲ့ လူကောင်းပကတိကနေ လူမမာဘဝကို ရောက်သွားတာပဲ'

ကျုံးထင်ကအဘွားအို၏အနားသို့ကပ်သည်၊ ပြီး အဘွားအို၏ ပခုံးကြော၊ ခါးကြောတို့ကို နှိပ်နယ်ပေး၏။

'ကွမ်းလှူသွေးကြောကို ထောက်ထားပါ ကျုံးထင်'

ကျုံးထင်က လက်ဖြင့်ဟောက်လိုက်ရာ အဘွားအိုခန္ဓာကိုယ် တုန်သွား၏၊ ကျုံးထင်က သွေးကြောပေါ်မှလက်ကိုဖယ်သဲ အတန်ကြာအောင် ဆက်ပြီးထောက်ထားသည်၊ ကျူးကျင်း ဝင်းခန္ဓာကိုယ် တုန်ယင်နေခြင်း တဖြည်းဖြည်းပြေပျောက် သွားသည်၊ ကျုံးထင်က သွေးကြောပေါ်မှလက်ကိုလွှတ်လိုက် သည့်အခါ သူ့သက်ပြင်းချသံပေါ်လာ၏။

'ဆရာ....နေသာရဲ့လား'

ကျူးကျင်းဝင် ခေါင်းညိတ်ပြ၏။

'ငါနေသာပါပြီ မုယ့်ခြံဝင်းရဲ့အခြေအနေ ဘယ်လိုလဲ ကျိုးထင် သူတို့ထွက်သွားကြပြီဆိုတာ သေချာရဲ့လား'

'သူတို့ တကယ်ပဲ ထွက်သွားကြပြီဆရာ၊ ဘယ်လမ်းကနေ ဘယ်ကိုထွက်သွားမှန်းမသိဘူး၊ အခု သူတို့ ကျွန်းနန်နယ်ထဲကို ဝင်သွားကြပြီ'

ကျိုးထင်က ကျွန်းနန်နယ်တွင်သွေးဂိုဏ်းသားများနှင့်မုယ့်ခြံဝင်းမှ ထွက်သွားသူတို့၏ တိုက်ပွဲအကြောင်းကိုပြောပြ၏၊ ကျူးကျင်းဝင်မှာ ကျိုးထင်၏စကားကို နားထောင်ရင်း တဖြည်းဖြည်း မျက်နှာထားတင်းလာ၏။

'သူတို့က ဒါလောက်တောင်ပဲ စွမ်းသလား၊ မင်းမဟာမိတ်ဂိုဏ်းတွေကိုဆက်သွယ်ပါ၊ ထင်းလုံတို့ကို တွေ့ရာသချိုင်းမဆိုင်းနဲ့လို့ အမိန့်ပေးလိုက်ငါကမုယ့်ခြံဝင်းကို တည်ကြက်အဖြစ်အသုံးပြုချင်လို့ ဒါလောက်အကြာကြီး စောင့်ကြည့်နေတာ အခုလိုဖြစ်လာတဲ့နောက် သူ့ကို စောင့်နေစရာအကြောင်းမရှိတော့ဘူး'

'ကျွန်တော် မဟာမိတ်ဂိုဏ်းသားတွေနဲ့ဆက်သွယ်ပြီးပါပြီ ဆရာ'

'ကောင်းတယ်၊ အခုမုယ့်ခြံဝင်းမှာ ဘယ်သူတွေကျန်ခဲ့သလဲ'

'အစောင့်အဖြစ် အိမ်အထိန်းတော်ကြီးဘဲ ကျန်ခဲ့တယ်'

'ဒါဆိုရင် အိမ်တော်ထိန်းကြီးကိုစစ်ဆေးကြည့်'



'ကျွန်တော်စစ်ဆေးပြီးပါပြီ၊ မုယ့်ချင်းက စာတစ်စောင်ရေးကားခဲ့ပြီး ထင်းလုံတို့နဲ့ လိုက်သွားတာ အိမ်တော်ထိန်းကြီးကိုယ်တိုင်က ဘာလုပ်ရမှန်းမသိဖြစ်နေပါတယ်၊ ဒီမှာမုယ့်ချင်းရေးထားခဲ့တဲ့စာပါ'

ကျိုးထင်ကစာတစ်စောင်ထုတ်ပေးသည်၊ ကျူး ကျင်းဝင်က စာကိုယူပြီးဖတ်ကြည့်၏၊ ပြီးနောက် စာကိုသက်ထဲသည့်ရှိဆုပ်ကိုင်ချေမွလိုက်သည်။

'ဒါတွေအားလုံး ထင်းလုံရဲ့ အကြံအစည်ပဲ၊ ဟုတ်ပြီ... သူဘာလုပ်မလဲဆိုတာ ငါသိပြီ၊ ငါတို့က မုယ့်ချင်းရဲ့ဝေဒနာကို ဘယ်သမားတော်မှမကုရဲအောင်လုပ်ခဲ့တယ်၊ သမားတော်တွေကို အန္တရာယ်ပေးနေတယ်ဆိုတာသိရင် ပုန်းကွယ်နေတဲ့လူတစ်ယောက် ထွက်လာလိမ့်မယ်လို့ မျှော်လင့်ထားခဲ့တယ်... အခုတော့ ငါမျှော်လင့်သလို ဖြစ်မလာဘဲ ထင်းလုံကမုယ့်ချင်းကို ပုန်းကွယ်နေတဲ့လူဆီ ခေါ်သွားနေပြီ...မဟာမိတ်ဂိုဏ်းတွေကို အခုချက်ချင်း အကြောင်းကြားစာပြောင်းပြီးပို့... ထင်းလုံတို့လူစုကိုတွေ့ရင် ဘယ်သူမှ လက်ဖျားနဲ့တောင်မတို့နဲ့...သူတို့ကို နောက်ယောင်ခံပြီး လိုက်ကြည့်ရုံကြည့်ဖို့ အမိန့်ပေးလိုက်'

'ဆရာ ဘာဖြစ်လို့ ဒီလို...'

'မင်း ဘာမှ မစဉ်းစားမိဘူး မဟုတ်လား၊ နေရာတကာမှာ ရိုးရိုးအအလုပ်နေလို့မရဘူး ကျိုးထင်...ထင်းလုံကသိပ်ညာက်သွားတယ်၊ သူ့ထက် ညာက်သွားတာက နတ်စစ်သည်

ရှောင်ပင်းဆိုတဲ့ကောင်လေးပဲ၊ ငါ့ခိုင်းတာကို မင်းလုပ်ပါ… အာအမှားအယွင်းမှမရှိစေနဲ့’

‘ဟုတ်ကဲ့ဆရာ ကျွန်တော် အမှားအယွင်းမရှိအောင်သတိထားပြီး လုပ်ပါမယ်’

ကျူးကျောင်းဝင်က သူ့ရှေ့၌ရပ်လိုက်သော ကျိုးထင်အား ပြုံး၍ကြည့်သည်။

‘ကျိုးထင် မင်းဟာ ငါ့တပည့်ကောင်းပီသပါတယ်… သွေးမော်ကွန်းသိုင်းကျမ်းရဖို့အတွက် မင်းဟာ မင်းချစ်တဲ့လူနဲ့ ခွဲခဲ့တယ်… ငါ့ရဲ့အမိန့်ကို တသွေမတိမ်း လိုက်နာခဲ့တယ်… ပြီးတော့ သိုင်းလောကထဲမှာ လူရှိသေ ရှင်ရှိသေဖြစ်အောင်လုပ်ဖို့ အမိန့်ပေးတော့လဲ လုပ်ခဲ့တယ်၊ ခုတစ်ခါ ကြီးပွားချမ်းသာပြီး နာမည်ကောင်းရနေတဲ့ အနေအထားမှာ ငါက သွေးဂိုဏ်းရဲ့ လက်ထောက်ဂိုဏ်းချုပ်အဖြစ် တာဝန်ပေးတော့လဲ မညည်းမညူ တာဝန်ယူခဲ့တယ်’

ကျိုးထင်က ကျူးကျောင်းဝင်အား ဦးညွတ်ဂါရဝပြုလိုက်သည်။

‘ဆရာဟာ ကျွန်တော့်ဆရာဖြစ်သလို ကျွန်တော့်မိဘဆိုလဲ ဟုတ်ပါတယ်၊ ဆရာ့တပည့်အတွက် ကျွန်တော့်အခုလုပ်ပေးတာတွေဟာ မပြောပလောက်ပါဘူး၊ လိုအပ်ရင်ဆရာ့အတွက် ကျွန်တော့်အသက်ကိုတောင်စွန့်ရဲပါတယ်’

ကျူးကျောင်းဝင် ခေါင်းတဆတ်ဆတ်ညိတ်သည်။



‘အခုအချိန်ကစပြီး မင်းကို သွေးဂိုဏ်းချုပ်အဖြစ်တာဝန်ပေးလိုက်ပြီ… ငါကတော့ မင်းရဲ့ဆရာဘဝမှာပဲနေတော့မယ်၊ သွေးဂိုဏ်းရဲ့အရေးကိစ္စအတွက် မင်းစွမ်းစွမ်းတမံဆောင်ရွက်ပေတော့ ကျိုးထင်၊ သွေးဂိုဏ်းဟာ အင်အားကြီးတဲ့ဂိုဏ်းတစ်ဂိုဏ်းဖြစ်အောင် ကြိုးစားပါ’

## အခန်း(၂၈)

ကျန်းနန်းနယ်ကို ဖြတ်သန်းမိပြီးသည်နှင့် သွေးဂိုဏ်း၏ လှုပ်ရှားမှုကို မတွေ့ရတော့၊ ရှောင်ပင်းသည် သူတို့လှုစုံ မြို့တစ်မြို့ကို ရောက်တိုင်း၊ ရွာတစ်ရွာကိုဝင်တိုင်း ရန်သူသတင်းကို စုံစမ်းထောက်လှမ်းသည်၊ သွေးဂိုဏ်းသည်လည်းကောင်း သွေးဂိုဏ်း၏ လက်အောက်ခံဖြစ်သော မဟာမိတ်ဂိုဏ်းများသည်လည်းကောင်း၊ ထူးခြားစွာငြိမ်သက်သွားသည်ကို သတိပြုမိ၏။

သွေးဂိုဏ်း ယခုလိုငြိမ်သက်နေခြင်းကို ရှောင်ပင်းမသက်သာပေ၊ သွေး ဂိုဏ်း သား များ သည် အကြံအစည် တစ်ခုခုကို



အကောင်အထည်ဖော်ရန် ငြိမ်သက်နေခြင်းဖြစ်မည်ဟု တွေးမိသည်။

ရှောင်ပင်းတို့လှုစုံသည် ပုံမှန်အတိုင်း ခရီးဆက်ကြ၏၊ တစ်ပတ်ခန့်အကြာတွင် သူတို့သည် ကျန်းစုပြည်နယ်သို့ ရောက်လာ၏၊ တစ်ညအိပ်မျှ ကြာပြီးသည့်နောက် ထိုက်ဟူရေကန်ကြီးအနီးသို့ ရောက်လာသည်။

ထိုက်ဟူရေကန်သည် မိုင်တစ်ရာနီးနီး ကျယ်ပြန့်သော ရေကန်ကြီးဖြစ်၏၊ ရေကန်အလယ်တွင် မြင့်မားသော တောင်တန်းတစ်ခု ရှိလေသည်၊ ထိုတောင်တန်းမှာလည်း မိုင်ငါးဆယ်ခန့်ရှိပြီး တောင်တန်းတလျောက်တွင် ရွာငယ်များရှိနေသည်။

ရှောင်ပင်းတို့လှုစုသည် ထိုက်ဟူရေကန်ကို လှေငယ်များဖြင့် ဖြတ်သန်းသည်၊ သူတို့သည် ကျွန်းအဖြစ် တည်ရှိနေသော တောင်ပေါ်သို့တက်ပြီး လူနေအနည်းဆုံးဖြစ်သော တောင်တန်းမြောက်ဘက်ခြမ်းတွင် ခိုနားရန်ပြင်ဆင်သည်၊

'ဒီနေရာက ခိုနားလို့ကောင်းတဲ့နေရာ၊ ရန်သူကိုချက်ခြင်းမြင်ဖြတ်ပြီး နေလို့ကောင်းတဲ့နေရာပဲ ငါတို့တံငါသည်တွေအဖြစ်နဲ့ ဒီနေရာမှာခိုနေမယ်'

ဆွေယန်ကြည်က တောင်ပေါ်တွင် နေရာထိုင်ခင်းများ လိုက်ကြည့်ရှုရင်းပြောသည်၊ သူကရေနှင့်နီးပြီး နှစ်ဖက်အကွယ်ကျောက်ဆောင်များရှိသည့်နေရာကို ရွေးခြယ်လိုက်၏၊ ရှောင်ပင်တို့က တောင်ပေါ်မှသစ်ပင်များ၊ ဝါးပင်များခုတ်ပြီး အိမ်နှစ်လုံးကိုလျင်မြန်စွာဆောက်သည်။

တောင်စောင်းတွင် မေးတင်နေသကဲ့သို့ရှိသော အိမ်နှစ်လုံးမှာ သပ်သပ်ရပ်ရပ်ရှိပြီး အိမ်ပေါ်မှလှမ်းကြည့်လျှင် ရေပြင်ကျယ်တစ်လျှောက် အဝေးဝေးသို့တိုင် မြင်ရသည်။

ထင်းလုံးအဖြစ် ရုပ်ဖျက်ထားခဲ့သော ရှောင်ပင်းသည်လည်းကောင်း၊ ယုန်ကလေးအဖြစ်လည်းကောင်း၊ မုယုံချင်းအဖြစ်လည်းကောင်း ရုပ်ဖျက်ထားသည့် ချူရဲနှင့် ချူယွင်တို့သည် သူတို့၏ပင်ကိုယ်ရုပ်သွင်သို့ ပြောင်းလဲထားကြပြီဖြစ်၏။

ရှောင်ပင်းတို့က နေရာတကျဖြစ်အောင် လုပ်ကိုင်နေစဉ် ရီဝေချိန်သည် တောင်တန်းပေါ်ရှိရွာများသို့ ထွက်သွားသည်၊ သူပြန်လာသည့်အခါ လှေယာဉ်နှစ်စီးနှင့် ငါးဖမ်းပိုက်များပါလာ၏။

အတွားအို ချူယောင်က ဒေဝီဂိုဏ်းဌာနချုပ်သို့ စာပို့ခိုများလွှတ်၍ဆက်သွယ်သည်၊ ရှောင်ပင်းနှင့် ချူရင်တို့မှာ နေ့နေ့ညည သိုင်းပညာသင်ကြား လေ့ကျင့်ရင်း အချိန်တွေကို ကုန်ဆုံးပင်လိုက်၏။

နေ့ရက်များလို့ လျင်မြန်စွာကုန်ဆုံးသွားသည်၊ ရှောင်ပင်းတို့မှာ သိုင်းပညာ သိုင်းပညာတိုးတက်သည်ထက် တိုးတက်လာသည်၊ ရှောင်ပင်းနှင့်ချူရင်တို့ သိုင်းလေ့ကျင့်နေစဉ် ချူရဲမှာ သူတို့နှင့်မနီးမဝေးတွင်ရှိနေတတ်၏။

ချူရဲ၏အသွင်မှာ ရှင့်လန်းတက်ကြွခြင်း ကင်းမဲ့နေသည်၊ ရှောင်ပင်းတို့အား ကြည့်နေသောသူ၏ မျက်လုံးအစုံက ရီဝေနေတတ်၏၊ အပြုံးအရယ်ကင်းမဲ့ပြီး တစ်နေ့တခြားစကားနဲလာသည်။



ချူရဲအား ပထမဆုံးသတိထားမိသူမှာ ချူရင်ဖြစ်သည်၊ ချူရင်သည် စိတ်ပျော့သော ချူရဲအကြောင်းသိသူပီပီ ချူရဲမှာစိတ်မကောင်း ဝေဒနာတစ်စုံတစ်ရာရနေပြီဟု တွေးမိ၏။

သိုင်းပညာသင်ရင်း အနားယူသည့်နေ့တစ်နေ့တွင် ရှောင်ပင်းသည် ရီဝေချိန်ဘို့ ငါးဖမ်းရာသို့လိုက်သွား၏၊ သူတို့စခန်းချထားသည့်နေရာတွင် ချူရင်တို့မိန်းမသား သုံးယောက်သာ ကျန်ရစ်သည်။

အတွားအိုချူယောင်က သူအသစ်တီထွင်ထားသော သိုင်းပညာကို ရေးသားမှတ်သားတင်နေသည်၊ ချူရင်နှင့်ချူရဲတို့သည် မီးဖိုချောင်သို့ဝင်ကာ အားလုံးစားသောက်ရန်အတွက် ချက်ပြုတ်ကြော်လှော်နေသည်၊ ချူရဲက ငိုင်ငိုင်ဝေးဝေးနိုင်သောအမူအယာနှင့် ငါးတစ်ကောင်ကို သန့်ရှင်းခုတ်ထစ်နေသည်။

'အမလေး'

ချူရင်က မုန့်အချို့များကြော်နေရင်း လှမ်းခေါ်သည်၊ ချူရဲသည် ရီဝေသောမျက်လုံးအစုံဖြင့် ချူရင်အားလှမ်းကြည့်သည်။

'ဒီနေ့နေရတာမပျော်ဘူးလား၊ ညီမတော့တစ်နေ့တစ်ခြား ပျော်းလာပြီ၊ အိမ်ကိုပဲပြန်ချင်တယ်၊ မမကြီးတို့လဲလွမ်းတယ်'

ချူရဲ၏မျက်နှာတွင် အံ့သြရိပ်များထင်သွား၏။

'ညီမလေးက ပျင်းတယ်ဟု ဘာ ညီမလေးမှာပျင်းဖို့ အချိန်ရှိသေးလို့လား၊ မနက်ရောညပါသိုင်းပညာလေ့ကျင့်ရင်း အချိန်ကုန်နေရတာ၊ ပြီးတော့ညီမအနားမှာ အဖော်လဲရှိနေ

ပဲမဟုတ်လား'

ချူရင်အသာအယာပြုံးလိုက်သည်။

'အဖော်ဆိုတာ အစ်ကိုရှောင်ပင်းကို ပြောနေတာလား၊ သူ့ကိုအဖော်လုပ်နေရတာ ပိုတောင်ပျင်းဖို့ကောင်းသေးတယ်၊ သူက သိုင်းပညာသင်ဖို့ကိုပဲ စိတ်ထက်သန်တာ ဒီတောင်တန်းကြီးက ဘယ်လောက်သာယာသလဲ အားလပ်တဲ့အချိန်တွေမှာ လည်ပတ်ဖို့ကောင်းတာပေါ့၊ တောင်ပေါ်လျှောက်မလည်ပဲ ထိုက်ဟူရေကန်ထဲ လှေစီးနေရင်လဲပျော်စရာကောင်းမှာပါ၊ ဒါပေမယ့်သူက အဲဒါတွေကိုစိတ်မဝင်စားဘူး ဆရာကဘာစိတ်ကူးနဲ့များ သူနဲ့ညီမကို လက်ထပ်ပေးဖို့ စဉ်းစားသလဲမသိဘူး'

ချူရဲ၏မျက်နှာတွင် အပြောင်းအလဲများစွာ ပေါ်သွားသည်၊ သူက ချူရင်အား မျက်မှောင်ကြုတ်ပြီးကြည့်၍ သူ့အကြည့်တွင် မလိုလားဟန်တွေ ပါနေသည်ဟု ချူရင်ထင်မိသည်။

'အစ်ကိုရှောင်ပင်းက လူကောင်းပါ၊ ညီမလေးကိုလဲ သိပ်ချစ်ပါတယ်၊ ယောကျ်ားပီသတဲ့လူဟာ မိန်းကလေးတစ်ယောက်အနားမှာကပ်ပြီး ချွဲနေတာမျိုးမလုပ်တတ်ဘူး'

'ညီမကတော့ အေးတိအေးစက်နေတာကို သဘောမကျဘူး သူ့ကိုရွေးခြယ်မိတာတောင် မှားနေပြီလားလို့ သံသယဝင်နေတယ်'

ချူရဲ၏မျက်နှာထား တည်သွားသည်၊ သူက ချူရင်အား မျက်မှောင်ကြုတ်ပြီးကြည့်၍ သူ့အမူအယာက ချူရင်၏စကား



ကိုသဘောမကျကြောင်း ပေါ်လွင်နေသည်။

'ညီမ၊ ဒီစကားမျိုး မပြောပါနဲ့ မမတို့က ညီမကိုစိတ်အပြောင်းအလဲမြန်တဲ့မိန်းကလေးမျိုး မဖြစ်စေချင်ဘူး၊ သစ္စာရှိတဲ့မိန်းကလေးတစ်ယောက်အဖြစ်ပဲ တွေ့ချင်မြင်ချင်တယ်'

ချူရဲသည် သူထင်သည့်အတိုင်း ရှောင်ပင်းအပေါ် စေတနာပိုကြောင်း သူကရိပ်မိသည်။

'မမ အစ်ကိုရှောင်ပင်းကို သဘောကျတယ်ဆိုရင် ညီမ နောက်ဆုတ်ပေးမယ် မမသူနဲ့'

'တိတ်စမ်း'

ချူရဲ၏အော်ဟစ်သံ ကျယ်လောင်စွာ ပေါ်လာသည်။ ချူရင်မျက်နှာပျက်သွားပြီး တပျာယာမျက်လွှာချလိုက်၏။

'ဒီစကားမျိုး နောက်ဘယ်တော့မှ မပြောနဲ့ ကြားလား ချူရင်၊ မမအနေနဲ့သူ့အပေါ် သဘောလောက်အောင်ပဲ စွဲလမ်းနေတဲ့လမ်းနေ ညီမရင်ခွင်ထဲကနေဆွဲမယူတတ်ဘူး'

'မဟုတ်ပါဘူး ညီမက မမကိုလိုလိုချင်ချင်ပေးမယ်ဆိုရင်ကော'

'ညီမရူးနေသလား၊ ဒါမျိုးကတစ်ယောက်နဲ့တစ်ယောက် ပြောင်းပေးလို့ရတာမျိုးလား၊ အစ်ကိုရှောင်ပင်းဟာ အရုပ်တစ်ရုပ်မဟုတ်ပါဘူး မမကလဲဘာမှမထောက်ထားတဲ့ ကိုယ့်လိုချင်ဆန္ဒတစ်ခုထဲကိုသိတဲ့မိန်းမမျိုးမဟုတ်ပါဘူး'

ချူရဲသည် ရှောင်ပင်းအား စွဲလမ်း တွယ်တာနေကြောင်း ချူရင်စိတ်ထဲ၌ ရှင်းလင်းစွာသိသွား၏၊ ထို့အတွက်သူက ချူရဲအား သနားသွားသည်၊ ချူရဲစိတ်ချမ်းသာရေးအတွက် သူ

အစွမ်းကုန်လုပ်ကိုင်ဆောင်ရွက်မည်ဟုဆုံးဖြတ်လိုက်ပေသသည်။

'အစ်ကိုရှောင်ပင်းက ညီမကို မမနဲ့ပတ်သက်တဲ့အကြောင်း တွေမေးတယ်၊ သူကညီမကို ချစ်သလို မမကိုလဲစိတ်ဝင်စား နေပုံရတယ်'

ချူရဲရှက်သွားသည်၊ သူ့ပါးပြင်မှာ သွေးရောင်လွှမ်း သွားသည်၊

'မဟုတ်တာတွေမပြောစမ်းနဲ့ညီမ'

'ညီမ မဟုတ်တာမပြောပါဘူး၊ သူ့အကြောင်း ညီမ စိတ်ထဲကသိနေလို့ပြောတာ၊ ဒီအကြောင်းတွေ မမကိုပြောဖို့ ကြံစည်နေတာကြာပြီ၊ တကယ်လို့ မမသာ ညီမနဲ့အတူ အစ်ကိုရှောင်ပွင်းကို လက်တွဲမယ်ဆိုရင်....'

'ဟင်....ဒီကောင်မလေး မဟုတ်တရုတ်တွေ တော်တော် ပြောတာပဲ၊ အဲဒါမျိုးဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ ဆရာကလဲ သဘောကျမှာမဟုတ်ဘူး'

'ဆရာ့အတွက် ညီမတာဝန်ထား'

ချူရဲက ခေါင်းကိုဘွင်တွင်ခါသည်၊

'ဒါတွေကိုမစဉ်းစားပါနဲ့ညီမ၊ မမက ညီမတို့အနားမှာ တင်းသက်လုံးနေပြီး ညီမတို့ကိုပြုစုပါမယ်၊ ညီမအခုနနဲ့ သူ့ အပေါ် သစ္စာရှိနေမယ်ဆိုရင် မမကျေနပ်ပါပြီ'

ချူရင်သည် လုပ်လက်စအလုပ်ကိုချထားပြီး ချူရဲအနား သို့ချဉ်းကပ်သည်၊ ပြီး ချူရဲ၏ခါးကျဉ်ကျဉ်လေးလှိုဖက်လိုက် သည်။

'မမက အစ်ကိုရှောင်ပင်းကို တကယ်ပဲစိတ်မဝင်စားဘူး



လားဟင်'

'ဟင်....မမအဲ့ဒီလိုမပြောပါဘူး'

'စိတ်ဝင်စားရဲ့သားနဲ့ မမကဘာဖြစ်လို့ ကိုယ့်စိတ်ကိုယ် ညှဉ်းဆဲနေရတာလဲ'

'မမစိတ်ကို မမ မညှဉ်းဆဲပါဘူး၊ ညီမတို့အဆင်ပြေရင်.... ညီမတို့ပျော်နေရင် မမကျေနပ်ပါတယ်'

ချူရဲ၏မျက်လုံးအစုံတွင် မျက်ရည်ရစ်ဝဲနေကြောင်း ချူရင်တွေ့မြင်လိုက်သည်၊ သူက ချူရဲစိတ်ချမ်းသာရေးအတွက် အစွမ်းကုန်လုပ်ဆောင်မည်ဟုဆုံးဖြတ်၏၊ ထိုသို့ဆုံးဖြတ်သည် နှင့် သူ့ခင်ထဲတွင် လှုပ်ရှားပျော်ရွှင်သွားလေ၏။

လေက အသီးအတားမဲ့ တိုက်ခတ်နေသည်၊ ထိုက်ဟူကန် ရေပြင်တွင် လှိုင်းဂွေက သောသောထနေ၏၊ ကမ်းစပ်တွင် ရပ်နေသော ရှောင်ပင်းတို့၏ အဝတ်အစားများ လေအဟုန် တလွင့်လွင့်ပုါနေသည်။

ချူရင်သည် ယောကျ်ားပီသချောမောသော ရှောင်ပင်း၏မျက်နှာကို ငေးကြည့်နေသည်၊ ရှောင်ပင်းက ထိုက်ဟုကန်ရေပြင်တစ်လျှောက် ငေးနေသည်၊

'အစ်ကို'

ချူရင်၏ခေါ်သံ တိုးတိုးလေးပေါ်လာသည်၊ ရှောင်ပင်းသည် အဝေးသို့ငေးနေရာမှ ချူရင်ဘက်သို့လှည့်ကြည့်၏၊ ချိုမြစွာပြုံးနေသော ချူရင်၏အပြုံးမျက်နှာကို တွေ့ရသည်။

'အစ်ကို့ကို ညီမအောင်းပန်စရာတစ်ခုရှိလို့'

'ဘာလဲညီမ ဘာတောင်းပန်ချင်လို့လဲ'

'မမချူရဲ့နဲ့ပတ်သက်ပြီး တောင်းပန်ချင်တာပါ၊ ညီမနဲ့မမချူရဲ့ဟာ တိုင်ငယ်ငယ်လေးကတည်းက တစ်ခါမှမခွဲခဲ့ဖူးဘူး'

'အခုလဲ ညီမတို့အတူတူနေနေတာမဟုတ်လား'

ချူရင် ခေါင်းညိတ်ပြသည်။

'ဟုတ်ပါတယ်၊ ဒါပေမယ့် ညီမတို့လက်ထပ်လိုက်ကြရင် သူနဲ့ခွဲရမယ်၊ အဲဒါကြောင့် သူနဲ့မခွဲရမယ့်နည်းလမ်းတစ်ခုကို ညီမစဉ်းစားထားတယ်'



'အစ်ကိုတို့ လက်ထပ်ပြီးရင် သူ့ကို အိမ်မှာခေါ်ထားမယ်လို့ စဉ်းစားထားတာလားညီမ'

ချူရင် ပြုံးသွားသည်၊ သူက ရှောင်ပင်းအား ပမ်းသာအားရနှင့် ဖက်လိုက်လေ၏။

* * *

တော်ဝင်စာပေ

## အခန်း (၂၉)

## သို့လောသို့လော သံသယ

လှေနှစ်စီးသည် ကန်ရေပြင်ကိုဖြတ်ပြီး လျင်မြန်စွာလှော်ခတ်နေ၏၊ ရှေ့မှလှေတွင် လူနှစ်ယောက်ပါပြီး နောက်မှလှေတွင် လူသုံးယောက်ပါသည်၊ နောက်မှလိုက်လာသောလှေမှာ ပို၍လျင်မြန်ပြီး ရှေ့ကလှေကို မီတော့မလို ရှိသည်။

ရှောင်ပင်းတို့သည် လိုက်တမ်းပြေးတမ်းကစားနေသလိုရှိသော လှေနှစ်စီးကိုမြင်သည်နှင့် ကန်ထဲ၌ရှိထားသောပိုက်ကို သိမ်းသည်၊ ပိုက်ထဲ၌ပါလာသောငါးများကို မသိမ်းနိုင်ဘဲ လှေကိုခွာရန်ပြင်သည်။



'ရှေ့ကလှေက ထွက်ပြေးလာတဲ့လှေ၊ နောက်ကလှေက လိုက်တာ၊ ထိုက်ဟူရေကန်ကို ငါတို့ရောက်တဲ့အချိန်ကစပြီး အခုလိုဖြစ်တာ တစ်ခါမှမတွေ့ဖူးဘူး၊ ထူးတာတော့အမှန်ပဲ'

ရှောင်ပင်းက လှေနှစ်စီးကို လှမ်းကြည့်ရင်းမှ ပြောသည်။

'ကျွန်တော်တို့ သွားကြည့်ရင် ကောင်းမယ် ထင်တယ်... ဘိုးဘိုး'

ဆွေယန်ကြည့်က ခေါင်းညိတ်လိုက်၏။

'အေး....သွားကြည့်မယ်၊ သတိတော့ထားကြပါ'

ရှောင်ပင်းက လှေဦးတွင်ကိုင်ချသည်၊ ဆီယူဟန်မှာ ရှေ့ပဲ့ပိုင်းတွင်ထိုင်ပြီး လှေကိုလှော်ခတ်ထွက်၏၊ အလယ်မှထိုင်လိုက်လာသော ဆွေယန်ကြည့်နှင့် ရှိဝေချိန်တို့ကလည်း လှေကိုကူပြီးလှော်ခတ်သည်၊ ထိုအခါ ရှောင်ပင်းတို့ငါးဖမ်းလှေသည် ပြေးတမ်းလိုက်တမ်းကစားနေသော လှေနှစ်စီးရှိရာသို့ လျင်မြန်စွာပြေးထွက်၏။

လှေနှစ်စီးမှာ သူတို့နှင့်တဖြည်းဖြည်းနီးလာသည်၊ နောက်လှေကလည်း လမ်းကြောင်းပြောင်းပြီး ပထမလှေနောက်သို့လိုက်၏၊ ရှောင်ပင်းတို့မှာ ကန်အလယ်ကိုလှော်ခတ်နေရာမှ နောက်ကြောင်းပြန်လှည့်ကြည့်ရ၏။

မည်မသိ လှေနှစ်စီးက ကမ်းဆီသို့ မြားတစ်စင်းပမာ ပြေးနေသည်၊ ရှောင်ပင်းတို့လှေသည် ထိုလှေနှစ်စင်းနှင့် ဝေးလွယ်ခုတ်အနေအထားမှ ကမ်းစပ်သို့လှော်ခတ်နေ၏။

'ရှေ့ကလှေပေါ်မှာပါလာတာ ကျင်းဝိမဟုတ်လား'

ဆီယူဟန်က လှေနှစ်စီးကိုမျက်ခြေမပြတ်ကြည့်နေရာမှ မေး

ပြော ပြောသည်။

'တိတယ်....ကျင်းဝီဘဲ၊ သူနဲ့အတူရှိနေတာ လှေသမားနဲ့ ကူတယ်'

'နောက်ကလှေကို ကြည့်'

'နောက်လှေပေါ်မှာပါလာတာ သွေးကိုဏ်းသားတွေပါ၊ ခေါင်းဆောင်လာတာ ချင်းယွင်ဘဲ'

ဆီယူဟန်နှင့် ရှောင်ပင်းတို့ လှေဦးနှင့်ပဲ အပြန်အလှန်ပြောကြသည်။ ရှောင်ပင်းက လှေနှစ်စီး၏အကွာအဝေးကို ခန့်မှန်းပြီး....

'ကျွန်တော်တို့ လှေနှစ်စီးကြားထဲဖြတ်ဝင်ရင်ကောင်းမယ်၊ သူတို့ ပြေးကမ်းလိုက်တမ်းကစားနေပုံကိုကြည့်ရတာ ကျင်းဝီက ထွက်ပြေးလို့ ချင်းယွင်တို့က လိုက်ဖမ်းတဲ့ပုံစံဘဲ၊ ဘိုးဘိုးတို့ ဘယ်လိုထင်သလဲ'

'မင်းထင်သလိုဘဲ ထွက်ပြေးလာတဲ့ကျင်းဝီကို ချင်းယွင်က လိုက်ဖမ်းတာလို့ ငါတို့ထင်တယ်.... ဆီယူဟန်၊ ရှောင်ပင်းပြောသလို လှေနှစ်စီးကြားက ဖြတ်ဝင်တာကောင်းမယ်၊ ဖြတ်ဝင်ပြီး ကျင်းဝီရဲ့လှေနဲ့ လှေခြင်းကပ်လိုက်မယ်'

ဆွေယန်ကြည်က လှည့်မကြည့်ဘဲပြော၏၊ ရှောင်ပင်းတို့ တတွေ လှေကိုအားစိုက်ပြီးလှော်သည်၊ သူတို့လှေသည် ရှေ့နှစ်စီးကြားသို့တိုးဝင်ပြီး ရုတ်တရက်လှည့်စောင်းကာ ကျင်းဝီတို့လှေနှင့် ဘေးခြင်းကပ်မိသွား၏။



'ဟော ...ဘယ်ကကောင်တွေဝင်ရှုပ်တာလဲ၊ ငါတို့ တရားခံပြေးလိုက်ဖမ်းနေတာကွ၊ သွေးဂိုဏ်းကခေါ့လာရင် ဘေးရှောင်နေရဲ့ဘယ်ဆိုတာ မသိဘူးလား'

လှေခြင်းကွာသွားပြီး မျဉ်းပြိုင်ပမာ ဖြစ်သွားသည်နှင့် ချင်းယွင်က အော်ဟစ်ပြောဆိုသည်၊ ရှောင်ပင်းသည် လှေကိုအားစိုက်လှော်ခတ်နေရာမှ ချင်းယွင်အားလှမ်းကြည့်ပြီးရယ်လိုက်၏၊

'ငါတို့ ထိုက်ဟူဂိုဏ်းက သွေးဂိုဏ်းတွေ မီးဂိုဏ်းတွေကို ဂရုမစိုက်ဘူး၊ ငါတို့ရှေ့မှာ မတရားလုပ်နေတာတွေ့ရင် ဝင်ပြီး စွက်ဖက်မှာပဲ'

ချင်းယွင်သည် လှေဦးတိုင်နေသောရှောင်ပင်းအား အသေအချာမြင်သွားသည်၊ သူသည် ရှောင်ပင်းအား မြူးကျယ်ဂိုင်းစက်သော မျက်လုံးအစုံဖြင့်ကြည့်၏။

'ဟော....ရှောင်ပင်း၊ မင်းတို့ကခြေရာဖျောက်ထွက်ပြေးပြီး ဒီမှာလာပုန်းနေတာကိုး၊ ဘယ်လောက်ပြေးပြေး ငါတို့လက်က မလွတ်ပါဘူး'

ချင်းယွင်သည် စကားပြောရင်း လက်နက်ပုန်းများပစ်လွှတ်လိုက်သည်၊ ရှောင်ပင်းတို့က လှေလှော်တက်များဖြင့် ဝီခေါ်ပြီးပြေးလာသော လက်နက်ပုန်းများကို ရိုက်ဖယ်သည်၊ ထိုအချိန်မှာပင် သူတို့နှင့် ဘေးချင်းကပ်လျက်ရှိလှေပေါ်မှ ကျင်းဝီက လျှပ်တစ်ပြက်လှုပ်ရှားလိုက်သည်၊ သူက လှေဝမ်းထဲမှ ဓားတစ်သက်ကိုဆွဲယူပြီး ရှောင်ပင်းအား လှမ်းတိုးလိုက်၏၊ နတ်မှ အားခန်အော်သံနှင့်အတူ ရှောင်ပင်း ရှေ့ကိုစိုက်ကျ

သည်၊ သူ့နောက်တွင်ထိုင်နေသော ဆွေယန်ကြည်က သာ ပင်းမဆွဲလျှင် ရှောင်ပင်း ရေထဲသို့ထိုးကျသွားမှာ သေချာ သည်။

'လှုယှင်မာတွေ...အကောက်ကြံတာ၊ လှေနှစ်စီးစလုံးကို တိုက်'

ရီဝေချိန်က ဒေါသတကြီးပြောဆိုပြီး ခါးတွင်ထိုးထား သော ဓားဖြင့် ချင်းယွင်တို့လှေအား လှမ်းပစ်သည်၊ ဓားမှာ လှေတစ်စင်းမှာ ပြေးထွက်ပြီး လှေပေါ်မှ သွေးကိုက်းသား တစ်ယောက်၏ရင်ကို ထိုးမဖောက်သည်။

ရှောင်ပင်းကိုလုပ်ကြံသည့် ကျင်းဝီတို့လှေမှာ ကမ်းကပ် သွားသည်။ ကျင်းဝီနှင့်သူ့အဖော် ကုန်းပေါ်သို့ တက်ပြေး ၏၊ ချင်းယွင်တို့ကလည်း သူတို့လှေကို ကမ်းဆီသို့လှော်ခတ် ပြီး လှေပေါ်မှနေ၍ ကုန်းပေါ်သို့ ဟစ်ယောက်စီခုန်တက် သည်။

'သူတို့နောက်လိုက်...မလွတ်စေနဲ့'

ရီဝေချိန်က အော်ပြောသည်၊ ဆွေယန်ကြည်မှာ ရှောင် ပင်း၏ အခြေအနေကိုကြည့်နေသဖြင့် ချင်းယွင်တို့တက်ပြေး ကြပုံကို မသိလိုက်၊ သူသတိထားပြီးကြည့်မိသည့်အခါ ချင်း ယွင်တို့မှာ ကုန်းပေါ်ကိုရောက်နေကြပြီဖြစ်သည်။

'ရီဝေချိန် မလိုက်နဲ့...၊ ဒီမှာ ရှောင်ပင်းရဲ့ အခြေအနေ မကောင်းဘူး'



ဆွေယန်ကြည်သည် သတိပေးပြောဆိုရင်း ရှောင်ပင်း၏ ဒဏ်ရာမှ သွေးထွက်မလွန်စေရန် သွေးကြောများကို ထိုးပိတ် လိုက်၏။

'ရှောင်ပင်းရဲ့ဒဏ်ရာ တော်တော်ပြင်းသလား'

'အေး.... နံရိုးကြားထဲ ပြတ်ဝင်သွားတာ၊ သွေးတော် တော်ထွက်တယ်၊ ငါတို့ နောက်ကြောင်းပြန်လှည့်မှဖြစ်မယ်'

ဆွေယန်ကြည်၏စကားကြောင့် ဆီယူဟန်တို့က လှေကို နောက်ပြန်လှည့်သည်၊ ရေကန်အလယ်ရှိ တောင်ကျွန်းသို့ ဦး တည်လှော်ခတ်၏၊ လှေပေါ်တွင်ပါလာသော ဆွေယန်ကြည်၊ ရီဝေချိန်နှင့် ဆီယူဟန်တို့က အတင်းအားအပြည့်သုံးပြီး လှော်ခတ်သဖြင့် လှေငယ်မှာ ရေပေါ်တွင် ရိပ်ရိပ်ပါအောင် ပြေး၏။

ဆွေယန်ကြည်သည် ရှောင်ပင်း၏ဒဏ်ရာကို အင်္ကျီစဖြင့်ကာ စည်းနှောင်သည်၊ သူ့တွင်အသင့်ပါသော ဒဏ်ကျေဆေးများ တိုက်သည်၊ ရှောင်ပင်းမှာ ဒဏ်ရာအရှိန်ကြောင့် လှေဝမ်းထဲ တွင် မှိန်းနေ၏။

'ဒီကောင်တွေက ကျုပ်တို့ကိုလာစုံစမ်းတာလားမသိဘူး၊ အခုဆိုရင် ကျုပ်တို့နေရာကို သူတို့သိသွားပြီ၊ မကြာခင် အင် အားနဲ့ရောက်လာကြလိမ့်မယ်ထင်တယ်'

'ရောက်လာတော့လဲ သူတို့ကို သင်ခန်းစာကောင်းကောင်း ပေးရတာပေါ့'

လှေ ကမ်းကိုကပ်သည်၊ ဆွေယန်ကြည်က သွေးတွေရွှဲနစ်နေသော ရှောင်ပင်းအား ပွေ့ချီပြီး ကုန်းပေါ်သို့ ခုန်တက်လိုက်၏၊ သူသည် ကိုယ်ဖော့ပညာသုံးကာ တောင်ခွပ်လတ်တွင်ရှိသော အိမ်ဆီသို့ပြေးတက်သည်၊ လှေဆိုက်သည်လှမ်းမြင်ပုံရသော ချူရင်တို့က အိမ်ရှေ့မှထွက်ကြိုနေလေ၏။



ချူရင်နှင့် ချူရှဲတို့သည် စိုးရိမ်ထိတ်လန့်ခြင်းတွေ ပြည့်သိပ်နေသောအကြည့်ဖြင့် ရှောင်ပင်းအားကြည့်နေသည်၊ ရှောင်ပင်း၏ အသက်ရှူနှုန်းကနှေးကွေးလေးလံနေပြီး သူ့မျက်နှာမှာ သွေးဆုတ်ဖြူဖျော့နေသည်။

အဘွားအိုချူးယောင်သည် ရှောင်ပင်း၏ဒဏ်ရာကိုဆေးထည့်ပေးသည်၊ ဆေးထည့်အပြီးတွင် ဒဏ်ရာပေါ်၌ အဝတ်ဖြူဖြူဖြင့် အုပ်လိုက်သည်။

'သူ့ဒဏ်ရာက သိပ်မနက်ဘူး၊ သိပ်မများဘူး၊ သွေးကြောတစ်ခုထိသွားလို့ သွေးထွက်များသွားတယ်၊ အားပြည့်လာရင် သူသက်သာသွားမှာပါ၊ ကျွန်မတို့ တစ်ယောက်တစ်လှည့်စီ အတွင်းအား ပံ့ပိုးကူပေးမယ်ဆိုရင် သူသက်သာဖို့ မြန်လိမ့်မယ်၊ အခုပထမဆုံး ကျွန်မသူ့ကိုအတွင်းအား ပံ့ပိုးပေးမယ်၊ ပြီးရင် အစ်ကိုတို့တစ်လှည့်စီ တာဝန်ယူကြပါ'

'အဘွားအိုချူးယောင်က ရှောင်ပင်း၏ပါးစပ်ထဲသို့ ဆေးလုံးတစ်လုံးခွံ့ပေးရင်းပြောသည်၊ ပြီး သူက ရှောင်ပင်း၏နောက်တွင်ပင် ထိုင်ပြီး ကျောပြင်ပေါ် လက်တင်လိုက်၏၊

ချူးယောင်က အတွင်းအား ပို့လွှတ်လိုက်သည်နှင့်ရှောင်ပင်းမှာ တစ်ချက်တွန့်ခနဲဖြစ် သွား၏၊ ပြီး ငြိမ်သက်သွား၏၊ ဆွေယန်ကြည်တို့က ရှောင်ပင်း၏အခြေအနေကို ကြည့်သည်၊ ပြီး တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြပြီးအပြင်ကိုထွက်သည်၊ ချူရင်တို့ကိုမူ နေခဲ့ရန် လက်ဟန်ပြသဖြင့် ချူရင်နှင့် ချူရှဲတို့က အခန်းထဲ၌နေရစ်ခဲ့သည်။

'ထမင်းအိုးတစ်လုံးချက်လောက်ကြာရင် ငါကာဝန်ယူမယ်၊

ပြီးရင် မင်းတာဝန်ယူ၊ အဲဒီယူဟာန်က နောက်ဆုံးမှာတာဝန်ယူ၊ ဒီည တစ်ယောက်ကိုတစ်ချိန်တာဝန်ယူပြီး အတွင်းသား ပံ့ပိုးပေးရင် မိုးလင်းတာနဲ့ ရှောင်ပင်း - ထူထူထောင်ထောင်ဖြစ်လာမှာပဲ ဒီအချိန်မှာ ရန်သူရဲ့ အနှောင့်အယှက်နဲ့မတွေ့ဖို့ အရေးကြီးတယ်၊ တစ်ယောက်တစ်လှည့်စီ ရှောင်ပင်းကို အတွင်းအား ပံ့ပိုးဖို့ ကျွန်ုပ်တို့ တစ်ယောက်တစ်လှည့်စီအိပ်ထားဖို့လဲလိုတယ်၊ ကင်းတာဝန်ကိုနှစ်ယောက် တစ်ပြိုင်တည်းယူမှဖြစ်မယ်၊ သေနင်္ဂုဏ်ဆိုင်းချုပ်ညာက်ချားတာကို ငါတို့သိပြီးသားပဲ ဒီအချိန်မှာ သတိမလစ်ဖို့ သိပ်အရေးကြီးတယ်'

'အခုအစီအစဉ်ကောင်းပါတယ၊ မိန်းကလေးနှစ်ယောက်ကိုတော့ နဲနဲမိုးချုပ်တာနဲ့ အိပ်ခိုင်းရမယ်၊ ဒါမှသူတို့မနက်ဖြန်ကျရင် ရှောင်ပင်းကို ပြုစုနိုင်မှာ'

ဆွေယန်ကြည်တို့ သုံးယောက်သား အိမ်ရှေ့ကွပ်ပစ်တွင် ထိုင်လိုက်ကြသည်၊ သူ့ကိုယ်က ဂွမ်းဖြင့် အုပ်ထားသော ရေနွေးကြမ်းအိုးထဲမှ ရေနွေးကြမ်းတစ်ခွက်စီ ငှဲသောက်သည်။

ကျနေရောင်သည် တိုက်ဟူကန်ပေါ်သို့ထိုးကျနေ၏၊ ငါးဖမ်းရာမှပြန်လာသော လှေငယ်များကို ကန်ထဲတွင်တွေ့ရသည်၊ အိုင်တန်းပျံငှက်ငယ်များ ကို တောင်းကင်ပြင်တွင်တွေ့ရ၏၊

အုပ်လိုက်ပျံသန်းသွားသော ငှက်များကြားမှ ငှက်တစ်ကောင်ကို ရီဝေချိန်သတိပြုမိသည်၊ ထိုငှက်မှာ ကာန်ရေမြင်ကို ဖြတ်ပြီး သူတို့ရှိရာသို့ ဦးတည်ပျံသာနေသည်။

'ဟိုမှာပျံလာတာ စာပို့ခိုနဲ့တူတယ်၊ ဒါတစ်နေရာကနေ အကြောင်းကြားစာလာပို့တာဖြစ်မယ်'



ရီဝေချိန်က တဖြည်းဖြည်းနိမ့်ဆင်းလာသည့်ငှက်ကိုကြည့်ရင်းမှပြောသည်၊ ရီဝေချိန်၏စကားကိုအကြားတွင် ဆွေယန်ကြည် ရယ်လိုက်သည်။

'စာပို့ခိုလာတာဆိုရင် အကြောင်းကြားစာ လာပို့တာကလွဲလို့ တစ်ခြားဘာဖြစ်မှာလဲ ဒါမင်းပြောမှလား ကွ'

ရီဝေချိန်က သူ့ကို နောက်ပြောင်သော ဆွေယန်ကြည်အား ငစ်စုံတစ်ရာ တုန့်ပြန်ပြောမည်ပြုသည်၊သို့သော် အမြင့်မှထိုးဆင်းလာသောခို သူတို့ရှေ့ရှိကွပ်ပျစ်ပေါ် လာနားသဖြင့် မပြောဖြစ်လိုက်၊ သူက ဆွေယန်ကြည်အား မကျေမနပ်နိုင်သောအကြည့်ဖြင့် တစ်ချက်ကြည့်ပြီး ခိုကိုလှမ်းဖမ်းလိုက်၏၊ ခိုက ရီဝေချိန်၏လက်ပေါ် သို့တက်လာသည်။

ခို၏ခြေထောက်တွင် စာလိပ်တစ်လိပ်ကို ချည်နှောင်ထားသည်၊ ရီဝေချိန်က စ ကို ဖြည်ယူလိုက်၏၊ လက်ပေါ်၌ နားနေသောခိုကို ပုခုံးပေါ်တင်လိုက်သည်။

'စာပေါ်မှ ဒေဝီဂုဏ်ဆိုင်း၏အမှတ်အသားပါတယ်၊ ဒါချူးယောင်ဆီက လာတဲ့စာပဲ'

'သူ့ဆီလာတဲ့စာကို ငါတို့ဖတ်ကြည့်လို့ တာမှမဖြစ်ပါဘူး၊ ဖတ်ကြည့်လိုက်ကွာ မြန်မြန်ဖတ်ကြည့်တော့ မြန်မြန်အကျိုးအကြောင်း သိရတာပေါ့'

ရီဝေချိန်သည် စာလိပ်ကိုဖြည်ပြီးဖတ်သည်၊ စာဖတ်နေရင်းသူ့မျက်နှာ အလိုမကျဟန် တင်းမာသွားသည်၊ သူသည်မျက်မှောင်ကြုတ်ထားလျက်နှင့် စာကို ဆွေယန်ကြည်လက်ထဲထည့်သည်။

ဆွေယန်ကြည်က သီယူဟန်အား အနားသို့တိုးရန်မျက်ရိပ်ပြပြီး စာကိုနှစ်ယောက်အတူဖတ်သည်။

စာမှာ ဒေဝီကိုဏ်းချုပ်အဖြစ် တာဝန်ယူနေရသော ချူဖုန်ရေးလိုက်သည့် စာဖြစ်သည်၊ သူက သွေးဂိုဏ်း၏လှုပ်ရှားမှုများအကြောင်းကို စာတွင်ထည့်ရေးသည်၊ သွေးဂိုဏ်းသည် စုကျန်း တစ်မြို့ထဲကိုသာမဟုတ် စုကျိုးတစ်ခရိုင်လုံးကို စိုးမိုးထားပြီဖြစ်ကြောင်း သိရ၏၊ ဒေဝီဂိုဏ်းကဲ့သို့သော ဂိုဏ်းငယ်များကို မဟာမိတ်အဖြစ် အသိအမှတ်မပြုတော့ သွေးဂိုဏ်း၏ ဂိုဏ်းခွဲများအဖြစ် သတ်မှတ်လိုက်သည့်အကြောင်း စာထဲတွင် ရေးထား၏။

မုယုံခြံဝင်းမှာ သွေးဂိုဏ်းဌာနခွဲတစ်ခုဖြစ်နေပြီ၊ ကျင်းဝီက ဌာနခွဲမှူးအဖြစ် တာဝန်ယူထားသည့်အကြောင်း စာထဲ၌ ရေးသားထား၏။

'အခုအတိုင်းဆိုရင် သွေးဂိုဏ်းဟာ တော်တော်အင်အားကောင်းနေပြီ၊ မကြာခင်မှာဘဲ သူတို့ သိုင်းလောကတစ်ခုလုံးကို စိုးမိုးနိုင်တဲ့အခြေအနေ ရောက်လာလိမ့်မယ်၊ ဒါကိုငါတို့ လက်မခံနိုင်ဘူး၊ သွေးဂိုဏ်းကို အတောင်ပေါက်စ အခြေအနေမှာပဲ ရှင်းပစ်ရလိမ့်မယ်'

'ငါတို့ ဒီမှာလာခိုနေတာဟာ သွေးဂိုဏ်းကိုအင်အားတောင့်တင်းတဲ့ အခြေအနေမျိုးရောက်အောင် တွန်းပို့သလိုမျိုးဖြစ်သွားတယ်'

ဆွေယန်ကြည်က သက်ပြင်းတစ်ချက်ချပြီး ထိုင်နေရာမှထ၏၊ သူက စာပို့ခိုဖြင့်ရောက်လာသည့်စာကို ရှီဝေချိန်လက်



ထဲထည့်ပြီး အိမ်တွင်းသို့ဝင်သွား၏။

ဆွေယန်ကြည်ဝင်သွားပြီး ခဏအကြာ၌ ချူးယောင်က အပြင်ကိုထွက်လာ၏၊ သူက စာပို့ခိုဖြင့်ရောက်လာသောစာကို ဖတ်၏၊ ပြီး ဒေဝီဂိုဏ်းချုပ်ချူဖုန်အား ပြန်စာရေးသား၍ စာပို့ခိုနှင့်ပြန်ပို့၏။

'ညီမ စာထဲမှာဘာတွေရေးလိုက်သလဲ'

ချူးယောင်က ရှီဝေချိန်အား မျက်လွှာတစ်ချက်ပင့်ကြည့်သည်။

'အခြေအနေကြည့်ပြီးမှ ဖို့ပဲ ရေးလိုက်တယ်'

ရှီဝေချိန်က တဖြည်းဖြည်း သေးငယ် ပျောက်ကွယ်သွားသော စာပို့ခိုကိုကြည့်ပြီး သက်ပြင်းချလိုက်၏၊ သူက ကောင်းကင်ပေါ်သို့ကြည့်နေရာမှ မျက်နှာလွှဲလိုက်စဉ် ကန်ရေပြင်ကို ဖြတ်၍ အပြင်းလျှော်ခတ်လာသော လှေငယ်တစ်စီးကိုတွေ့ရသည်။

'ဟိုမှာ လှေတစ်စီးလာနေပြီ၊ လှေပေါ်မှာလူတစ်ယောက်ထဲပါတယ်၊ ကြည့်ရတာ ရန်သူနဲ့တော့မတူဘူး၊ ဘယ်သူများဒီကို အရေးတကြီးလာနေပါလိမ့်'

လှေက တဖြည်းဖြည်းနီးလာသည်၊ လှေကိုလှော်ခတ်လာသူ၏သဏ္ဌာန်တဖြည်းဖြည်းပီသလာ၏၊ ထိုလူမှာ မုယုံဂေဟာ၏ အိမ်တော်ထိန်းကြီးပင်ဖြစ်၏။

'ဒါ အိမ်တော်ထိန်းကြီးပဲ....တို့ ဒီမှာနေတာ သူဘယ်လိုလုပ်သိသလဲ မသိဘူး....အိမ်တော်ထိန်းကြီးဆိုပြီး ပေါ့ပေါ့ဆဆတော့ မနေနဲ့၊ ရန်သူဟာ အိမ်တော်ထိန်းကြီးအဖြစ်ရုပ်

ဖျက်လသာတာ ဖြစ်နိုင်တယ်'

ရဂီဝေချိန်၏စကားကြောင့် ချူးသောင်နှင့် ဆီယူဘန်တို့မှာ ဖျတ်လတ်နိုးကြားဟန်တွေပေါ်လာသည်၊ ဆီယူ ဂန်သည် နေရာမှထပြီး လှေဆိပ်သို့ပြေးဆင်း၏၊ တခဏအကြာတွင် သူက အိမ်တော်ထိန်းကြီးအား ဆွဲခေါ်လာသည်ကိုတွေ့လိုက်ရ၏။

## အခန်း (၃၀)

## လွတ်လမ်းကိုရှာ

အိမ်တော်ထိန်းကြီးမှာ ခရီးဝေးမှလာခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်နေဟန်ရှိလေ၏၊ ဆာ လောင်မွတ်သိပ်နေခြင်းကြောင့် ကုန်ခြွမဆည်နိုင်အောင်ဖြစ်နေ၏။

ချူရဲက အိမ်တော်ထိန်းကြီးအတွက် စားသောက်ဖွယ်ရာများ ပြင်ဆင်ပေး၏၊ အိမ်တော်ထိန်းကြီးက အရက်နှစ်ခွက် ခန့်ဆင့်သောက်ပြီးနောက် အစားအသောက်ကို အငန်းမရ စား၏၊ ငါးကင် နှစ်ကောင်နှင့် ထမင်းပန်းကန်သုံးလုံးမျှစား သောက်ပြီးသည့်အခါ ကုန်ခြွရသွားပြီး သူ့အနားၐ ဝိုင်းနေသော ဆွေယန်ကြည်တို့ကို မော်ကြည့်၏။

ကျွန်တော်တို့ ဒီရေကန်နားကိုရောက်နေတာ သုံးရက်ရှိပြီ....ကျွန်တော့်ကို ချင်းယွင်လို့က ဓားစာခံအဖြစ် ခေါ်လာတာ ...သုံးရက်လုံးလုံး ရေကလွဲပြီး ဘာအစာမှမစားရဘူး၊ သူတို့ကဆရာကြီးတို့ကို တွေ့အောင်ရှာမယ်....တွေ့ရင် စေ့စပ်ဆွေးနွေးခိုင်းမယ်လို့ ကျွန်တော့်ကို ပြောထားတယ်....ဒီနေ့နေ့လည်မှာ ချင်းယွင်က ဆရာကြီးတို့ကိုတွေ့ပြီဆိုတဲ့ အကြောင်းပြောတယ်....ဆရာကြီးတို့က မုယုံချင်းကို သူတို့လက်ထဲအပ်မယ်ဆိုရင် အားလုံးကို သွေးဂိုဏ်းရဲ့ ဂိုဏ်းခွဲမှူးတွေအဖြစ် ချီးမြှင့်မြှောက်စားမယ်လို့ မှာလိုက်တယ်....ကျွန်တော့်ဆီမှာ သွေးဂိုဏ်းချုပ်ရဲ့စာပါလာတယ်၊ အမှန်တော့ မုယုံချင်းကို သူက တည်ကြက်အဖြစ် အသုံးပြုချင်နေတာ....သူ တကယ်အလိုရှိတာက ပျောက်စေသမားတော်ကြီးပဲ'

'ဩော်....လက်စသတ်တော့ သူအညှိုးထားနေတာ သမားတော်ကြီးကိုး၊ ဒါကြောင့် မုယုံချင်းဆီကို သမားတော်တွေလာပြီး ဆေးမကုနိုင်အောင် တားခဲ့တာပဲ'

'ဟုတ်ပါတယ်၊ သူက အဲဒီလိုပဲပြောလိုက်တယ်'

'ပျောက်စေသမားတော်ကြီးကို သူက ဘာလာအညှိုးများထားလို့လဲမသိဘူး'

'သမားတော်ကြီးကို သူတော်တော်မုန်းတီးပုံရတယ်'

'အဲဒါများ တခြားလူတွေကိုလိုက်ပြီး ဒုက္ခပေးနေရသေးတယ်၊ သူ့တာသာသူပဲ သမားတော်ကြီးကို တွေ့အောင်ရှာပါလား၊ အခုတော့ ကြားကလူတွေကို လိုက်ပြီးဒုက္ခပေးနေတယ်'



ဆီယူဟန်က မလိုလားသောလေသံဖြင့်ပြောသည်၊ ဆွေယန်ကြည်သည် တစ်စုံတစ်ရာကို လေးလေးနက်နက်စဉ်းစားနေရာမှ....

'ဒီမြွေဟောက်မဟာ သမားတော်ကြီးကိုယှဉ်ရဲလို့ ကလိန်ဉာဏ်ဆင်နေတာမဟုတ်ဘူး၊ သမားတော်ကြီး ပုန်းနေရာက ထွက်မလာလို့ အခုလိုလုပ်နေတာ'

'အင်း.... အမုန်းတရားဆိုတာ အတော် ကြောက်စရာကောင်းပါလား'

'သမားတော်ကြီးဟာ သွေးဂိုဏ်းချုပ်ဟာ ကျူးကျော်ဝင်မှန်း သိသေးပုံမရဘူး၊ ကူးကျော်ဝင်ကလဲ သခင်မလေးတို့ သွေးတောင်ကြားကိုရောက်နေတာ သိပုံမရဘူး'

ရီဝေချိန်တို့က သွေးတောင်ကြားအကြောင်းကိုပြောနေစဉ် အိမ်တော်ထိန်းကြီးက သဘ်ခနဲခေါင်းမော့ကြည့်သည်၊

'သမားတော်ကြီးဆိုလို့ သွေးတောင်ကြားက စာတစ်စောင် ကျွန်တော့်ဆီမှာပါတယ်၊ သူတို့က မယုံခြင်းကို လှမ်းပြီးဆက်သွယ်လို့ ရောက်လာတာ'

ဆွေယန်ကြည်က အိမ်တော်ထိန်းကြီးထံမှ စာကိုယူပြီး ဖတ်သည်။

'ဒါ ထင်းလုံရဲ့စာပဲ၊ သူက ကျုပ်တို့အားလုံး သွေးတောင်ကြားကိုလာဖို့ခေါ်ထားတယ်'

ဆွေယန်ကြည်က စာဖတ်ပြီး တွေတွေဝေဝေဖြစ်သွားသည်၊ သူသည် စဉ်းစားဟန်ဖြင့် တစ်ခဏမျှငြိမ်နေပြီး....

'သွေးဂူဂိုဏ်းချုပ်နဲ့ ထိပ်တိုက်ရင်ဆိုင်ဖို့ ကျုပ်တို့ သွေးတောင်ကြားကို သွားသင့်တယ်၊ ဒီနေရာကို ရန်သူကခြေရာခံမိသွားပြီဆိုတော့ ကျုပ်တို့ဒီကနေထိုက်မယ်၊ ညီမတို့ ဆရာတပည့်သုံးယောက်ရယ်၊ ရွှောင်ပင်းရယ်၊ အိမ်တော်ထိန်းကြီးရယ် သွေးတောင်ကြားကိုသွား၊ ကျုပ်တို့နေခဲ့ပြီး ရန်သူကို လှည့်စားတိုက်ခိုက်မယ်'

'ကျွန်မတို့ပါ ဒီနေပြီး ရန်သူကိုတွန်းကိုက်ခိုက်ရင် အင်အားပိုရှိတဲ့အတွက် ပိုပြီးအဆင်မပြေနိုင်ဘူးလား'

ဆွေယန်ကြည်က ချူယောင်အားလှမ်းကြည့်ပြီး ခေါင်းခါလိုက်သည်။

'ရန်သူကိုတွန်းကိုက်ခိုက်ဖို့ အစ်ကိုတို့သုံးယောက်နဲ့လုံလောက်ပါတယ်၊ ညီမက အစ်ကိုတို့ကိုယ်စား သွေးတောင်ကြားကို



သွားပြီး ထင်းလုံတို့နဲ့ဆက်သွယ်ပါ၊ ပြီးတော့ ရွှောင်ပင်းနဲ့ ချူရင်တို့ကို သွေးမော်ကွန်းသိုင်းကျမ်း အဆင့်မြောက် သင်ကြားပေး ကျင့်အောင်မြင်အောင်ကူညီပါ၊ အစ်ကို ညီမရဲ့ လက်ထဲကို သွေးမော်ကွန်းသိုင်းကျမ်းထည့်ပေးလိုက်မယ်'

ချူယောင်သည် ဆွေယန်ကြည်၏စကားကို မဖယ်ရှားဘဲ ခေါင်းညိတ်လိုက်သည်၊ ဆွေယန်ကြည်က အိမ်တော်ထိန်းကြီးအားလှမ်းကြည့်၍...

'ကျုပ်တို့ကိုသိမ်းသွင်းစည်းရုံးဖို့အတွက် ချင်းယွင်က ခင်ဗျားကို အချိန်ဘယ်လောက်ပေးလိုက်သလဲ'

'မိုးလင်းတာနဲ့ အကြောင်းပြန်ရမယ်လို့ပြောလိုက်တယ်၊ ဒီကနေထွက်မယ်ဆိုရင် ဒီကစ်ညအချိန်ရတယ်'

ဆွေယန်ကြည် တွေခနဲ ဖြစ်သွားသည်၊ သူက အကြံထောင်းသည့်သဘောနှင့် ရီဝေချိန်အား လှမ်းကြည့်၏၊ ရီဝေချိန်က....

'ကျုပ်တို့ တောင်ကိုကျော်ပြီး ကန်ရဲဘက်ကို ကူးကြမလား၊ ဒါမှမဟုတ် မှောင်တော့မှ လှေနဲ့ကန်ကိုဖြတ်ကူးပြီး ဒီကနေထွက်မလား၊ အဆင်ပြေမယ့်နည်းလမ်းကို စဉ်းစားကြတာပေါ့၊ ဒီည ဒီကနေထွက်မှဖြစ်မယ်၊ တစ်ခုရှိတာက

ရှောင်ပင်းဒဏ်ရာရအားတာပဲ၊ သူက အနားယူဖို့လိုနေသေးတယ်၊ ချက်ချင်း ဒီကနေထွက်မယ်ဆိုရင်တောင် သူ့ကိုမထိခိုက်ဖို့လိုတယ်၊ အကောင်းဆုံးက လှေနဲ့ တောင်ကြောအတိုင်း မြောက်ဘက်ကိုထွက်၊ တောင်ကြောင်ဆုံးတဲ့အခါ ကန်တစ်ဖက်ကိုဖြတ်တာပဲ'

'မင်းပြောတဲ့နောက်ဆုံးနည်းက ကောင်းတယ် ရီဝေချိန်၊ အဲဒီအတိုင်းလုပ်ကြတာပေါ့၊ ငါတို့တတွေ အတွင်းအား ပံ့ပိုးပေးထားလို့ ရှောင်ပင်းရဲ့အခြေအနေ ကောင်းစပြုနေပြီ၊ သူ့ကိုညင်ညင်သာသာသယ်သွားပြီး လှေပေါ်တင်ခေါ်ရင် ဆိုးဆိုးဝါးဝါးဖြစ်စရာအကြောင်းမရှိဘူး'

ရီဝေချိန်က ဆီယူဟန်နှင့် ချူယောင်တို့ကို လှမ်းကြည့်လိုက်၏။

သူ့အကြည့်သည် သဘောတူညီကြောင်းဟန်ရှိသဖြင့် ဆီယူဟန်တို့က ခေါင်းညိတ်လိုက်၏။

'ညီလေးတို့ပြောတဲ့အတိုင်းပဲ လုပ်ကြတာပေါ့'

'ဒါဆိုရင် ရှောင်ပင်းကို ကျုပ်ကြည့်ထားမယ်၊ ကျန်တဲ့လူတွေအနားယူကြပေါ့၊ ကျုပ်တို့မှာ သယ်ပိုးစရာ ဘာမှမရှိ



ဘူး၊ အသုံးအဆောင်ပစ္စည်းတွေအားလုံး ဒီမှာပဲထားခဲ့မယ်'

အိမ်ရှေ့ခန်းတွင်ထိုင်နေသော ချူယောင်တို့ နေရာမှ ထသည် သူတို့သည် ရှောင်ပင်းရှိသော အခန်းနှင့် ကပ်လျက်ရှိသော အခန်းသို့ဝင်သည်၊ ယောကျ်ားသုံးယောက်က ရှောင်ပင်းရှိနေသည့်အခန်းသို့ဝင်၏၊ ဆွေယန်ကြည်ကရှောင်ပင်း၏ အိပ်ရာဘေးတွင်ထိုင်ပြီး ရီဝေချိန်နှင့်ဆီယူဟန်ကတော့ ပျစ်တစ်ခုစီပေါ်တက်ကာ လဲလျောင်းအနားယူကြသည်။

ဆွေယန်ကြည်က ရှောင်ပင်း၏ အခြေအနေကိုကြည့်သည်၊ အသက်မှန်မှန်ရှူပြီး အိပ်ပျော်နေသောရှောင်ပင်းမှာ အခြေအနေဆိုးမှလွတ်မြောက်ခဲ့ပြီဟု သူယုံကြည်နေ၏။

သူက ကန်သယ်ကျွန်းဘောင်နှခွာပြီး ရှောင်ပင်းတို့အား အန္တရာယ်ကင်းသည့်နယ်မြေထိ လိုက်ပို့ရန်၊ ပြီးနောက် သွေးဂိုဏ်းကို အကွက်ကျကျတိုက်ခိုက်ရန် စဉ်းစားနေစဉ် ညင်သာသောခြေသံတစ်သံကြားရသည်၊ ခြေသံရှင်မှာ ချူရဲ ဖြစ်နေသဖြင့် သူအံ့အားသင့်သွား၏။

'မိန်းကလေးအနားမယူဘူးလား ဘာဖြစ်လို့ ဒီကိုထွက်လာတာလဲ'

ချူရဲသည် ဆွေယန်ကြည်အား သိမ်မွေ့ချိုသာသောအပြုံးဖြင့်ပြုံးပြသည်။

'ကျွန်မအိပ်လို့မရဘူး အတွင်းအားလေ့ကျင့်ရင်း အနားယူဖို့ကြိုးစားတာလဲမအောင်မြင်ဘူး၊ အိပ်မရတဲ့အစားတူ အစ်

တို့ရှောင်ပင်းကို ကျွန်မပဲစောင့်ကြည့်ပါမယ်၊ ဘိုးဘိုးက ပင်ပင်ပန်းပန်းလှူင်ရှားစရာတွေရှိသေးတဲ့အတွက် အနားယူပါ'

ဆွေယန်ကြည် တွေခနဲဖြစ်သွား၏၊ ပြီးမှခေါင်းညိတ်လိုက်သည်။

'မိန်းမလေးက မနားဘူး ဆိုရင်တော့ ကျုပ်နားမယ်၊ ညဥ့်နက်သန်းခေါင်မတိုင်ခင် ကျုပ်တို့ကိုနှိုးပါ'

'ပါတ်ကဲ့....ကျွန်မ အချိန်အတိအကျနှိုးပါ့မယ်'

ဆွေယန်ကြည် နေရာမှထပြီး အခန်းထောင့်တွင် ရှိသော ဝါးကွပ်ပျစ်ဆီသို့လျှောက်သွားသည်၊ သူက ဝါးကွပ်ပျစ်ပေါ် လဲလိုက်စဉ်၊ ချူရဲမှာ ရှောင်ပင်းအနားတွင် ထိုင်ချလိုက်၏၊ ဆွေယန်ကြည်သည် အမှတ်မထင် ချူရဲကိုကြည့်သည်၊ ရှောင် ပင်းအား စူးစိုက်ကြည့်နေသော ချူရဲ၏မျက်လုံးအစုံမှာ ရှင်း လဲ့တောက်ပလွန်းသည်ဟု သူတွေးမိ၏၊ ငြိုးအိပ်ပျော်နေ သော ရှောင်ပင်း၏နဖူးမှ ချွေးများကို သုတ်ပေးနေပုံ၊ ရှောင်ပင်း၏အခြေအနေကို ဂရုတစိုက်ကြည့်နေပုံတို့မှာယုယ ကြင်နာဟန်တွေအပြည့်ဖေါ်နေသည်။

ဆွေယန်ကြည်၏ ခေါင်းထဲသို့အသိတစ်ခု ဖျပ်ခနဲဝင်လာ ၏၊ သူက သက်ပြင်းတစ်ချက်ချပြီး မျက်လုံးအစုံကိုမှေးမှိတ် လိုက်သည်၊ ထွက်သက်ဝင်သက် မှတ်ကာ အသက်မှန်မှန်ရှူ ရင်း အိပ်ပျော်အောင်ကြိုးစားသည်၊ တစ်ခဏအကြာတွင် ဆွေ ယန်ကြည်နှစ်ခြိုက်စွာ အိပ်ပျော်သွားသော၏။



ချူရဲမှာ ရှောင်ပင်အား ဂရုစိုက်ရန်ကလွဲပြီး အခြား ဘာကိုမှမသိသကဲ့သို့ရှိ၏၊ သူ၏အာရုံမှာ ရှောင်ပင်းထံသို့သာ စုပြုံရောက်ရှိနေသည်၊ သူကရှောင်ပင်းအား အရိပ်တကြည့် ကြည့်နှင့်ကြည့်နေလေ၏။

အမှောင်က သိပ်သည်းနက်ရှိုင်းလှ၏။

ဆွေယန်ကြည်တို့လူစုပါသော လှေသည် တောင်ကြော အတိုင်းလိုက်ပြီး ကန်ရေပြင်ပေါ် ဖြတ်ပြေးနေသည်၊ သူတို့က လှေ်တက်ခတ်သံမကြားရအောင် သတိထားပြီးလှေကိုလှော် သည်။

ဆွေယန်ကြည်တို့ကတွေ့ ရက်ပေါင်းများစွာ ခိုအောင်း ခဲ့သည့်နေရာနောက်ဘွင် ကျန်ရစ်ခဲ့သည်၊ သူတို့လှေက ထိုက် ဟူကန်မြောက်ဘက်ဆီသို့ လျင်မြန်စွာရောက်ရှိလာ၏။

သိုင်းစွမ်းအား မြင့်မားသူများဖြစ်၍ သူတို့၏မျက်လုံးက အမှောင်ကိုထွင်းဖောက်ပြီးမြင်နေ၏၊ ဆီယူဟာန်က သတ်မှတ် ထားသည့်လမ်းမှ သွေဖီခြင်းမရှိစေရန် လှေကိုပဲ့ကိုင်ထိန်း သိမ်းသည်၊ ဆွေယန်ကြည်၊ ရီဝေချိန်နှင့် ချူယောင်တို့က ပိုင်းဝိုင်းနေ၍ လှေကိုလှော်ခတ်သည်၊ ချူရဲနှင့် ချူရင်တို့မှ အိပ်ကြောအစီတခံထားရသဖြင့် အိပ်ပျော်နေသော ရှောင်တခင်း ကို ဂရုစိုက်စောင့်ကြည့်နေကြသည်။

တောင်ကြောအဆုံးကို ရောက်သည်နှင့် လှေဦးအနောက် ဘက်သို့လှည့်သည်၊ အရှေ့ဘက်ကမ်းတွင်ရှိနေသော ရန်သူ များနှင့် ဝေးသည်ထက်ဝေးအောင် အနောက်ဘက်ကမ်းသို့ ဦးတည်ပြီး လှေကိုလှော်ခတ်ခဲ့ကြ၏။



'အခု အန္တရာယ်ကင်းတဲ့နေရာကိုရောက်ပါပြီ...၊ မိုးလင်း ရင် တစ်ဖယ်ကမ်းကို ကပ်မိမှာပဲ၊ ကမ်းကနေ မိုင်ငါးဆယ် လောက်ထိ ညီမတို့ကိုလိုက်ပို့သွားမယ်၊ ပြီးတာနဲ့ အစ်ကိုတို့ လမ်းခွဲကြမယ်၊ ညီမတို့ မြင်းလှည်းတစ်စီးရှာငှားပြီး ခရီးဆက် ကြပေါ့၊ မသွားတောင်ကြားကိုသွားဖို့ ဆီသူဟာန်က လမ်းပြ မြေပုံပေးလိမ့်မယ်၊ ရော့...ညီမ ဒါဟာ အစ်ကိုတို့တပည့် နှစ်ယောက်အတွက် အမွေဘဲ...၊ နောက်ဆုံးအဆင့်ဖြစ်တဲ့ အဆင့်ခြောက်ကို သူတို့တတ်သွားအောင်သင်ပေးပါ၊ အမှန် တော့ အဆင့်ခြောက်ကို အစ်ကိုကသင်ပေးရမှာ၊ ဒါပေမယ့် အစ်ကို့မှာ အချိန်မရှိလို့ ညီမပဲတာဝန်ယူပါ၊ သူတို့ကိုသင် ပေးပြီးတာနဲ့ ညီမ ဒီသိုင်းကျမ်းစာအုပ်ကို မေပစ်လိုက်၊ အဲဒါ ဆိုရင် ဆရာ့စကားကို ပယ်ရှားရာမရောက်ပါဘူး'

ဆွေယန်ကြည်က သူနှင့်အနီးဆုံးဖြစ်သော ချူယောင်အား ခပ်တိုးတိုးပြောသည်၊ ချူယောင်က အမှောင်ထဲတွင် ဆွေယန် ကြည်၏မျက်နှာကို မှန်းဆပြီးကြည့်၏၊ သူမအပေါ် သံယော ဇဉ်ပိုပြီး ,အပြစ်မုန်သမျှခွင့်လွှတ်ခဲ့သော ဆွေယန်ကြည်အပေါ် ဂရုဏာသက်မိလျက် ပင့်သက်တစ်ချက်ရှိုက်သည်၊ အကယ်၍ သူသာ အမှားတစ်ခုကိုမပြုမိလျှင် ဆရာဖြစ်သူ၏ အစီအစဉ် အတိုင်း သူနှင့်ဆွေယန်ကြည်နှင့် လက်တွဲမိကြပေလိမ့်မည်၊ ထို သို့ဖြစ်ခဲ့လျှင် သူ့ဘဝအေးအေးချမ်းချမ်းရှိပြီး ဆွေယန်ကြည် မှာလည်း စိတ်ချမ်းသာခဲ့မှာ သေချာ၏။

ချူယောင်၏အာရုံတွင် သူ့အားလှည့်စားသွားသည့် ရေခဲ

မျက်နှာရှင် ပေါ်လွင်လာသည်၊ အချိုအသာစကားတွေနှင့် သူ့ကိုအယုံသွင်းလှဲ့ဖျားသွားသူအား နာကျည်းစိတ်က ယခုထက်တိုင် ရင်မှာ လှုပ်လှုပ်ရှားရှားရှိနေသည်။

'ညီမ....ဘာတွေစဉ်းစားနေတာလဲ'

ဆွေယန်ကြည် ချူယောင်သက်ပြင်းချသံဟုကြားပြီး မေးသည်။

ချူယောင် ရုတ်တရက်မဖြေနိုင်၊ အမှောင်ထဲတွင် ဆွေယန်ကြည်၏မျက်နှာကို လှမ်းကြည့်၏။

'ပြီးခဲ့တဲ့အဖြစ်တွေကို ပြန်စဉ်းစားပြီး စိတ်မကောင်းဖြစ်နေသလား ညီမ၊ ဒါတွေသိုမစဉ်းစားပါနဲ့၊ ဖြစ်ခဲ့သမျှကို ပြန်ပြုပြင်လို့မရတော့တဲ့အချိန်မှာ ရှေ့ဆက်လုပ်ရမယ့်အလုပ်ကိုပဲ စဉ်းစားပါ'

ချူယောင် သက်ပြင်းချလိုက်၏။

'ညီမမိုက်မဲမိခဲ့တာတွေကို စဉ်းစားရင်း ကိုယ့်ကိုယ်ကိုဒေါသဖြစ်မိတယ်၊ ချူရင်ကို ဒါမျိုးတွေမဖြစ်စေချင်ဘူး၊ အဲဒါကြောင့်....'

'အစ်ကို နားလည်ပါတယ်....၊ ညီမ သွေးတောင်ကြားကို ရောက်တာနဲ့ သူတို့ကိုစုံစမ်းဦးပါ၊ တစ်ခုတော့ရှိတယ်၊ သူတို့က နှစ်ယောက်ထဲ လက်တွဲမှာ မဟုတ်ဘူး'



ဆွေယန်ကြည် ဘေးလူတွေမကြားစေချင်သဖြင့် လျှို့ဝှက်အသံပို့နည်းဖြင့် ပြောသည်၊ စကားကို လျှို့ဝှက်ပြောလာ ချူယောင်၏စိတ်ထဲမှာ ထူးဆန်းသွား၏။

'အစ်ကို....ဘာပြောတာလဲဟင်'

'ရှောင်ပင်းကို ချူရင်တစ်ယောက်ထဲက သံယောဇဉ်ရှိနေတာမဟုတ်ဘူး၊ ချူရဲကလဲ သံယောဇဉ်ရှိနေတယ်'

'ဟင်'

'ဒါကို ချူရင်ကသိပါတယ်၊ သူ ညီမကိုဒီအကြောင်းတွေ ဖွင့်ပြောပြီး ခွင့်ပြုချက်တောင်းလိမ့်မယ်၊ ညီမက ချူရင်တို့ ညီအစ်မနှစ်ယောက် ရှောင်ဖင်နဲ့လက်တွဲမှာကို ခွင့်ပြုလိုက်ပါ....'

ချူယောင် ခေါင်းကိုယောင်ယမ်းပြီးညိတ်ပြ၏၊ အမှောင်ထဲတွင် သူ့အမူအယာကို ဆွေယန်ကြည်ရှိမြင်နိုင်ကြောင်း စဉ်းစားမိမှ ချောင်းတစ်ချက်ဟန့်ပြီး....

'ဒါက ဖြစ်တတ်တဲ့သဘာဝပါ၊ ချူရင်သဘောထားကြီးတာကတော့ ချီးကျူးစရာပဲ'

ရေးရေးရိပ်ရိပ်နိုင့်သော ကုန်းတန်းကိုလှမ်းမြင်ရ၏၊ ကုန်းတန်းကိုမြင်သည်နှင့် ချူယောင်တို့ စကားပြတ်သွားသည်၊ သူတို့၏အာရုံ ကုန်းတန်းဆီသို့ရောက်သွား၏။

'ကမ်းကိုတွေ့နေရပြီ၊ ဒီနေရာမှာ ဘာအန္တရာယ်မှမရှိတော့ဘူး၊ စိတ်ချလက်ချခရီးဆက်လို့ရပါပြီ'

ဆွေယန်ကြည်က စကားဆို တမင်ဖော့ပြောနေခြင်းဖြစ်ကြောင်း ချူယောင်သိသည်၊ ကိုယ်ချင်းစာတတ်သော ဆွေယန်ကြည်အား စိတ်ထဲမှကြိတ်ပြီး ကျေးဇူးတင်နေမိ၏။

* * *

အခန်း (၃၁)

နှုတ်ဆက်ခဲ့ခွာ

ဆွေယန်ကြည်တို့ လိုက်ပါလာသည့် မြင်းလှည်းမှာ လျင်မြန်စွာ ပြေးနေသည်၊ စိမ်းစိုသော တောအုပ်များ၊ မတ်စောက်သော တောတန်းများ နောက်တွင် တရိပ်ရိပ်နှင့်ကျန်ရစ်သည်။

နေ့ဝက်ခရီးပေါက်သည်နှင့် ဆွေယန်ကြည်က မြင်းလှည်းကို ရပ်တန့်ခိုင်းပြီး မြင်းလှည်းပေါ်မှဆင်းသည်၊ သူနှင့်အတူ ရီဝေချိန်နှင့် ဆီယူဟာန်တို့ပါ မြင်းလှည်းပေါ်မှဆင်းကြ၏။

'ညီမတို့ သွားကြပေတော့ နောက်တစ်ပတ်ဆယ်ရက်လောက်အကြာမှာ အစ်ကိုတို့ရောက်လာမှာပါ၊ အခက်အခဲတွေ တွေ့နေရင် ဒီထက်ရက်ပိုပြီး ကြာချင်ကြာမယ်၊ ဘာပဲဖြစ်ဖြစ် တစ်လထက်တော့ ပိုပြီးမကြာပါဘူး၊ ညီမအနေနဲ့ အစ်ကိုတို့မှာတာကို မမေ့ပါနဲ့'

ချူးယောင်ဟာ ဆွေယန်ကြည်အား အေးချမ်းသိမ်မွေ့သော

အမူအယာနှင့်ကြည့်သည်၊ ပြီးနောက် သူက အသေးအယ၊ ပြုံးလိုက်၏။

'ညီမလုပ်စရာရှိတာတွေကို ပြည့်စုံအောင်လုပ်သွားပါမယ် အစ်ကိုတာဝန်ပေးတဲ့အတိုင်း ရှောင်ပင်းတို့ကိုလဲ ပညာဆက်သင်ပေးပါမယ်၊ ဒီတစ်ခါတော့ ဘယ်လိုအမှားအယွင်း ဘယ်လိုချို့ယွင်းချက်မှ မရှိစေရဘူးဆိုတာ ညီမကတိပေးပါတယ်'

ဆွေယုံကြည်က ချူးယောင်၏လက်ကို ဆွဲယူဆုပ်ကိုင် ဖျစ်ညှစ်လိုက်သည်၊ ကြင်နာမြတ်နိုးခြင်း အရိပ်တွေထင်နေသော မျက်လုံးအစုံဖြင့် ချူးယောင်အား စူးစူးစိုက်စိုက်ကြည့်သည်၊ ပြီး ခြင်းလှည်းအနီးမှ ချာခနဲလှည့်ထွက်၏၊ ချူးယောင်တစ်ယောက် မျက်ရည်ဝိုင်းနေသော မျက်လုံးအစုံဖြင့် ကြည့်ရင်း ကျန်ရစ်သည်ကို သူမသိလိုက်ပေ။

ဆွေယုကြည်တို့ လမ်းခွဲတစ်ခုသို့ဝင်သည်နှင့် ချူးယောင်တို့ လိုက်ပါလာသောမြင်းလှည်း ဆန့်ကျင်ဘက်လမ်းသို့ ထွက်ခွာသွားသည်။

'ဆွေယုံကြည် မင်း တော်တော် စိတ်မကောင်းဖြစ်နေသလား'

လမ်းခွဲထဲသို့ဝင်ပြီး ခရီးအနည်းငယ်ပေါက်လာသည်နှင့် ရီဝေချိန်က မေးသည်၊ ဆွေဟန်ကြည်က ဆီယူဟန်ဘက်သို့ မလုံမလဲ အမူအယာနှင့်လှမ်းကြည့်သည်၊ ဆီယူဟန်က သူတို့ စကားကို အာရုံစိုက်ပုံ မရသဖြင့် ဆွေယုကြည် စိတ်သက်သာရသွား၏၊ သူက အကြောင်း စကားမစစေလိုဟန်ဖြင့် ရီဝေချိန်အား ခေါင်းခါပြသည်၊ ရီဝေချိန်က စကားမဆက်တော့ပဲ



ပြုံးနေလိုက်သည်၊

ဆီယူဟန်သည် ရှေ့မှခတ်သွက်သွက်လျှောက်သည်၊ လျှောက်နေရင်း နှုတ်မှ အားခနဲ အော်လိုက်သံနှင့်အတူ နောက်သို့ ရုပ်ခနဲ ခုန်ဆုတ်လာသည်၊ ဆွေယုကြည်နှင့် ရီဝေချိန်တို့သည်ချက်ချင်းပင် တိုက်ပွဲဝင်ရန်ပြင်လိုက်သည်။

'ဘာဖြစ်တာလဲ'

ပတ်ဝန်းကျင်တွင် ဘာမှမတွေ့သဖြင့် ရီဝေချိန်က မေးလိုက်သည်၊ ဆီယူဟန်မှာ နှုတ်မှမဖြေနိုင်၊ ရှေ့မြက်ခင်းပြင်ဆီသို့ လက်ညှိုးထိုးပြသည်၊ မြက်ခင်းပြင်ပေါ်၌ ရွှေရောင်တောက်နေသောမြွေတစ်ကောင် ပါးပြင်းထောင်နေသည်ကို တွေ့ရသည်၊

'ရီဝေချိန် သတိထား ရွှေရောင်မြွေက သိပ်အဆိပ်ပြင်းတယ်'

ဆွေယုကြည်၏စကားကို အကြားတွင် ရီဝေချိန်ရယ်လိုက်သည်။

'ငါက ဒီလိုအဆိပ်ပြင်းတဲ့မြွေမျိုးမှတွေ့ချင်နေတာ ဆီယူဟန် ဘာမှမဖြစ်ဘူး မဟုတ်လား'

ဆီယူဟန်က ခေါင်းခါပြသည်၊ သူ့ကိုမြွေပေါက်လိုက်ပုံမရ၊ အကြောက်လွန်ပြီး စကားမပြောနိုင်ဖြစ်နေသည်။

ရီဝေချိန်က ပါးပြင်းထောင်နေသည့်မြွေကိုကြည့်ပြီး တစ်ချက်ရယ်သည်၊ ပြီး သူက လမ်းပေါ်၌ ကျောက်စရစ်ခဲလေးများကိုကောက်ယူပြီး မြွေရှိရာသို့ပစ်ပေါက်သည်၊

ကျောက်စရစ်ခဲပစ်ပေါက်သံ တစ်ဝုစ်ဝုစ်နှင့် ပေါက်လာ၏၊ ရီဝေချိန်ပစ်ပေါက်လိုက်သော ကျောက်စရစ်ခဲများ ရွှေရောင်

မြွေထံ အဆက်မပြတ်ပြေးဝင်သည်၊ ရွှေရောင်မြွေသည် ခဲလုံးများပြေးဝင်လာတိုင်း ကိုယ်ကို ယိမ်းနွဲ့ပြီးရှောင်သည်။

'ဆွေယန်ကြည့် သေသေချာချာကြည့်၊ ဒီကောင်က သိပ်ပါးနပ်တယ်၊ ဒါ ရိုးရိုးမြွေမဟုတ်ဘူး၊ မြွေဆရာက သေသေချာချာ သင်ထားပေးတဲ့မြွေ သိုင်းပညာရှင်တစ်ယောက်ထက်တောင် ကြောက်စရာကောင်းတယ်'

ရီဝေချိန်က စကားပြောရင်း ခဲတစ်လုံးပြီးတစ်လုံး အဆက်မပြတ်ပစ်ပေါက်သည်၊ ခဲလုံးငါးလုံးခန့် ဆက်တိုက်ပစ်ပြီးနောက်၊ ခဲလုံးသုံးလုံးကို တစ်ပြိုင်နက်တည်းပစ်ကာ လူပါခုန်တက်သွားသည်။

ရွှေရောင်မြွေက ခဲလုံးငါးလုံးကို လွတ်အောင်ရှောင်သည်၊ တစ်ပြိုင်နက်တည်း ပျံ့ဝင်လာသော ခဲသုံးလုံးကိုမူ လွတ်အောင်မရှောင်နိုင် ခဲတစ်လုံးက မြွေ၏ပါးပြင်းခွက်ကိုထိမှန်၏၊ ထိုအချိန်မှာပင် ရိပ်ခနဲ ခုန်ဆွက်လာသော ရီဝေချိန်က ပါးပြင်းခွက်ပြေသွားသော မြွေ၏လည်ပင်းကို ဆတ်ခနဲဆွဲကိုင်ကာ ညှစ်ချလိုက်သည်၊တစ်ဆက်တည်းပင် သူ၏ လက်ကို ဆတ်ခနဲ ပင့်မြှောက်လိုက်ရာ မြွေမှာအပေါ်သို့ မြောက်တက်သွားပြီး လွှမ်းပေါ်ကို ဖုတ်ခနဲကျသည်၊

'ဟား....ဟား ခါးမှာပုတ်ဖို့ ရွှေရောင်မြွေအရေခွံ ရပြီ၊ ဒီမြွေမျိုးက တကယ်ရှားပါးတာ'

ရီဝေချိန်က လမ်းပေါ်တွင် ငြိမ်နေ့စန့်ကြီးဖြစ်နေသော ရွှေရောင်မြွေကို ကောက်ယူလိုက်သည်။

'ဟေ့....ငါ့မြွေပြန်ပေး'



အောင်ဟစ်တားဆီးသံနှင့်အတူ မီးခိုးရောင် အရိပ်တစ်ရိပ် ခုန်ပျံရောက်ရှိလာ၏၊ ရီဝေချိန်က မြွေတိုအမြီးဖျားမှကိုင်ပြီး ဝှေ့ယမ်းလိုက်၏၊ မြွေသည် လှံတစ်ချောင်းသဖွယ် မီးခိုးရောင် ဝတ်စုံရှင်ထံ ထိုးဝင်သွားသည်။

'ရော့....ယူ'

မီးခိုးရောင်ဝတ်စုံရှင် နောက်ကို ရိပ်ခနဲဆုတ်သည်၊ ရီဝေချိန်က မြွေကိုလက်နက်သဖွယ်သုံးပြီး တရကြမ်းတိုက်ခိုက်၏၊ မီးခိုးရောင်ဝတ်စုံမှာ ခုန်ပျံရှေ့လျားကာ ရှောင်သည်၊

'မင်းက မြွေဆိုးဘုရင်မဟုတ်လား'

'ဟုတ်တယ်....ငါ့ကိုသိနေတယ်ဆိုတော့ မင်းကသိပ်အဆင့်နိမ့်ပုံမပေါ်ဘူး'

'ဟား ဟား....ရွှေရောင်မြွေကိုမြင်ကတည်းက မင်းဘယ်သူဆိုတာ ငါသိတယ်၊ မြွေဆိုးဘုရင်ဟာ ကိုယ့်အစွမ်းအစနဲ့ တင်ယောက်ထဲရပ်တည်တဲ့လူ၊ အခု ဘာဖြစ်လို့ မသွေးကွဲကျော်ချုပ်ရဲ့နောက်လိုက်ဖြစ်သွားရတာလဲ'

'ဒါ မင်းကိစ္စမဟုတ်ပါဘူး ငါ့ကိစ္စပါ၊ ကိုယ့်အလုပ်ကိုယ်လုပ်တာ အကောင်းဆုံးပဲ'

'ကောင်းပြီ....ငါ့အလုပ် ငါလုပ်မယ်၊ မင်းသေပေတော့'

မြွေကိုလက်နက်သဖွယ်သုံးပြီး တိုက်ခိုက်နေသော ရီဝေချိန်၏တိုက်ကွက် ပိုပြီးပြင်းထန်လာသည်၊ မြွေဆိုးဘုရင့်သည် ရီဝေချိန်အား တုန့်ပြန် တိုက်ခိုက်နိုင်ခြင်းမရှိပဲ အသေအလဲ ရှောင်နေရ၏။

'ဟားဟား....မြွေဆိုးဘုရင်ကလဲ ကိုယ့်မြွေကိုယ်ကြောက်

နေပါလား၊ မင်းမြွေကို မင်းပြန်ယူလေ'

ထိတ်လန့်ခြင်းကြောင့် မြွေဆိုးဘုရင်၏ချက်နှာ ရှုံ့မဲ့နေသည်၊ သူက မခံမရပ်နိုင် ဒေါသဖြစ်လာဟန်ဖြင့် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်၊ ပြီး ;ရှေ့ကိုတဟုန်ထိုးတိုးထွက်လာသည်၊

ရီဝေချိန်သည် ကိုယ်ဖော့ပညာကိုသုံးပြီး ရိပ်ခနဲရှောင်ထွက်သည်၊ လူက ဘေးတစ်ဘက်သို့ ရှောင်ထွက်လိုက်သော်လည်း သူ့လက်ကကိုင်ထားသည့် မြွေဖြင့် တုံ့က်ခိုက်လိုက်သည်။

ရွှေရောင်မြွေ၏ခေါင်းကမြွေဆိုးဘုရင်ထံထိုးဝင်သွား၏၊မြွေခေါင်းက မြွေဆိုးဘုရင်၏လက်ကို တည့်မတ်စွာထိသွား၏၊ မြွေဆိုးဘုရင်၏နှုတ်မှ ငတ်သံပါနေအောင်အော်ဟစ်လိုက်သံပေါ်လာသည်၊ အော်သံနှင့်မခရှေးမနှောင်း မြွေဆိုးဘုရင်မြေပေါ်သို့ ဘိုင်းခနဲလဲကျသည်၊ မြေပြင်ပေါ်၌ တွန့်လိမ်ကွေးကောက်နေပြီးနောက် ငြိမ်သက်သွား၏၊

'သူ...သူသေသွားပြီလား'

ဆီယူဟာန်၏မေးသံ တုန်တုန်ရီရီနှင့်ပေါ်လာသည်၊ ရီဝေချိန်က မြွေဆိုးဘုရင်အားလှမ်းကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

'သေသွားပြီ...ခုသတာမှ သူ့လက်နက်နဲ့သူသေဘာ၊ ဒီလူက ရွှေရောင်မြွေနဲ့လူသတ်ခဲ့တာ များနေပြီ...၊ သူ့ကိုကြည့်လိုက်စမ်း၊ ဒီမြွေရဲ့အဆိပ်ဘယ်လောက်ပြင်းသလဲဆိုတာ သိရမယ်'



ဆွေယန်ကြည့်တို့ကမြွေဆိုးဘုရင်အား လှမ်းကြည့်လိုက်သည်၊ မြေပြင်ပေါ်လဲကျသေဆုံးနေသော မြွေဆိုးဘုရင်မှာတစ်ဖြည်းဖြည်းမည်းနက်လာပြီး မီးသွေးတုံးပမာဖြစ်နေသည်ကို တွေ့ရလေ၏။

* * *

ရီဝေချိန်သည် ရွှေရောင်မြွေ၏ခေါင်းကို ဖြတ်လိုက်သည်၊ ပြီးနောက် ခေါင်းကို မြေကျင်းတူးပြီး မြှုပ်လိုက်၏၊ ခေါင်းမရှိတော့သည့် ကိုယ်ပေါ်မှအရေခွံကိုဆွဲဆုတ်ပြီး သိမ်းဆည်းသည်၊

မြွေကိုတွေ့ပြီး အကြောက်လွန်နေသော ဆီယူဟာန်မှာ အကြောက်ပြေသွားပြီ ဖြစ်၏၊ မြွေဆိုးဘုရင်သေဆုံးနေရာမှ ထွက်ခဲ့သည့်အခါ ဆီယူဟာန်မှာ ပုံမှန်အနေအထားသို့ရောက်နေပြီဖြစ်၏။

သူတို့သုံးယောက် ကိုယ်ဖော့ပညာသုံးပြီး ခရီးဆက်သည်၊ မှုန်းတည့်ချိန်လွန်ပြီးချိန်၌ မြို့ငယ်တစ်မြို့သို့ရောက်သည်၊ သူတို့သုံးယောက် မြို့အတွင်းသို့ရောက်သည်နှင့် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်သည်၊ထိုစားသောက်ဆိုင်သို့ဝင်လိုက်ပြီး အစား

အသောက်ကို မှာကြားနေစဉ် ဝတ်စုံနက်ဝတ်ထားသူ သုံးယောက် ဆိုင်ထဲသို့ဝင်လာသည်၊ ထိုသူသုံးယောက်က ရီဝေချိန်တို့၏စားပွဲရှေ့တည့်တည့်တွင် လာရပ်၏။

'ခင်ဗျားတို့ ဘယ်သူတွေလဲ.... ဒီမြို့ ဘာကိစ္စနဲ့လာတာလဲ....'

ဆွေယန်ကြည်၏မျက်နှာထား တင်းသွားသည်၊ သူက ဝတ်စုံနက်သုံးယောက်အား မျက်လုံးတစ်ချက်လှန်ကြည့်ပြီး လက်ကို ဝှေ့ယမ်းလိုက်သည်။

'ဒီအတိုင်း ရပ်နေကြစမ်း'

ဝတ်စုံနက်သုံးယောက် နေရာတွင် ငြိမ်သက်စွာရပ်နေလျက်သားဖြစ်သွားသည်၊ ဆွေယန်ကြည်ကရယ်လိုက်ပြီး....

'ဒီမြို့ကိုလာရတာ သိပ်ကောင်းပါလား၊ စားသောက်ဆိုင်လာပြီး စားသောက်ရတာတောင် အစောင့်အရှောက်တွေ.... ဘာတွေနဲ့ တာဟား.... ကောင်းတယ်....ကောင်းတယ်'

ဆွေယန်ကြည်၏အသံက တဆိုင်လုံးကြားလောက်အောင် ကျယ်လောင်စွာပေါ်လာ၏၊ မှာကြားထားသည့်စားသောက်ဖွယ်ရာများ လာချပေးသော စားပွဲထိုးက ဝတ်စုံနက်သုံးယောက်ကို မြင်သည်နှင့် ခြေလှမ်းတွန့်သွား၏။

'ဘိတ်....ဘာလုပ်ခနတာလဲ၊ စားစရာတွေ မြန်မြန်လာပို့စမ်း'

ရီဝေချိန်က စမးပွဲထိုး၏အမူအယာကို သတိထားမိသဖြင့် လှမ်းအော်လိုက်သည်၊စားပွဲထိုးကား တွန့်ဆုတ်သောအမူအယာ

ပြဲလျှောက်လာပြီး စားပွဲတွင် စားသောက်ဖွယ်ရာများလာသည်၊ ရီဝေချိန်တို့သည် စားပွဲထိုးသာချပေးသော စားသောက်ဖွယ်ရာများကို အားရပါးရစားကြသည်၊စားသောက်ရင်းနှင့် သူတို့သည် ထွေရာလေးပါးစကားများ ပြောရင်းရယ်လိုက်ပြုံးလိုက်လုပ်နေကြသည်။

ဝတ်စုံနက်သုံးယောက်မှာ မီးတွက်တောက်မျက်လုံးများနှင့်ထိုး၍ အားကြည့်နေသည်၊ ဆိုင်အတွင်းရှိ စားသောက်နေသူများမှာ စားလက်စအစားအသောက်များကိုထားကာ ငွေရှင်းထထွက်သွားကြသည်၊

တခဏအကြာတွင် ဆိုင်အတွင်း၌ သူတို့လူစုသာကျန်ရစ်သည်။

စားသောက်ပြီးစီးသည်နှင့် ဆွေယန်ကြည်က ကျသင့်ငွေရှင်းပြီး နေရာမှထရပ်သည်၊ သူသည် ကျောက်ဆစ်ရုပ်များကဲ့သို့ ရပ်နေသော ဝတ်စုံနက်သုံးယောက်အား လှမ်းကြည့်ပြီး....

'ငါ့ကို ရဲသူ့ဖော်လိုခေါ်တယ်၊ နောက်နာမည်တစ်မျိုးမင်းတို့ ရှိသေးမင်းပဲ၊ ငါတို့ သေးဂိုဏ်းနဲ့ သေးဂိုဏ်းရဲ့ဆောင်အပွားတွေကို ရှင်းဖို့ သိုင်းလောကထဲဝင်လာတာ နားလည်ရှိသွား၊ မင်းတို့ နောက်တစ်နာရီဆို ဒီနေရာမှာရပ်နေပြီ၊ ငါတို့ သွားမယ်'

သူတို့သုံးယောက် ဆိုင်ထဲမှထွက်ကြသည်၊ ဆိုင်အပြင်ပြီးအရောက်မှာပင် နောက်မှ စားပွဲထိုးလူငယ် အပြေးလိုက်လာ၏။

'ဆရာကြီးတို့၊ ခဏနေပါဦး'

သူတို့ ရပ်လိုက်ကြ၏။

'မင်း ဘာပြောချင်လို့လဲ'

'ဆရာကြီးတို့ ဒီမြို့ကနေ မြန်မြန်ထွက်ပါ....၊ ဟိုလူသုံးယောက်ဟာ သိပ်ကြောက်စရာကောင်းတယ်၊ ဒီမြို့ကိုရောက်လာတဲ့ လူစိမ်းမှန်သမျှ သူတို့ကို ထောက်ပံ့ကြေးပေးရသယ်၊ မပေးရင် သူတို့ကဲ...'

'ဟား ဟား သူတို့ အခု လှုပ်တောင်မလှုပ်နိုင်ပါဘူးကွ'

'ဟုတ်ပါတယ်၊ ဒါပေမယ့် သူ့ရဲ့သုံးဖော်က ဆရာကြီးတို့ကို အလွတ်ပေးမှာမဟုတ်ဘူး'

ဆွေယန်ကြည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'အခုလိုသတိပေးတဲ့အတွက် မင်းကိုကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ငါတို့က သူ့ရဲ့သုံးဖော်ဖြစ်ဖြစ် သဘက်သုံးဆယ်ဖြစ်ဖြစ် ဂရုမစိုက်ဘူး....သူတို့ရဲ့ဌာနချုပ် ဒီမြို့မှာရှိတယ်မဟုတ်လား'

'ဟုတ်ကဲ့ ရှိတယ်....သွေးဂိုဏ်းခွဲဆိုတာ ဘုံကျောင်းနားမှာရှိတယ်၊ သူတို့လူအင်အားကအများကြီးပဲ'

'အင်း....သူတို့က အင်အားများတယ်ဆိုတော့ ငါတို့ဒီနေရာကနေ ထွက်သွားရမှာပေါ့၊ ကဲ မင်းသွားတော့ ငါတို့လဲ သွားမယ်'

ဆွေယန်ကြည်တို့သုံးယောက် စားသောက်ဆိုင်ရှေ့မှထွက်ခဲ့ကြ၏၊ လမ်းမကြီးပေါ်သို့အရောက်တွင် သူတို့ဘုံကျောင်းရှိရာကိုမေးပြီး ဆက်လျှောက်၏။



ဘုံကျောင်းဘေးတွင် သွေးဂိုဏ်းဟု ဆိုင်းဘုတ်တပ်ထားသော အဆောက်အဦကို တွေ့ရ၏၊ အဆောက်အဦထဲတွင် ဝတ်စုံနက်ဝတ်ထားသူများ လှုပ်ရှားသွားလာနေကြသည်ကို တွေ့ရ၏၊ ဆွေယန်ကြည်က ရီဝေချိန်ကိုအား မျက်ရိပ်ပြပြီး အဆောက်အဦတွင်းသို့ ပြေးဝင်သည်၊ တခဏအကြာတွင် အဆောက်အဦတွင်းမှ အော်ဟစ်သံ၊ တိုက်ခိုက်သံများပေါ်လာ၏၊ တစဏအကြာ၌ ထိုအသံများပျောက်ပြီး မီးခိုးလုံးကြီးထလာ၏၊ သွေးဂိုဏ်းခွဲ အဆောက်အဦ ရုတ်တရက် မီးထလောင်၏၊ မီးလောင်နေစဉ် အဆောက်အဦထဲမှ ဆွေယန်ကြည်တို့သုံးယောက် ထွက်လာကြသည်၊ သူတို့က ခပ်အေးအေးပင် မြို့ပြင်သို့တွက်ခဲ့ကြ၏။

* * *

## အခန်း (၄၂)

## တစ်ဆင့်ပြီးတစ်ဆင့်

မနေ့းမမြန်လျှောက်နေသော ဆွေယန်ကြည်ဘို့မှာ လမ်းပေါ်တွင် ပိတ်ရပ်နေသော လူသုံးယောက်ကြောင့် ခြေလှမ်းတုန့်သွားသည်၊ သူကို က ပိတ်ရပ်နေသူတို့အား လှမ်းကြည့်လိုက်၏။

လမ်းပိတ်ရပ်နေသူ သုံးယောက်မှာ သူရဲသုံးဖော်ပင်ဖြစ်၏၊ သူကိုသည် ခြားဦးသဏ္ဍာန် အနေအထားဖြင့်ရပ်ပြီး ဆွေယန်ကြည်တို့အား မီးလျှံမျက်လုံးများနှင့်ကြည့်နေ၏။

'မင်းတို့ ဒီနယ်ထဲက လွယ်လွယ်နဲ့ထွက်သွားလို့ ရမယ်ထင်သလား'



'ကိုယ့်ကိုကိုယ် အထင်ကြီးရင် မှားတတ်တယ်ဆိုတာ သိဖို့ကောင်းတယ်'

'ဒီတစ်ခါ မင်းတို့ သေမင်းနဲ့တွေ့ပြီ'

သူရဲသုံးဖော်က တစ်ယောက်တစ်ခွန်း ပြောကြ၏၊ ပြောရင်း ခြေတစ်လှမ်းဆီ ရှေ့တိုးလာ၏။

'မင်းတို့ တစ်ခါခံရတာကို မမှတ်ကြဘဲ...သေဖို့လာကြတာကိုး'

ဆီယွှဟန်က သူရဲသုံးဖော်အား ရှုံ့မဲ့စွာကြည့်ရင်းပြောသည်၊ သူရဲသုံးဖော်က ဝါထိန်သောသွားများဖော်ပြီးရယ်သည်၊ သူတို့ရယ်သံ တဖြည်းဖြည်းကျယ်လာပြီး နားကွဲထွက်တော့မတတ်ရှိ၏။

ဆီယွှဟန်က အသံမြှင့်ပြီးအော်သည်၊ ပြီးလျှင် ဓားအွဲထုတ်ကာ ရိပ်ကနဲခုန်ထွက်လိုက်သည်၊ သူရဲသုံးဖော်အနီးသို့ အရောက်တွင် သူ့ဓားက ရိပ်ကနဲ ရိပ်ကနဲ လှုပ်ရှားသွားသည်။

သူရဲသုံးဖော်က အထိတ်တလန့်ဖြစ်သွားကြ၏၊ အရိပ်ပေါင်းများစွာ ဖြာထွက်လာသည့်ဓားချက်ကြောင့် နောက်ကို ကမျာကယာဆုတ်လိုက်၏။

'ဟား ဟား ဓားချက်ကမဆိုးဘူး၊ ရော့...ဒါလေးကို မြည်းကြည့်ပါဦး'

သူရဲသုံးဖော်က သူတို့လက်များကို ဝှေ့ယမ်းလိုက်သည်၊ လေတိုးသံတဝှစ်ဝှစ်ပေါ်လာပြီး လက်နက်ပုန်းအပ်များ လွင့်လာ၏၊ ဆီယွှဟန်က လက်ထဲမှဓားကို ဝှေ့ယမ်းပြီးကာကွယ်

သည်၊ သူ့ထံတိုးဝင်လာသည့် လက်နက်ပုန်းများ တချွင်ချွင်နှင့်လှင့်ထွက်သွား၏။

'မင်းတို့ပစ္စည်း မင်းတို့ပြန်ယူသွားပါ'

လက်နက်ပုန်းအဆိပ်အပ်များ သူတို့ထံ ပြန်လွင့်လာသဖြင့် သူရဲသုံးဖော်က ထိတ်လန့်တကြား မရှောင်ထွက်သွားကြလေသည်။

'ဒီကောင်တွေကို သင်ခန်းစာကောင်းကောင်းပေးရမယ်၊ ငါလတစ်ယောက်စီတာဝန်ယူကြစို့'

ဆွေယန်ကြည်က အော်ဟစ်ပြောဆိုပြီး သူရဲသုံးဖော်အနက်မှ တစ်ယောက်ကို လက်ဝါးနှင့်ရိုက်ချ၏၊ ရီဝေချိန်နှင့်ဆီယူဟန်တို့ကလည်း သူရဲတစ်ယောက်စီကို တိုက်ခိုက်၏။

လေလှိုင်းရိုက်ခတ်သံ၊ မာန်သွင်းအော်သံတို့ဖြင့် လမ်းတစ်လျှောက်ဆူညံသွားသည်၊ သူရဲသုံးဖော်မှာ အခြေအနေမဟန်မှန်းသိသဖြင့် နောက်သို့ကပျာကယာဆုတ်၏၊ သို့သော် ဆွေယန်ကြည်တို့က အခွင့်အရေးမပေး၊ သူရဲသုံးဖော်အား တရကြမ်းပင်တိုက်သည်၊ သူရဲသုံးဖော်နောက်ကို တဆုတ်ထဲဆုတ်၏၊ ဆုတ်ရင်း အဆိပ်လက်နက်ပုန်းများဖြင့် ပစ်ခတ်သည်။

ဆွေယန်ကြည်က လက်နက်ပုန်းများကို အင်္ကျီလက်နားစဖြင့် ရိုက်ဖယ်သည်၊ ရီဝေချိန်ကလည်း အင်္ကျီလက်နားစကို အသုံးပြု၍ ရိုက်ဖယ်၏၊ ဆီယူဟန်က ဓားကိုဘစ်ချက်ဝှေ့ယမ်းသည်၊ ဓားနှင့်လက်နက်ပုန်းထိပြီး ဟိုသည်လွင့်စင်ကာ သူရဲတစ်ယောက်ကိုထိသွားသည်။



သံနက်ကြီးဖြင့် အော်လိုက်သံ၊ တောလမ်းတစ်လျှောက်ပျံ့နှံ့သွားသည်၊ ကျန်သူရဲနှစ်ဖော်သည် စူးရှကျယ်လောင်သောအသံဖြင့် အော်ဟစ်ပြီး ရှေ့ကိုမိုက်မိုက်ကန်းကန်းပြေးထွက်လာကြသည်။

'ငါတို့ဂိုဏ်းခွဲကို ဖျက်ဆီးတဲ့ကောင်တွေ မင်းတို့ကိုအရှင်မထားဘူး'

'ငါတို့နဲ့အတူ မင်းတို့ပါလိုက်သေရမယ်'

ဆွေယန်ကြည်သည် သူရဲနှစ်ဖော်လှုပ်ရှားမှုကိုကြည့်ပြီး ချင်ထိတ်သွားသည်၊ သူရဲနှစ်ဖော်သည် အကောက်ကြံပြီး တိုက်ခိုက်တော့မည်ဟု သူသိလိုက်၏။

'သတိထား'

ဆွေယန်ကြည်က အော်ဟစ်သတိပေးပြီး ဓါးကြားမှဓားကိုထုတ်ကာ သူရဲနှစ်ဖော်အား တိုက်ခိုက်သည်၊ သူကရန်သူနှင့်တိုက်ခိုက်ရာတွင် အသုံးပြုခဲ့သော သွေးမော်ကွန်းသိုင်းကွက်ကိုထုတ်သုံးသည်။

သွေးမော်ကွန်းသိုင်းကွက်သည် ထူးခြားသောသိုင်းကွက်ဖြစ်သည်၊ တိုက်ကွက်က ရန်သူ၏ အဓိကသွေးကြောများကို သာဦးတည်သည်၊ တိုက်ကွက်တစ်ကွက်ကိုရှောင်လျှင် နောက်တိုက်ကွက် နှစ်ကွက်ပေါ်လာပြီး ထိုတိုက်ကွက် နှစ်ကွက်ကိုရှောင်လျှင် တိုက်ကွက်လေးကွက် ပြောင်းလဲသွားတတ်သည်။

သူရဲနှစ်ဖော်တို့မှာ ပြင်းထန်သောနောက်ကွယ်များကြားတွင် ပိတ်မိသွားသည်၊ သူတို့ကကိုယ့်လက်နက်နှင့်ကိုယ် ပြန်မထိအောင်အလူးအလဲ ရှောင်နေကြရသည်၊ ဆွေယန်ကြည်

၏တိုက်ခိုက်မှုပြင်းထန်သည့်စက် ပြင်းထန်လာသည့်အခါ နှစ်ယောက်စလုံး နောက်အဖော်ဝေးဝေးသို့ ရောက်ပသည်ထိ ဆုတ်သည့် ဆိုဘ်ချင်း လက်နက်ပုန်းများဖြင့် ပစ်ခတ်သည်။

'သတိထား လက်နက်ပုန်းတွေကိုလွှတ်အောင်ရှောင်'

ဆွေယန်ကြည်က အော်ဟစ် သတိပေးပြီး ဘေးဘက်သို့ရှောင်ထွက်သည်၊ ဆီယူဟန်တို့က ပသီး ထို့ အတူ ရှောင်ကြ၏၊ လက်နက်ပုန်းများမှာ လူကိုမထိဘဲ သစ်ပင်များကိုထိပြီး တဖောင်းဖောင်း ပေါက်ကွဲသည်၊ တစ်ခဏအတွင်းတို လက်နက်ပုန်းများမှ မီးခိုးတွေအူထွက်လာ၏။

'ယား'

ဆွေယန်ကြည်နှင့် ရိခဝချိန်တို့က မီးခိုးငွေ့များအပေါ်မှ ခုန်ပျံထွက်သည်၊ မြေပြင်ပေါ် ခြေအချသွင် သူ့ တိုလက်ဝါး ရိုက်ချက်တွေဆက်တိုက်ပေါ်လာသည်၊ ထိုလက်ဝါးရိုက်ချက် များက ချောခိုင်းသျှက်သား ဖြစ်နေသော သူ့ရဲ့နှစ်ဖော်ထံ ထိုးဝင်သွားသည်။

နောက်ပါးမှသေတိုးသံကြောင့် သူ့ရဲ့နှစ်ဖော် ရှောင်တိမ်း ရန်ကြိုးစားသည်၊ သို့သော် ရှောင်၍မလွှတ်နတော့၊ ဆွေယန်ကြည်တို့၏ လက်ဝါးရိုက်ချက်များ သူ့ရဲ့နှစ်ဖော်ကို တအုံးအုံး နှင့်ထိသည်၊ သူ့ရဲ့နှစ်ဖော်နေရာမှ လွင့်ထွက်သွားကြ၏ သူတို့သည် မြေပြင်ပေါ် ထိုးကျပြီး သွေးများအန်ကာ ငြိမ်သက် သွားသည်။

ဆွေယန်ကြည်က ရိခဝချိန်တို့အား ရှေ့မဘိုးရန်လက်ဟန် ပြီး သူ့ရဲ့သုံးဖော်၏ အခြေအနေကိုကြည့်သည်၊ သူ့ရဲ့သုံး



ဖော်စလုံးမလှုပ်ရှားနိုင်တော့၊ သူတို့၏ နာခေါင်းပါးစပ်တို့မှ သွေးများယိုစီးကာ ငြိမ်သက်သွားကြပြီဖြစ်သည်၊

'ဒီမကောင်တွေ အဆိပ်တိုက်မ်းလက်နက်တွေသုံးတယ်၊ သွေးဂိုဏ်းက ဒီလက်နက်တွေနဲ့ သိုင်းလောကသားတွေကို အနိုင်ယူခဲ့တာပဲ'

'ဟုတ်တယ် ဒီလက်နက်တွေဟာ သိပ်ကြောက်စရာ ကောင်းတယ်၊ အဆိပ်တွေက ပြောင်လူမျိုးတွေသုံးကဲ့အဆိပ် ပဲ ဒီအဆိပ်မျိုးကို အစ်ကိုမတွေ့ဖူးဘယ်'

ဆီယူဟန်က သူ့ရဲ့သုံးဖော်ကို စေ့စေ့စပ်စပ်ကြည့်ရင်းမှ ပြောသည်၊ သူသည်မြေပြင်ပေါ်တွင်ကျနေသော အဆိပ်အပ် ကိုယူပြီးကြည့်၏၊ ပြီးနောက် နှာခေါင်းတစ်ချက် ရှုံ့လိုက် သည်။

'လူယုတ်မာတွေ အဆိပ်အပ်ဘိုးသုံး အဆိပ်ငွေ့သုံးသုံး နောက်ဆုံးတော့သေလမ်းကိုရောက်တာပဲ'

ဆွေယန်ကြည်တို့က မြေပြင်ပေါ်လဲကျ သေဆုံးနေသည့် သူ့ရဲ့သုံးဖော်ကိုထားခဲ့ပြီး နေရာမှထွက်ခွာ၏၊ စိတ်အား ထက် သန်ခြင်းကြောင့် သူတို့၏ခြေလှမ်းတွေ သွက်လက်နေ၏၊ သူ တို့၏မျက်နှာအားတင်းမာပြီး မျက်လုံးများအရောင်တဖျပ်ဖျပ် လက်နေ၏။

'သွေးဂိုဏ်းက သိုင်းလောကတစ်ခုလုံး ကိုးမိုးမယ့် အကြံနဲ့ နယ်ချဲ့နေတယ်၊ ကျုပ်တို့က တစ်မြို့ဝင်တစ်မြို့ထွက် သွေးဂိုဏ်း ဌာနချုပ်တွေကို တိုက်ခိုက်ဖြိုဖျက်ပစ်ရမယ်... ဒါမှ သူတို့ ကျိုး လန့်ဖားစာဖြစ်ကုန်ကြမှာ'

ဆွေယန်ကြည်သည် လျင်မြန်စွာ ပြေးလွှားနေရင်းမှပြောသည်၊ ရီဝေချိန်ကလှည့်မကြည့်ဘဲ....

'ရန်သူကို တိုက်ခိုက်ယုံတင် မကဘူး သိုင်းလောကသားတွေကိုစုစည်းဖို့လဲလိုတယ်၊ တစ်မြို့ဝင်တစ်မြို့ထွက် တိုက်ခိုက်ရင်း အဖြူရောင် သိုင်းသမားတွေကို စည်းရုံးရမယ်၊ ဒါမှ သွေးဂိုဏ်းနောက်ထပ် အင်အားမတိုးချဲ့နိုင်မှာ'

အပြန်အလှန်ပြောဆိုရင်း လျင်မြန်စွာပြေးလွှားရင်း သူတို့သုံးယောက်တောင်တန်းတွေကြားသို့ ရောက်ရှိလာ၏၊ ထိုတောင်တန်းတို့မှာ တစ်ချိန်က လူဆိုးဓားပြများ ကျင်လည်ကျက်စားရာဖြစ်ပြီး၊ ယခုသွေးဂိုဏ်းသားတို့ စိုးမိုးရာဖြစ်၏။

တောင်များပေါ်သို့တက်ကာ ပြေးလွှားခဲ့သော ဆွေယန်ကြည်တို့သည် တောင်ကြား ချိုင့်ဝှမ်းကိုဖြတ်၍ စခန်းတစ်ခုကိုတွေ့ရ၏၊ ထိုစခန်း၌ သွေးဂိုဏ်းက အလံတော်ကိုတွေ့ရသဖြင့် သူတို့ ခရီးမဆက်ဘဲ တောင်ကြားအပေါ်သက်၍ နားလိုက်ကြသည်၊ အပေါ်စီးမှနေပြီး တောင်ကြားအတွင်း လှုပ်ရှားသွားလာနေသူများကို ကြည့်၏၊ ပြီးနောက် သုံးယောက်သားခေါင်းချင်းဆိုင်ကာ တောင်ကြားသို့ဝင်ရောက်တိုက်ခိုက်ရန်တိုင်ပင်ကြလေသည်။

* * *



တောင်ကြားအတွင်း၌ လှုပ်ရှားသွားလာနေသော သွေးဂိုဏ်းသားတို့မှာ အန္တရာယ်ကိုသတိပြုမိပုံမရ၊ နေမြဲအတိုင်း နေသွားမြဲအတိုင်းသွားလာနေကြ၏။

တောင်ကြားအဝေါ်မှ အခြေအနေကြည့်နေသော ဆွေယန်ကြည်တို့သည်၊ တောင်ကြားစခန်း၏ အဓိကနေရာကို သိလိုက်ကြပြီဖြစ်၏၊ ထို့ကြောင့် သူတို့က တောင်ကြားထဲသို့ တိတ်ဆိတ်စွာဆင်းခဲ့၏။

တောင်ကြားမှာ ချိုင့်ဝှမ်းတစ်ခုလိုဖြစ်ပြီး ဘေးပတ်ပတ်လည်တွင် လူနေအိမ်များရှိ၍ အလယ်ထွင်ကွက်လပ်တစ်ခုဖြစ်နေသည်၊ ဆွေယန်ကြည်တို့သည် အိမ်တစ်လုံးအနီးသို့ ချဉ်းကပ်ပြီး ဝတ်စုံနက်ဝတ် သွေးဂိုဏ်းသား သုံးယောက်ကို လျှပ်တစ်ပြက်တိုက်ခိုက်ကာ သွေးကြောကို ပိတ်လိုက်သည်၊ ပြီး သူတို့သုံးယောက်၏ အဝတ်အစားများကိုချွတ်ပြီး သူတို့အဝတ်အစားနှင့်လဲလှယ်ဝတ်ဆင်လိုက်၏။

'ကျုပ်တို့သုံးယောက် နေရာခွဲပြီးလှုပ်ရှားမယ်၊ ပြန်ဆုံမယ့်နေရာဟာ စောစောကနေရာပဲ၊ တွေ့တဲ့ရန်သူတွေကိုတိုက် အိမ်တွေကိုမီးရှို့ တစ်နေရာကတစ်နေရာကိုမြန်မြန်ရွှေ့ပြောင်း သဘောပေါက်တယ် မဟုတ်လား'

ဆွေယန်ကြည်က တည်ကြည်လေးနက်သော အမူအယာနှင့်ပြောသည်၊ ရီဝေချိန်နှင့် ဆီယူယန်တို့ ခေါင်းညိတ်လိုက်ကြ၏။

'အရေးအကြီးဆုံးက အလံတိုင်ရှိတဲ့အိမ်ပဲ အဲဒီအိမ်က ဒီစခန်းကိုအုပ်ချုပ်တဲ့လူ နေတဲ့နေရာဖြစ်ရမယ်'

'ဟုတ်တယ် အဲဒါဖြစ်နိုင်တယ်'

'အဲဒီနေရာကို ကျုပ်တာဝန်ထားပါ၊ အခု ဒီကနေထွက်ကြမယ်၊ ခန်းတစ်ခုလုံး ရှုတ်ရှက်သဲသဲဖြစ်ပြီး ပြွတ်ပြွတ်ပြွန်း သွားအောင် တိုက်ခိုက်မယ်'

ဆွေယန်ကြည်တို့ တစ်ယောက်တစ်လမ်းစီခွဲထွက်လိုက်၏၊ ရှီဂေချိန်က ညာဘက်၊ဆီယူယန်က ဘယ်ဘက်သို့ထွက်သွား၏၊ ဆွေယန်ကြည်က အဓိက တဲအိမ်ဆီကို ဦးတည်လျှောက်၏၊ တဲအိမ်သုံးလုံးကိုကျော်မိချိန် ညာဘက်မှ အော်သံဟစ်သံတို့နှင့်အတူ မီးခိုးလုံးကြီး ဝုန်းခနဲ ထလာတာကိုတွေ့ရသည်၊ တစ်ခဏအကြာ ဘယ်ဘက်မှ အလားတူ အော်ဟစ်သံများ ပေါ်လာပြီး မီးခိုးလုံးကြီး ဝုန်းခနဲထလာသည်။

စခန်းအတွင်း အန္တရာယ်အချက်ပေးခေါင်းလောင်းသံများပေါ်လာသည်၊ ဆွေယန်ကြည်သည် ဟိုမှသည်မှပြေးထွက်လာသော ဝတ်စုံနက်များနှင့်အတူ လိုက်ပြေးရင်း ဝတ်စုံနက်တစ်ယောက်ပြီးတစ်ယောက်ကို သွေးကြောဆိုးပိတ်သည်၊တစ်ဆက်တည်းပင် သူ မှတ်ခဲ့သည့်လမ်းတစ်လျှောက်ရှိ အိမ်များကို မီးရှို့သည်၊

ခဏခြင်းအတွင်း၌ ပြေးသံလွှားသံ အော်သံဟစ်သံတို့ဖြင့် ဝက်ဝက်ကွဲဆူညံသွားသည်၊ ဝတ်စုံနက်ကိုမှာ မည်သူမည်သူပါဟု မသိရသော ရန်သူများ၏တိုက်ခိုက်မှုကြောင့်တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်သည်။

'ရန်သူဟေ့ ရန်သူ'

'အရှေ့ဘက်မှာ မီးလောင်နေပြီ၊ မီးကိုဝိုင်းသတ်ကြ'



'အနောက်ဘက်မှာလဲ လောင်နေပြီဟေ့'

'စခန်းတစ်ခုလုံး မီးလောင်နေပြီဟေ့'

ဆွေယန်ကြည်တို့သုံးယောက်မှာ ရှုတ်ရှက်သဲသဲ ဖြစ်နေသော လူတွေကြားမှ တစ်နေရာမှတစ်နေရာပြောင်းပြီး သျှင်မြန်စွာတိုက်ခိုက်သည်၊ ဆွေယန်ကြည်သည် သူ အဓိက ရည်ရွယ်ထားသော တဲအိမ်ဆီသို့ ဦးတည်ထွက်ခဲ့သည်၊ထိုတဲအိမ်တွင် အဖြူရောင်ခေါင်းစည်း စည်းထားသော ဝတ်စုံနက်တစ်ယောက်ရှိနေပြီ၊ သွေးဂိုဏ်းသားများအား အော်ဟစ်အမိန့်ပေးနေသည်။

ဆွေယန်ကြည်က ထိုသူ့ထံခုန်ဝင်လိုက်၏၊ သွေးဂိုဏ်းခွဲမှူး ဖြစ်ဟန်ရှိသော ထိုသူအထိတ်တလန့်ဖြစ်ပြီး နောက်ဆုတ်လိုက်သည်။

'ဟေ့....ဟေ့ ဒါဘာလုပ်တာလဲ'

'မင်းတို့ကိုသတ်မလို့'

ဆွေယန်ကြည်က ဝတ်စုံနက်အား လက်ဝါးဖြင့်လှမ်းရိုက်သည်၊ ဝတ်စုံနက်သည် ကပျာကယာနောက်သို့ ခုန်ဆုတ်ပြီး ရှောင်ပြီး ဆွေယန်ကြည်က ဝတ်စုံနက်နောက်သို့ ထပ်ချပ်မကွာလိုက်သည်။

ဝတ်စုံနက်သည် အခြေအနေမဟန်မှန်းသိသဖြင့် အိမ်ထဲသို့ ဝင်ပြေးသည်၊ ဆွေယန်ကြည်က အိမ်ထဲထိအောင် ပြေးဝင်လိုက်သည်။

အိမ်ထဲတွင် ဝတ်စုံနက်ဝတ်ထားသော သွေးဂိုဏ်းသားနှစ်ယောက်ရှိနေသည်၊ ထိုသူနှစ်ယောက်သည် ဂိုဏ်းခွဲမှူးနှင့်

ပေါင်းပြီး ဆွေယန်ကြည်အား တစ်ပြိုင်နက်တည်း ဝင်ရောက်တိုက်ခိုက်သည်၊ ဆွေယန်ကြည်သည် ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်လာသော သုံးယောက်ပေါင်း တိုက်ကွက်အတွင်းမှ တွန့်လိမ်ကာနှင့်ရှောင်သည်၊ ရှောင်ရင်းနှင့် သူက တုန့်ပြန်တိုက်ခိုက်သည်

ဝတ်စုံနက်သုံးယောက်အနက် ဂိုဏ်းခွဲမှူးမှာ သိုင်းပညာအဆင့်မြင့်သူဖြစ်သည်၊ သိုင်းပညာအဆင့်မြင့်ရုံမက သူသည် ကောက်ကျစ်စဉ်းလဲသော စိတ်ဓာတ်ရှိသဖြင့် ယခုလို သုံးယောက်ပေါင်းပြီး ဆွေယန်ကြည်အား တိုက်ခိုက်နေခြင်းဖြစ်သည်။

'ဟိတ်....ပြေးပေါက်မရှာနဲ့၊ ဒီနေ့ဟာ မင်းနဲ့သေခန်းပဲ၊ သွေးဂိုဏ်းကို ထိပါးခဲ့ ဘယ်လိုဆိုးကျိုးကိုခံစားရမယ်ဆိုတာ မင်းကောင်းကောင်းသိရမယ်'

ဝတ်စုံနက်က လက်ဝါးတစ်ချက်ရိုက်ထုတ်ရင်းပြောသည်၊ ဆွေယန်ကြည်သည် အရိပ်ပျောက် ကိုယ်ဖော့ပညာဖြင့် ဘယ်ညာခုန်ကူး ရှောင်တိမ်းရင်းမှ ရယ်လိုက်သည်။

'ဟေ့.... မင်းဘာဖြစ်လို့ထွက်ပြေးနေတာလဲ၊ သတ္တိမရှိဘူးလား'

'ဟား ဟား....ငါကထွက်မပြေးပါဘူး၊ မင်းငါ့ကိုမမြင်တာပါ'

ဆွေယန်ကြည်သည် ဝတ်စုံနက်တစ်ယောက်နောက်သို့ရိပ်ခနဲခုန်ဝင်ပြီး သွေးကြောထိုးပိတ်လိုက်သည်၊ တစ်ဆက်တည်းပင် ထိုသူ့ကိုအကာအကွယ်ယူကာ ဂိုဏ်းခွဲမှူးကို လျှပ်စီး



လက်သီးဖြင့် လှမ်းထိုး၏။

ပြင်းထန်သောလေလှိုင်းလှုပ်ခတ်သံကြောင့် ဂိုဏ်းခွဲမှူးရင်ထိတ်ပြီး နောက်သို့ခုန်ဆုတ်သည်၊ ကျန်ဝတ်စုံနက်တစ်ဦးက ဆွေယန်ကြည်အား အဆိပ်အပ်များဖြင့် ပစ်ခတ်၏။

'သတိထား'

အပြင်ဘက်မှအော်ဟစ်သတိပေးသံကြောင့် သူအပေါ်သို့ခုန်တက်လိုက်သည်၊ သူ့အားရည်ရွယ်သော အဆိပ်အပ်များသည် သွေးကြောအပိတ်ခံရသည့် ဝတ်စုံနက်ကိုယ်ထဲကို စူးဝင်သွား၏၊ အဆိပ်အပ်ပစ်လွှတ်သူမှာလည်း အပြင်ဘက်မှ ပြေးဝင်လာသော ရီဝေချိန်၏လက်ဝါးရိုက်ချက်ကြောင့် ရှေ့သို့ငိုက်ကျသွား၏။

'ဟား ဟား....ဒီဘစ်ခါ ဘယ်သူပြေးမလဲ'

ဆွေယန်ကြည်က ဂိုဏ်းခွဲမှူးနှင့် မျက်နှာချင်းဆိုင်လိုက်၏၊ ဂိုဏ်းခွဲမှူးသည် နေရာမှလှည့်ပြေးမည်ပြုသည်၊ သို့သော်.... ရီဝေချိန်က ပြေးလမ်းပိတ်ထားသဖြင့် အကြိတ်ပြီး ဆွေယန်ကြည်အားတိုက်ခိုက်သည်။

ဆွေယန်ကြည်သည် ပြင်းထန်စွာရိုက်ချလာသော ဂိုဏ်းခွဲမှူး၏လက်ဝါးရိုက်ချက်ကို လက်တစ်ဖက်ဖြင့်မြှောက်ခံ၏၊ လက်ဝါးချင်းထိသံ ကျယ်လောင်စွာပေါ်လာပြီး ဂိုဏ်းခွဲမှူး နောက်ဆုတ်သွား၏၊ သူက လဲကျမလိုဖြစ်သွားရာမှ သူ့ကိုယ်သူထိန်းသိမ်းစဉ် ဆွေယန်ကြည်၏ ဒုတိယရိုက်ချက် ကျလာသည်.

ပြင်းထန်သောလက်ဝါးရိုက်ချက်သည် ဟင်းလင်းပွင့်နေ

သော ဂုဏ်ထားခဲ့မှုး၏ငင်ဘတ်ပေါ်သို့ကျသည်၊ ဘုန်းခနဲမြည် သွားသံနှင့်အတူ ဂုဏ်ထားခဲ့မှုးလွင့်ထွက်သွားပြီး ကြမ်းပြင်ပေါ် ပုံလျက်သားကျကာ ငြိမ်သွား၏၊

ဆွေယန်ကြည်နှင့် ရီဝေချိန်တို့သည် အဆောက်အဦကို မီး တင်ခဲ့ပြီး အပြင်သို့ပြေးထွက်သည်၊ သူတို့နှစ်ယောက်က လမ်းတလျှောက်၌ တွေ့သမျှဖဲသွားဂုဏ်ထားသား အကျင်းအကျန် တို့ကိုတိုက်ခိုက်ခဲ့ပြီး တောင်ကြားထိပ်သို့တက်လိုက်သည်။

သူတို့တောင်ကြားထိပ်ပေါ်သို့ရောက်ပြီး တစ်ခဏအကြာ တွင် ဆဲဒ်ယူဟန်ရောက်လာ၏၊ သုံးယောက်သား မီးဟုန်း ဟုန်းတောက်လောင်နေသော တောင်ကြားစခန်းကိုကြည့်၍ အားရပါးရ ရယ်လိုက်လေသည်။

✻ ✻

အခန်း (၃၃)

## ကျွားနာခဲ့ခဲ့မည်

စုကျိုးမြို့ရှိ မြင်းပျံအာမခံဌာနဝင်းအတွင်း၌ အညိုရောင် နှင့် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသူများ စုဝေးရောက် ရှိနေသည်၊ သူတို့သည် အာမခံဌာနဝင်းအလယ်ရှိ မြေကွက် လပ်တွင် ကိုယ့်အုပ်စုနှင့်ကိုယ် နေရာယူကာရပ်နေကြသည်၊ အုပ်စုတိုင်း အုပ်စုတိုင်းတွင် သွေးဂုဏ်ထား၏ အသိမ်းအမှတ် အလံများပါရှိပြီး အလံပေါင်းများစွာတို့ မလေအလာတွင် အဖျပ်ဖျပ်လွင့်နေကြသည်။

စုံဝေးရောက်ရှိနေသော သွေးဂိုဏ်းသားများ၏ ရှေ့တည့်တည့်တွင် ဂါစ်သားစင်မြင့်တစ်ခုရှိသည်၊ စင်မြင့်ပေါ်၌ သွေးနီရောင်ကတ္တီပါအုပ်ထားသော ထိုင်ခုံတစ်လုံးရှိ၏။

သွေးဂိုဏ်းသားများသည် တစ်စုံတစ်ယောက်ကိုစောင့်မျှော်နေဟန် စင်မြင့်ဆီသို့ စူးစိုက်ကြည့်နေကြသည်၊ စင်မြင့်နှင့်မနီးမဝေးရှိ အာမခံဌာနရုံးခန်းမှ တံပိုးမှုတ်သံတစ်ချက်ပေါ်လာသည်၊ တစ်ခဏအကြာ၌ ရွှေနားကွပ်အညိုရောင်ဝတ်စုံဝတ်ဆင်ထားသော ကျုံးထင်သည် အညိုရောင်ဝတ်ထားသူနှစ်ယောက်၊ အနက်ရောင်ဝတ်ထားသူနှစ်ယောက်တို့ခြံရံကာ စင်မြင့်ဆီသို့လျှောက်လာ၏၊ သူနှင့်အတူပါလာသူလေးယောက်သည် အဖြူရောင်ခါးစည်းကြိုးများစည်းထားသဖြင့် အများနှင့်မတူသော ရာထူးအဆင့်ရှိသူများဟု သိသာနေသည်၊ ထိုလေးယောက်ထဲတွင် မြင်းပျံအာမခံဌာန၏လက်ထောက်ဖြစ်သော ချင်းယွင်ပါဝင်နေသည်။

စင်မြင့်ဆီသို့အရောက်တွင် ချင်းယွင်တို့လေးယောက်က စင်မြင့်အောက်၌နေရာယူလိုက်၏၊ ကျုံးထင်က စင်မြင့်ပေါ်သို့ ဟန်ပါပါတက်လိုက်ပြီး ထိုင်ခုံအနီကြီးဘေးတွင်ရပ်လိုက်သည်။

ရုံးခန်းအဆောက်အဦးဆီမှ တံပိုးမှုတ်သံတစ်ချက်ပေါ်



လာပြန်သည်၊ တခဏအကြာအတွင်း လိုက်ကာအနီကြီးကာထားသော ဝေါယာဉ်တစ်စီးကို လူသန်ကြီးလေးယောက်ကထမ်းပြီး အပြေးရောက်လာသည်။

ဝေါယာဉ်စင်မြင့်အောက်တွင် ရပ်လိုက်သည်နှင့် အနီရောင်လိုက်ကာ ဖြည်းသွင်းစွာပွင့်သွားသည်၊ ပြီး....အနက်ရောင်လူရိပ်တစ်ရိပ် ငှက်တစ်ကောင်ထပျံသည့်ပမာ စင်မြင့်ပေါ်သို့ ခုန်ပျံပြေးတက်သည်။

အနက်ရောင်လူရိပ်မှာ ကူးကျင်းဝင်ဖြစ်ပြီး အနီရောင်ထိုင်ခုံပေါ်၌ ဇွေ့ခနဲထိုင်ချလိုက်၏။

'ဂိုဏ်းချုပ်ကြီး အသက်ရာကျော်ရှည်ပါစေ'

သွေးဂိုဏ်းသားများ၏ အော်ဟစ်ကြွေးကြော်သံက အာမခံဌာနဝင်းတစ်ခုလုံး ပဲ့တင်ထပ်မတတ်ပေါ်လာသည်၊ ကူးကျင်းဝင်က ဂိုဏ်းသားများအား နှုတ်ဆက်ဟန် လက်တစ်ဖက်မြှောက်ပြလိုက်ပြီး....

'သွေးဂိုဏ်းသားတွေကို အခုလို စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ တွေ့ရတဲ့အတွက် ကျုပ်ဝမ်းသာလို့မဆုံးဘူး၊ နယ်မြေအနှံ့အပြားမှာရှိနေတဲ့ ဂိုဏ်းခွဲကြီးလေးခုစလုံး ဒီမှာလာစုဖို့ခေါ်လိုက်တာဟာ သွေးဂိုဏ်းကိုရင်မဆိုင်ရဲပဲ ခိုးကြောင်ခိုးဝှက်တိုက်ခိုက်နေတဲ့ ရန်သူကို အတိအလင်းစစ်ကြေညာချင်လို့၊ ကျုပ်တို့ ရန်သူနောက်ကိုလိုက်မတ်၊ သူတို့ကို ပုန်းခိုနေရာက

ထွက်လာအောင်လုပ်မယ်၊ အပြင်းသန်ဆုံး တိုက်ခိုက်ချေမှုန်း ပစ်မယ်'

သေနတ်ကိုင်ဆိုတဲ့ သားတို့ထံမှ ညာသံပေးအော်ဟစ်သံများပေါ် လာသည်၊ ကူးကျင်းဝင်က စိတ်အားတက်ကြွနေသော သေနတ် ကိုင်ဆိုတဲ့ သားများအားကြည့်ပြီး လက်တစ်ဖက်မြှောက်ပြလိုက် သည်၊ အော်ဟစ်နေလ များ ရုတ်ချည်း ပျောက်ကွယ်သွား သည်၊

'မင်းတို့အားလုံးရှေ့မှာ ကျုပ် အမှုတစ်ခုကိုစီရင်မယ်၊ အဲ ဒီအမှုက ရန်သူကိုစေတနာထားတဲ့လူတစ်ယောက်ကို အပြစ် ပေးတာပဲ၊ ခါးရဲတိုက်သခင်မ.... သစ္စာဖောက်လင်မယားကို ခေါ်ထုတ်ခဲ့ပါ'

မြင်းပျံအာမခံဌာနရုံးခန်းဘက်မှ အော်ဟစ်သံကို ကြားရ သည်၊

ခါးရဲတိုက်သခင်မသည် ကျင်းစီတို့လင်မယားအား လ ပြန်ကြိုးတုတ်ထားလျက် ခေါ်ထုတ်လာ၏၊ ကျင်းစီတို့ လင် မယား၏လည်ပင်းတွင် ပျဉ်းပြားရှည်ကြီးတစ်ချပ်ကို အပေါက် ဖောက်ပြီး စွပ်ထားသည်၊ နှစ်ယောက်စလုံးမှာ တစ်ယောက် နှင့်တစ်ယောက် ခွဲပြီးမသွားနိုင် မရုန်းကန်နိုင်ဘဲရှိနေ၏၊



ခါးရဲတိုက်သခင်မက ကူးကျင်းဝင်ရှိနေရာ စင်မြင့်အောက် သို့အရောက်တွင် ကျင်းစီတို့ အား တွန်းလိုက်သည်၊ ကျင်းစီ တို့နှစ်ယောက်စလုံး မြေပြင်ပေါ် မှောက်လျက်သားကျသွား သည်၊

'ဒီလူယုတ်မာက မုယုကြီးရဲ့ မွေးစားသားပဲ၊ ကျုပ်က သူ့ကိုယုံကြည်ပြီး တာဝန်တွေပေးခဲ့တယ်၊ သူက သူ့ရဲ့ညီမ မုယုချင်းကို သံယောဇဉ်ရှိနေတော့ တာဝန် ကျေအောင် မထမ်းဆောင်ခဲ့ဘူး၊ ရန်သူကို ရန်သူလို့မမြင်ဘူး....၊ ဟိုသစ္စာ ဖောက်မကလဲ သူ့လင်ရဲ့ ချို့ယွင်းချက်ကိုသိပေမယ့် မပြုပြင် ဘူး....'

ကျင်းစီဘို့ဇနီး မာင်နှ သည် ကူးကျင်းဝင်အားထိတ်လန့် တုန်လှုပ်စွာကြည့်၏၊ ကျင်းစီ၏ဇနီးက တစ်စုံတစ်ရာပြောမည် ပြု၏၊

'ဂိုဏ်းချုပ်ကြီး....ကျွန်မပြော'

'တိတ်စမ်း.... ဒီနေရာဟာ လျှောက်လဲချက်တွေပေးနေရ မယ့်နေရာ မဟုတ်ဘူး၊ ကျုပ်ကလဲ ဘာလျှောက်လဲချက်ကိုမှ နားမထောင်ချင်ဘူး၊ ကျုံးထင်....သူတို့ကို ဘယ်လိုအပြစ်ပေး သင့်သလဲ ပြောပါ'

'သူတို့ကို သတ်ပစ်သင့်ပါတယ်'

ကူးကျင်းဝင်က မဲ့ပြုံးပြုံးပြီး ခေါင်းခါ၏။

'သတ်ပစ်မယ်.... ဒါကတော့ မလွဲမသွေပေးရမယ့်အပြစ်ဘဲ၊ ဘယ်လိုသတ်မလဲ....ဘယ်သူသတ်မလဲ၊ ဒါကိုပြောပါ'

ကျုံးထင်က သတ်မည့်နည်းလမ်းကိုအပြေးအလွှားစဉ်းစားသည်။

'သူတို့ကို တရိရိညှင်းဆဲပြီး သတ်ရမယ်....၊ ဒါမှ သစ္စာဖောက်တွေအတွက် ဒီအပြစ်မျိုးခံရမယ်ဆိုတာ အားလုံးနားလည်ကြမယ်'

'သတ်ဖို့နည်းလမ်းကို သေသေချာချာ စဉ်းစားပါ....၊ အကောင်းဆုံးဖြစ်ဖို့လိုတယ်'

ခားရဲတိုက်သခင်မက ရှေ့ကို ခြေတစ်လှမ်းတိုးလိုက်သည်၊ သူက ကူးကျင်းဝင်အား အရိုအသေပေးပြီး....

'ဂိုဏ်းချုပ်ကြီး....ဒီတာဝန်ကို ကျွန်မယူပါရစေ'

ကူးကျင်းဝင် ခေါင်းညိတ်လိုက်၏။

'မင်းက ဘယ်လိုတာဝန်ယူမှာလဲ ပြောပါ'



'သူတို့ကို မြေမြှုပ်ပြီးသတ်မယ်'

'မြေမြှုပ်ပြီး....ဟုတ်လား'

ခားရဲတိုက်ခင်မ ခေါင်းညိတ်ပြသည်။

'ဟုတ်ပါတယ်....ဒီနေရာမှာ မြေကျင်းတူးမယ်၊ ပြီးတော့ သူတို့ကို ရှင်လတ်လတ်မြေမြှုပ်ပြီးသတ်မယ်'

ကူးကျင်းဝင်က ပြုံး၏၊ သူ့မျက်နှာတွင် ရက်စက်မည့် ဟန်တွေ ထင်ထင်ရှားရှား ပေါ်လာ၏။

'ကောင်းတယ်....မင်းက တော်တော်စိတ်ကူးကောင်းတာပဲ၊ ချက်ချင်း အဲဒီအစီအစဉ်ကိုစပါ'

ခားရဲတိုက်သခင်မက ‌ ‌ ‌ းဂိုဏ်းသား လေးယောက်ကို ခေါ်သည်၊ ပြီး ကျင်းစီတို့ရှေ့တွင် မြေကျင်းတစ်ကျင်းကို တူးစေ၏၊ သွေးဂိုဏ်းသားများက မြေကျင်းတစ်ကျင်းကို လျင်မြန်စွာ တူးသည်။

ကျင်းစီတို့ဇနီးမောင်နှံသည် သူတို့၏နောက်ဆုံးအချိန်ကို စဉ်းစားရင်း မျက်ရည်ကျလာသည်၊ ကျင်းစီက ထိတ်လန့်ခြင်း၊ မခံရပ်နိုင်ခြင်းကြောင့် အသံကုန်အော်သည်၊ ခားရဲတိုက်သခင်မက ကျင်းစီတို့ဇနီးမောင်နှံအား သွေးကြောထိုးပိတ်လိုက်၏။

မြေကြီးမှာ တဖြည်းဖြည်းနက်ရှိုင်းလာ၏၊ လူနှစ်ယောက်ဆန့်အောင်ကျယ်ပြီး ခြေဆင်းပြီးထိုင်ချလျှင် ခေါင်းမြှုပ်သည်ထိ နက်အောင်တူးပြီးသည်နှင့် သွေးဂိုဏ်းသားလေးယောက်က သူတို့အလုပ်ကိုရပ်လိုက်သည်။

'မြေကျင်းတူးပြီးသွားပါပြီ၊ သူတို့ကို အခုပဲမြေကျင်းထဲ

ချပါမယ်"

ခါးရဲတိုက်သခင်မှာ ကျောင်းတူးခဲ့သော ဂိုဏ်းသားလေး ယောက်အား လက်ဟန်ပြသည်၊ သူတို့က ကျောင်းဝီတို့လင်မယား အနားသို့ တိုးကပ်လိုက်ကြ၏။



လူတစ်ယောက်ကို မြေမြှုပ်သတ်မည့်ကိစ္စမှာ ရက်စက်လွန်းသည့် ကိစ္စတရပ်ဖြစ်သည်၊ သို့သော် ကူးကျောင်းဝင်နှင့်ခါးရဲတိုက်သခင် မတို့က ထိုအလုပ်ကို ထမင်းစားရေသောက်အလုပ်ပမာ လွယ် လွယ်ကူကူနှင့်လုပ်ရန် ပြင်ဆင်နေသည်။

ကျောင်းဝီတို့အား သွေးဂိုဏ်းသားလေးယောက်က မယူလိုက် စဉ် လူတစ်ယောက်က စင်မြင့်ရှေ့သို့အပြေးရောက်လာသည်၊ ထို သူမှာ သွေးဂိုဏ်းခွဲတစ်ခု၏ခြေမြန်တော်ဖြစ်ပြီး စင်မြင့်အောက် တွင်ရှိနေသော ကျုံးထင်အား တစ်စုံတစ်ရာပြောသည်၊ ကျုံး ထင်၏မျက်နှာတွင် အရေးတကြီးနိုင်ဟန်များပေါ်လာပြီး စင် မြင့်ပေါ်သို့တက်သွားသည်၊ သူက ကူးကျောင်းဝင်ရှေ့တွင်ရပ်ပြီး တစ်စုံတစ်ရာကို အစီရင်ခံပြောဆို၏။

ကျုံးကျောင်းဝင်၏မျက်နှာတွင် အပြောင်းအလဲများစွာပေါ် သွားသည်၊ သူ့မျက်လုံးအစုံတွင် ဒေါသဟန်များပေါ်လာ ပြီး သူ့မျက်နှာက တင်းမာခက်ထန်လာ၏၊ ခက်ထန်သော မျက်နှာနှင့် ကျုံးထင်အား တစ်စုံတစ်ရာပြော၏၊ ကျုံးထင်အ နေရာမှရှိ ခနဲခုန်ထွက်သည်၊ သူ၏ခန္ဓာကိုယ်သည် ငှမ်းစတစ်စ ပမာ အသစ်စက်စက်ထူးထားသော မြေကျင်းအနီးသို့ကျ၏။

ကျုံးထင်က မြေပေါ်သို့ ခြေချလျှင်ချခြင်း ခါးတွင်ချိတ်ဆွဲ ထားသောဓားကိုဆွဲထုတ်သည်၊ ပြီး မြေကျင်းထဲချမည့်ဆဲဆဲ ဖြစ်သောကျောင်းဝီတို့ဇနီးမောင်နှံအား ခုတ်ချလိုက်သည်။

သွေးပျက်အသွယ်မြင်ကွင်းတစ်ခု ရုတ်ချည်းပေါ်လာသည်၊ ကျုံးထင်က ကျောင်းဝီတို့အား သတ်လိုက်ပြီးနောက် သွေးစွန်း မနေသောဓားကို တစ်ချက်ဝေ့ယမ်းလိုက်၏၊ ဓားက ကျောင်းဝီတို့

၏အောက်နားတွင်ရပ်နေသော ဓားရဲကိုက်သခင်မသို့ကိုယ်သဲ ထွင်းဖောက်ဝင်ရောက်သွားသည်။

ဓားရဲတိုက်သခင်မ၏ နာကျင်စွာ အော်ဟစ်သံ သွေးပျက်ချောက်ချားဖွယ်ပေါ်လမသည်၊ သူ၏ခန္ဓာကိုယ်သည် ကျင်းဝီကိုကျနေသော မြေကျင်းအတွင်းသို့ ထိုးကျသွားလေသည်။

ပြီး မားကို ဓားအိမ်ထဲသွင်းကာ ကျူးကျော်ဝင်အား ဂါရဝပြုလိုက်သည်း

'ဓားရဲတိုက်သခင်မက ငါတို့သွေးဂိုဏ်းရဲ့လျှို့ဝှက်ချက်တွေ တစ်ဘက်ရန်သူသိအောင် သတင်းပေးတယ်၊ ဒါကြောင့် သစ္စာဖောက်ဖြစ်တဲ့သူ့ကိုပါ သုတ်သင်လိုက်တာပဲ၊ မင်းတို့အားလုံးသွားပြီး အနားယူကြပါ၊ ငါတို့တတွေ ရန်သူကိုစောင့်မနေဘဲ ရန်သူ့ကိုသွားပြီးသုတ်သင်မယ်၊ သွေးဂိုဏ်းအောင်မြင်ရေး ရန်သူတွေကို ရှင်းလင်းသုတ်သင်နိုင်ရေးအတွက် မင်းတို့အစွမ်းကုန် တိုက်ခိုက်ကြရမယ်'

'တိုက်မယ်....တိုက်မယ်'

သွေးဂိုဏ်းသားတို့၏အသံကျယ်လောင်စွာပေါ်လာသည်၊ ကျူးကျော်ဝင်က ပြုံးရယ်လိုက်ပြီး....

'ငါတို့အားလုံး တိုက်ပွဲတစ်ခုကိုသွားပြီး ဆင်နွှဲကြမယ်၊ ဂိုဏ်းခွဲမှူးတွေ အစည်းအဝေးခန်းကို လိုက်ခဲ့ပါ၊ မင်းတို့နဲ့ အသေးစိတ်တိုင်ပင် စီစဉ်စရာတွေရှိတယ်'

ကျူးကျော်ဝင်က စကားကိုအဆုံးသတ်ပြီး စင်မြင့်ပေါ်မှ ဆင်းသည်၊ ဂိုဏ်းသားများ၏ အော်ဟစ်ကောင်းချီးပေးသံသည် စွာပေါ်လာသည်၊ ကျူးကျော်ဝင်၏မျက်နှာမှာ အရေး



တကြီးနိုင်ဟန်များပေါ်နေပြီး၊ ကျူးထင်နှင့်အတူ အစည်းအဝေးခန်းမသို့ လျင်မြန်စွာထွက်သွားသည်။

ဂိုဏ်းခွဲမှူးများက အစုငါးစုဖြစ်နေသော သွေးဂိုဏ်းသားများအား အနားယူရန်ပြောပြီး ကျူးကျော်ဝင်တို့နောက်သို့ လိုက်သွားသည်။

ကျူးကျော်ဝင်သည် အစည်းအဝေးခန်းမရှိ စားပွဲကျယ်ကြီးထိပ်တွင် နေရာယူသည်၊ ကျူးထင်က သူ၏ဘယ်ဘက်တွင် နေရာယူပြီးထိုင်သည်၊ အစည်းအဝေးသို့ လိုက်ဝင်လာသော ဂိုဏ်းခွဲမှူးများကလည်းထိုင်ခုံ အသီးသီးတွင်ထိုင်လိုက်ကြသည်၊

အခန်းထဲတွင် လူစုံသည့်အခါ အပြင်ဘက်မှလူတစ်ယောက်ဝင်လာသည်၊ ထိုသူမှာ ကျူးထင်အား သတင်းလာပို့သော ဂိုဏ်းခွဲတစ်ခုမှ ခြေမြန်ပင်ဖြစ်သည်၊ ထိုသူက စားပွဲရှေ့တွင် ငြိမ်သက်စွာရပ်လိုက်သည်။

'ဂိုဏ်းခွဲမှူးတွေနားထောင် မင်းတို့တတွေ လက်ရွေးစဉ် သိုင်းသမားတွေနဲ့အတူ ဒီကိုရောက်နေချိန်မှာ မင်းတို့ရဲ့ဂိုဏ်းခွဲတွေအားလုံး ရန်သူရဲ့အဖျက်အဆီးခံလိုက်ရပြီ၊ အခုဆိုရင် ငါတို့သွေးဂိုဏ်းမှာ အမာခံအင်အား တစ်ရာကျော်ကျော်လေးပဲ ရှိတော့တယ်'

ကျူးထင်က ထိုင်နေရာမှနေ၍ စကားကို ပီသရှင်းလင်းစွာပြောသည်၊ ကျူးထင်၏စကားကိုအကြားတွင် ဂိုဏ်းခွဲမှူးများ အံ့အားသင့် မျက်နှာပျက်ကုန်သည်၊

'အခုလိုဖြစ်တာဟာ ရန်သူက ထက်မြက်လွန်းလို့ မဟုတ်ဘူး၊ အလစ်အငိုက်မှာဝင်ဝင်ပြီး တိုက်ခိုက်လို့ဖြစ်ရတာ ဒီရန်

သူတွေ ဘယ်ကိုရောက်နေပြီလဲဆိုတာ ငါသိထားရပြီ၊ ဒီတော့ ငါတို့တတွေ ရန်သူဆီကို သွားမယ်၊ ငါတို့ကို ဒုက္ခပေးတဲ့ ရန်သူတွေနဲ့ တိုက်ရိုက်လင်းလင်း ရင်ဆိုင်မယ်'

ကျိုးထင်၏စကားအဆုံးတွင် ကျူးကျော်ဝင်းက ဝင်ပြောသည်၊ ဂိုဏ်းခွဲမှူးတစ်ယောက် ချောင်းဟန့်လိုက်ပြီး....

'ရန်သူတွေက ခုဘယ်မှာလဲ ဂိုဏ်းချုပ်ကြီး'

'သွေးတောင်ကြားမှာ သွေးတောင်ကြား ဘယ်နေရာမှာလဲဆိုတာ ငါမသိဘူး၊ အခုတော့သိရပြီ ဒီတော့ ဒီနေ့ပဲ ငါတို့ရန်သူရှိတဲ့နေရာကိုသွားကြမယ်၊ ရန်သူကို အပြင်းထန်ဆုံး တိုက်ခိုက်မယ်၊ ရန်သူရဲ့အင်အား ဘယ်လောက်တဲ့လဲကျိုးထင်'

ကျူးကျော်ဝင်းက ကျိုးထင်အားမေးသည်၊ ကျိုးထင်က ခြေမြန်အားလှမ်းကြည့်သည်၊ ခြေမြန်က....

'သူတို့အင်အား လူနှစ်ဆယ်လောက်မပြည့်ပါဘူး၊ ကျွန်တော်တို့ဂိုဏ်းခွဲတွေကို အလစ်အငိုက်မှာ ဝင်ဝင်တိုက်သွားတဲ့လူက သုံးယောက်တည်းမှာ၊ အဲဒီလူတွေနောက်ကို ကျွန်တော်လိုက်ကြည့်ရင်း သူတို့နေရာကိုသိခဲ့ရပါတယ်၊ အဲဒီနေရာက ဒီနေရာနဲ့ဆိုရင် နှစ်ရက်ခရီးလောက်ဝေးပါတယ်'

ခြေမြန်၏စကားကိုကြားသည်နှင့် ကျူးကျော်ဝင်းရယ်လိုက်သည်၊

'လူနှစ်ဆယ်လောက်က ငါ့ကိုအံ့တုတာ ရယ်စရာကောင်းတယ်၊ မင်းတို့တိုက်ပွဲဝင်ဖို့ အသင့်ပြင် ငါးရက်စာရိက္ခာတွေယူ တိုက်ပွဲမှာကြောက်တဲ့လူ အကြိမ်ကြိမ်သေရမယ် ဆိုတာ ဂိုဏ်းသားတွေကို ပြောထားလိုက်'



'ဟုတ်ကဲ့ ဂိုဏ်းချုပ်ကြီး'

'ငါတို့တတွေ နေ့လည်စာစားပြီးတာနဲ့ ဒီကနေထွက်ကြမယ်၊ ကျိုးထင် မြင်းပျံအာမခံ့ဘွာနမှာ အစောင့်လောက်ပဲ ထားခဲ့ပါ'

'ဟုတ်ကဲ့'

'မင်းတို့ခရီးထွက်ဖို့ပြင်ဆင်ကြ၊ ငါခဏအနားယူလိုက်မယ်'

စကားအဆုံးတွင် ကျူးကျော်ဝင်း နေရာမှထပြီး အခန်းအပြင်သို့ ထွက်ခဲ့သည်။

## အခန်း (၃၄)

## သွေးသွေးခြင်း

သွေးတောင်ကြားသည် အေးချမ်းသောအသွင်ကိုဆောင်နေသည်၊ အမြဲတစေတိတ်ဆိတ်နေသော သွေးတောင်ကြားတွင် လူသံသူသံတွေကြားလာရသည်။

ပျောက်စေသမားတော်ကြီးသည် တောင်ကြားအပေါ်ဘက် အလွမ်းဂူဟု အမည်ပေးထားသော ဂူတွင်ရှိနေသည်၊ သူက ဂူဝမှနေ၍ တောင်ကြားထဲ၌ လှုပ်ရှားနေသူတို့အား ကြည့်သည်၊ တပူးတွဲတွဲဖြစ်နေသော မုယုံကောင်းဏီနှင့်ဆီယန်ပင်တို့အား သစ်ပင်တစ်ပင်အောက်တွင်တွေ့ရသည်၊ မြေကွက်



လပ်တစ်ခုတွင် ရှောင်ပင်း၊ ချူးရင်နှင့် ချူးရဲတို့ သိုင်းလေ့ကျင့်နေလျက်ရှိသည်၊ တစ်လုံးတည်းသော အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ဆွေယန့်ကြည်၊ ဆီယူဟာန်၊ ရီဝေချိန်နှင့် ချူးယောင်တို့ထိုင်နေပြီး သိုင်းလေ့ကျင့်နေသော ရှောင်ပင်းတို့အား ကြည့်နေသည်။

အိမ်အနောက်ဘက် ပရဆေးပင်စိုက်ခင်း၌ လူသုံးဦးရှိနေသည်၊ ထိုလူသုံးယောက်မှာ ထင်းကုံ၊ မုယုံချင်းနှင့် ယုန်ကလေးတို့ပင်ဖြစ်သည်၊ ယုန်ကလေးက မုယုံချင်း၏လက်ကို တွဲကိုင်ထားလျက်တွေ့ရ၏။

မြင်ရသည့် မြင်ကွင်းကြောင့် သမားတော်ကြီး၏စိတ်ထဲတွင် ကြည်နူးခြင်းနှင့် နင့်နဲနာကျင်ခြင်းဝေဒနာများ တိုးဝင်လာ၏၊ နွဲ့တတ်၊ ဆိုးတတ်၊ အနိုင်ယူတတ်၊ သဝန်တိုတတ်သော ဒေါမီးပြင်းသူယုန်ကလေးသည် ထင်းလုံအပေါ်ထားသော သံယောဇဉ်မလျော့သော သံယောဇဉ်ဖြင့် မုယုံချင်းအား ခင်တွယ်နေပြီဖြစ်ကြောင်း သူသိလိုက်၏။

ယခု သူ့အရှုံးယ်ရောက်သူနှင့် အရွယ်လွန်စပြုနေသူတို့ ကြင်နာနေ၊ ယုယနေ၊ ကျီစားနေသည်များကို ကြည့်ရင်းရင်ထဲမှာ နာကျင်သောဝေဒနာတရပ် ပေါ်လာသည်၊ ဝေကြောသူ၊ ရက်စက်သူ၊ ဥပေက္ခာပြုနိုင်စွမ်းရှိသူ တစ်ယောက်အကြောင်း အတွေးထဲသို့ဝင်လာ၏၊ ဟောင်းအိုသော ဝေဒနာတရပ်ကြောင့် ပျောက်စေသမားတော်ကြီး၏ မျက်နှာညှိုးလျော်သွားသည်၊ သူက ရီဝေသောမျက်လုံးအစုံဖြင့် လှိုင်းအဆင့်ဆင့်ထနေသော တောင်တန်းများဆီသို့ လှမ်းကြည့်

သည်။

အဝေးသို့လှမ်းကြည့်ရင်း သမားတော်ကြီး မသိမသာ မျက်မှောင်ကြုတ်သွား၏။ ရီဝေမှိုင်းညို့နေသော မျက်လုံး အစုံ အရောင်တဖျပ်ဖျပ်လက်လာ၏။

ကောင်းကင်အမြင့်တွင် စွန်တစ်ကောင် ပျံဝဲနေသည်။ သွေးတောင်ကြား၏တစ်ဖက် တောအုပ်ဆီမှ ဝေ့တက်နေသောမီးခိုးငွေ့များကိုတွေ့ရ၏။ အမြင့်တွင်ဝဲပျံနေသောစွန်သည် မီးခိုးငွေ့ထွက်နေရာဆီသို့ ထိုးဆိုက်ဆင်းတော့မလို ဖြစ်သွားတတ်သည်ကို သတိပြုမိ၏။

ပျော်ဘတ်စေသမားတော်ကြီး မနေရဘူးထမိတော့မလို ဖြစ်သွားသည်၊ သူက တောင်ကြားအတွင်းသို့ တစ်ချက်ကြည့်၍ စူးရှသောအသံဖြင့် အော်လိုက်သည်။

ရုတ်တရက် ပေါ်ထွက်လာသောအသံကြောင့် တောင်ကြားအတွင်း၌ရှိနေသူတို့ အထိတ်တလန့် ဖြစ်သွားကြသည်၊ အော်သံကို နားလည်သဘောပေါက်သော ထင်းလုံနှင့် ယုန်ကလေးတို့က အလွမ်းဂူရှိရာသို့လှမ်းကြည့်၏၊ သမားတော်ကြီးက လက်ဟန်တစ်ချက်ပြလိုက်သည်၊ သမားတော်ကြီးနှင့် နှစ်ပေါင်းများစွာ အတူနေလာခဲ့သော ထင်းလုံနှင့် ယုန်ကလေးတို့က အခြေအနေကို နားလည်သဘောပေါက်သွားသည်၊ သူတို့သည် စိုက်ခင်းအတွင်းမှပြေးထွက်ခဲ့၏၊ မုယိုချင်းမှာ ဘာမသိဘာမသိဖြင့် ထင်းလုံတို့ပြေးရာနောက်သို့လိုက်၏။

ထင်းလုံတို့သည် အိမ်ရှေ့ကွင်းပြင်ပေါ်တွင် ထိုင်နေသော ဆွေယန်ကြည်တို့အနားသို့ရောက်လာသည်၊ ထင်းလုံက တစ်



ဖက်တောအုပ်ကို လက်ညှိုးထိုးပြပြီး ဆွေယန်ကြည်တို့အား စကားပြော၏၊ ထင်းလုံ၏စကားကိုနားထောင်ရင်း ဆွေယန်ကြည်တို့ နေရာမှထလိုက်သည်။

ရှောင်ပင်း၊ ချူရင်နှင့် ချူရဲတို့မှာ သူတို့ပတ်ဝန်းကျင်မှ လှုပ်ရှားမှုများကိုမသိ၊ ထူးခြားသောသိုင်းပညာ၏ဆွဲဆောင်မှုတွင် နစ်မြုပ်နေကြသည်၊ ဆွေယန်ကြည်က ရှောင်ပင်းတို့အား တစ်ချက်ကြည့်၍ စူးရှစွာလေချွန်လိုက်၏၊ လေချွန်သံကြားမှ ရှောင်ပင်းတို့ သိုင်းလေ့ကျင့်နေခြင်းကို ရပ်တန့်လိုက်ကြသည်၊ သူတို့က ကွပ်ပျစ်ရှေ့တွင်ရပ်နေသော ဆွေယန်ကြည်တို့အနီးသို့လျှောက်လာသည်။

'ဒီပတ်ဝန်းကျင်မှာ ရန်သူတွေရောက်နေပြီလို့ သမားတော်ကြီးက အချက်ပေးတယ်၊ အခု ငါတို့အပြင်ထွက်ကြည့်မယ်၊ မင်းတို့ဒီအထဲမှာနေခဲ့ကြ၊ ရန်သူတွေ ရုတ်တရက်မမြင်အောင် ပုန်းကွယ်ပြီးနေကြပါ'

ရှောင်ပင်းက ဘေးပတ်ဝန်းကျင်ကို တစ်ချက်ကြည့်သည်၊ ပြီးနောက် မေးခွန်းထုတ်ဟန်အကြည့်ဖြင့် ဆွေယန်ကြည်ကို ကြည့်၏၊ ဆွေယန်ကြည်က....

'ဒီအနားကို ဘယ်လိုရန်သူမျိုးရောက်နေသလဲဆိုတာ ငါတို့လဲမသိသေးဘူး၊ ငါရယ် ရီဝေချိန်ရယ် ဆီယူဟန်ရယ်.... ထင်းလုံရယ် အပြင်ထွက်ကြည့်မယ်'

'ကျွန်တော်ကော မလိုက်ရဘူးလား'

ရှောင်ပင်းက ရှေ့တိုးလာရင်းမေးသည်။

'မင်း ဒီမှာနေခဲ့ပါ၊ ရန်သူတွေ ဒီထဲကိုထိုးဖောက်ဝင်လာ

ရင် ခုခံဖို့လိုတယ်'

ရှောင်ပင်းက ဆွေယန်ကြည်၏စကားကို သဘောပေါက်နားလည်စွာဖြင့် ခေါင်းညိတ်လိုက်၏၊ ဆွေယန်ကြည်က ထင်းလုံးတုံးအားအချက်ပြပြီး နေရာမှ ပြေးထွက်သည်၊ သူတို့လေးယောက် တစ်ဖောအတွင်း တောင်ကြားထိပ်ပေါ်သို့ ရောက်သွားသည်၊ ပြီး သစ်ပင်များကြားသို့ တိုးဝင်ပျောက်ကွယ် သွား၏။

ရှောင်ပင်းက ချူရင်နှင့် ချူရဲတို့ကို အိမ်ထဲသို့ဝင်စေ၏၊ ချူယောင်နှင့် မုယုံချင်းတို့က အိမ်အနောက်ဘက်သို့ လျှောက်သွားသည်။

ရှောင်ပင်းမှာ သစ်ပင်တစ်ပင်အောက်တွင်ထိုင်ပြီး ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျော့နေသကဲ့သို့ရှိသော ကောင်းလီတို့ထံ လျှောက်ခဲ့၏။

ကောင်းလီနှင့်ဆီယန်းပင်တို့သည် ချောင်းဟန်သံ ကြားသဖြင့် မော်ကြည့်သည်၊ ရှောင်ပင်းကိုတွေ့သည်နှင့် အရှက်ပြေရယ်ပြလိုက်ကြ၏။

'ဒီပတ်ဝန်းကျင်မှာ ရန်သူတွေ ရောက်နေပြီ အိမ်ထဲဝင်နေကြ'

'နေ့်သူတွေ ဟုတ်လား'

ကောင်းလီက နေရာမှ ဖျပ်ခနဲထပြီး မေးသည်၊ ရှောင်ပင်းခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ်....ငါတို့လဲရန်သူဆိုတာပဲသိတယ်....ဘယ်လိုရန်သူလဲ...ဘယ်သူလဲဆိုတာမသိသေးဘူး....ဆရာတို့တွေအဖြင်



ထွက်ကြည့်နေကြတယ်'

ရှောင်ပင်းတို့ စကားပြောနေစဉ် တစ်ဘက်တောင်ပေါ်မှအော်သံဟစ်သံများပေါ်လာသည်၊ မာန်သွင်းအော်ဟစ်သံ၊ လက်နက်ချင်းထိသံတို့ကြောင့် တိုက်ပွဲတစ်ပွဲ ဖြစ်ပွားနေသည်ဟု သူတို့သိလိုက်ကြလေ၏။

*      *      *

တစ်ဘက်တောအုပ်ဆီမှ နာကျင်စွာ အော်ဟစ်သံ ကျယ်လောင်စွာရယ်မောသံတို့ကို ကြားရ၏၊ ရှောင်ပင်းတို့ကအသံကိုနားစွင့်နေစဉ် တောင်ကြားအတွင်းသို့ အညိုရောင်ဝတ်စုံဝတ်ဆင်ထားသူများ ခုန်ပျံပြေးဆင်းလာသည်ကို တွေ့ရ၏၊ ရှောင်ပင်းက ရန်သူများအား ဆီးကြိုတိုက်ခိုက်သည်၊ ကောင်းလီနှင့် ဆီယန်ပင်တို့ကလည်း သူ့ကိုနှင့်နီးရာရန်သူများကိုတိုက်ခိုက်၏။

ရှောင်ပင်းသည် ရန်သူကိုတိုက်ခိုက်ရင်း လေချွန်သံဖြင့် အချက်ပေးလိုက်၏၊ ထိုအခါအိမ်ထဲသို့ဝင်နေသော ချူရင်တို့နှင့်အိမ်အနောက်ဘက်သို့ ရောက်ရှိနေသော မုယုံချင်းတို့ပြေးထွက်လာပြီး တစ်ယောက်ပြီးတစ်ယောက် ပြေးဝင်လာသည်၊ ရန်သူများအားတိုက်ခိုက်သည်။

'ဒါ သွေးဂိုဏ်းသားတွေမဟုတ်လား'

ချူးယောင်က ဝတ်စုံညိုတစ်ယောက်ကို လက်ဝါးဖြင့် ရိုက်ထုတ်ရင်းမေးသည်၊ ရှောင်ပင်းက ရန်သူသုံးဆယ်ခန့်ကို ထိုးဖောက်ပြီး နောက်ပိုင်းမှ ကျုံးထင်ထံတိုးဝင်ရင်း....

'ဟုတ်တယ်....ဒါသွေးဂိုဏ်းသားတွေပဲ'

သွေးဂိုဏ်းသားများအား နောက်ပိုင်းမှ အမိန့်ပေးနေသော ကျုံးထင်က ရယ်လိုက်သည်။



'ဟုတ်တယ်....ကျုပ်တို့ သွေးဂိုဏ်းသားတွေပဲ.... သမားတော်ကြီးဘယ်မှာလဲ'

ကျုံးထင်၏စကားမဆုံးခင် ရှောင်ပင်းက ကျုံးထင်အား ဝင်ရောက်တိုက်ခိုက်၏၊ သူ့ထံသို့ပြင်းထန်သော ဓားချက်ကျလာသဖြင့် ကျုံးထင် ကပျာကယာနောက်သို့ခုန်ဆုတ်သည်၊ သူသည် အထိတ်တလန့်နိုင်သော အကြည့်ဖြင့် ရှောင်ပင်းအားကြည့်၏၊

'ဟော့ မင်း....'

'ကျုပ်... ရှောင်ပင်းပါ...ခင်ဗျားကို ဒီနေ့ သင်ခန်းစာပေးရမယ်'

'ဟား....ဟား....ငါ့ကို သင်ခန်းစာပေးနိုင်မယ့်လူမပေါ်သေးဘူး....သင်ခန်းစာရမယ့်လူက မင်းကွ....သိရဲ့လား'

ကျုံးထင်က ခါးတွင် ချိတ်ထားသော ဓားကို ဆွဲထုတ်သည်၊ ထိုအချိန်တွင် ရှောင်ပင်း၏အနီးသို့ လူရိပ်တစ်ရိပ်ခုန်ပျံရောက်ရှိလာ၏။

'ရှောင်ပင်းနောက်ဆုတ်စမ်း....ကျန်တဲ့လူတွေကိုသွားတိုက် သူ့ကို ငါတာဝန်ထား'

အနားသို့ရောက်လာပြီး ပြောလိုက်သော ချူးယောင်အား ရှောင်ပင်းတအံ့တဩနှင့် ကြည့်သည်၊ ချူးယောင်က ကျုံးထင်ဘက်သို့လှည့်လိုက်ပြီး....

'လူယုတ်မာ... နင့်ကိုအခုမှပဲ သွေးကြွေးဆပ်ရတော့မယ် ခုခံဖို့ပြင်'

'ဟား....ဟား....ငါ့ရင်ခွင်ထဲမှာ နေခဲ့တဲ့မိန်းမက ငါ့ကို သတ်မလို့လား.... ဒါလောက်မစိမ်းကားပါနဲ့'

ကျုံးထင် ရှိသဲ့သဲ့နှင့်ပြောနေစဉ် ချူးယောင်က ကျုံးထင်အား တရကြမ်းဝင်တိုက်၏၊ ကျုံးထင်မှာ စကားမပြောနိုင်သေးဘဲ အသေအလဲရှောင်တိမ်းသည်။

ရှောင်ပင်းသည် ကျုံးထင်ထံမှ နောက်ဆုတ်ပြီး တောင်ကြားထဲသို့ ခုန်ခုန်ဆင်းလာသော သွေးဂိုဏ်းသားများအား တိုက်ခိုက်၏။

တောင်ကြားအတွင်း ပြင်းထန်သောတိုက်ပွဲတစ်ခု ပေါ်ပေါက်လာ၏။ ရှောင်ပင်းတို့လူစုသည် တောင်ကြားအတွင်းသို့ခုန်ဝင်လာသော ဂိုဏ်းသားများကို တရကြမ်းတိုက်ခိုက်၏၊ လက်နက်ချင်းထိသံ၊ အော်သံ၊ ဟစ်သံများဖြင့် ဆူညံနေသည်။

တောင်ကြားတစ်ဘက် တောအုပ်ဆီမှလည်း တိုက်ခိုက်သံများကို ကြားရ၏၊ တစ်ခဏအတွင်းမှာပင် သွေးတောင်ကြားမှာ သွေးညှီနံ့များဖုံးလွှမ်းလာ၏။

ရှောင်ပင်း၏ လက်ထဲမှ ဓားမှာ သွေးဖြင့်စေးကပ်နေ၏၊ သူ့ကစ်ကိုယ်လုံးမှာလည်း သွေးချင်းချင်း နီနေ၏၊ ချူးရင်၊ ချူးရဲနှင့် မုယုံချင်းတို့ကလည်း လက်သိုင်းကွက်များဖြင့်လည်းကောင်း၊ လက်နက်များဖြင့်လည်းကောင်း ရန်သူတို့ကို ပြင်းပြင်းထန်ထန်တိုက်ခိုက်နေ၏။



သွေးဂိုဏ်းသား တစ်ယောက်ပြီးတစ်ယောက် မြေပြင်ပေါ်သို့လဲကျကုန်သည်၊ တစ်ခဏအကြာတွင် တိုက်ပွဲတစ်ခုလုံး၌ အပြင်းအထန်တိုက်ခိုက်နေသော ချူးယောင်နှင့် ကျုံးထင်တို့သာကျန်တော့၏။

ကျုံးထင်သည် ချူးယောင်၏တိုက်ကွက်များကို အလူးအလိမ့်ရှောင်တိမ်းနေ၏။

'ရှင် သိပ်လိုချင်တဲ့ သွေးမော်ကွန်းဓားကွက်ကို အခုတွေ့ရမယ်....သတိထားပေတော့'

ချူးယောင်၏ တိုက်ကွက် ရုတ်တရက် ပြောင်းလဲသွား၏၊ သူ၏ဓားသည် စက်ဝိုင်းတစ်ခုလို ဖန်တီးလိုက်ပြီး ထိုစက်ဝိုင်းက ကျုံးထင်အားလွှမ်းမိုးလိုက်၏။

ဓားချင်းထိသံ အော်ဟစ်သံများပေါ်လာသည်၊ ကျုံးထင်နှင့် ချူးယောင်တို့မှာ ဓားရိပ်အောက်တွင် ပျောက်သွား၏၊ တစ်ခဏအကြာတွင် အားခနဲနာကျင်စွာ အော်သံကြားရပြီး ဓားစက်ဝိုင်းရပ်တန့်သွား၏၊ ကျုံးထင်က ရင်ဘတ်ကိုလက်

မြင့်ဖိချလဲကျနေပြီး၊ ချူးယောင်က ခေါးကိုကိုင်ကာရပ်နေ၏။

တောင်ကြားထိပ်မှ ပြေးလွှားလာသော ခြေသံတွေပေါ်လာ၏၊ ရီဝေချိန်နှင့်ထင်းလုံးတို့သည် ဒဏ်ရာအပြင်းအထန်ရထားသော ဆွေယန်ကြည်နှင့် ဆီယူဟန်တို့အား ပွေ့ချီကာပြေးလာကြ၏၊ သူတို့နောက်မှ သွေးနီရောင် သင်္ကန်းဝတ်ခုပြေးလွှားလိုက်ပါလာသည်။

ထင်းလုံးတို့တောင်ကြားအတွင်းသို့ ရောက်လာပြီး ဒဏ်ရာရထားသူတို့အား ကျောက်ပျစ်ပေါ် တင်ထားသည်၊ ဆီယန်းပင်ယှန်ကလေးနှင့်မုယိုချင်းတို့က ဒဏ်ရာရထားသော သူတို့နှစ်ယောက်အနားတွင် ဝိုင်းလိုက်ကြ၏၊ ထင်းလုံးတို့က အိမ်ရှေ့သို့ ခုန်ပျံရောက်ရှိလာသော သွေးနီရောင် သင်္ကန်းရှင်အား ရင်ဆိုင်ရန်ပြင်လိုက်သည်။

သွေးနီရောင်သင်္ကန်းရှင်မှာ ကျူးကျင်းဝင်ပင် ဖြစ်သည်၊ သူ၏ သွေးစွန်းနေသောဓားတစ်လက် ကိုင်ထားပြီး ထင်းလုံးတို့အား မီးထွက်မတတ်သော မျက်လုံးအစုံဖြင့်ကြည့်၏။

'သမားတော်စုတ် ဘယ်မှာလဲ သူ့ကိုထုတ်ပေးစမ်း၊ သူထွက်မလာရင် မင်းတို့အားလုံးကိုငါသတ်မယ်'

ကျူးကျင်းဝင်၏အသံ နားစည်ကိုထိုးခွဲမတတ်ကျယ်လောင်စွာပေါ်လာ၏၊ထင်းလုံးတို့လူစုက ကျူးကျင်းဝင်အား ဝိုင်းပြီးတိုက်ခိုက်ရန်ပိတ်ဆို့လိုက်ကြ၏။

'ဟီတ် မင်းတို့ သူ့ကိုထုတ်မပေးဘူးလား'



'ကူးကျင်းဝင် မဆိုင်တဲ့လူတွေကို ဒုက္ခမပေးပါနဲ့၊ ကျုပ်လာပါပြီ'

တုန်ယင်အက်ကွဲစွာ ပြောလိုက်သံနှင့်အတူ အလွမ်းဂူတွင်ရှိနေသော ပျောက်စေသမားတော်ကြီး ခုန်ပျံဆင်းသက်လာ၏၊ မြေပြင်ပေါ်သို့ရောက်သည်နှင့် သူက ကျူးကျင်းဝင်နှင့် မျက်နှာချင်းဆိုင်ရပ်လိုက်၏။

ကျူးကျင်းဝင်၏မျက်လုံးအစုံ မီးတောက်မတတ် အရောင်လက်လာ၏၊ သူကခေါင်းမော့ပြီးရယ်လိုက်သည်။ -

'ရှင် လုံအောင်ပုန်းနိုင်သေးသလား၊ ဒီနေ့ ရှင့်ကို ကျွန်မသတ်မယ်'

သမားတော်ကြီးက ကျူးကျင်းဝင်အား ဆွေးမြေ့ကြေကွဲစွာကြည့်၏၊ သူက တစ်စုံတစ်ရာပြောမည်အပြုတွင် ကျူးကျင်းဝင်၏ ဓားကိုင်လက် ဖျတ်ခနဲလှုပ်ရှားသွား၏၊ ဓားဟာအခုအခံ အကာအကွယ်မဲ့သော သမားတော်ကြီး၏ရင်ဘတ်ထဲသို့ တိုးဝင်သွား၏၊ သမားတော်ကြီးက နာကျင်ဟန်မပြဘဲ ကျူးကျင်းဝင်အား ပြုံးလျက်ကြည့်၏။

'ညီ....ညီမ....မင်း ကျေနပ်ပြီလားတော့လား....ငါ....ဝမ်း....ဝမ်းသာ....'

သမားတော်ကြီးသည် စကားကို ဆုံးအောင်မပြောနိုင်ဘဲ မြေပြင်ပေါ်ထိုးကျသွား၏၊ ကျူးကျင်းဝင်က ကျေနပ်အားရဟန် ခေါင်းမော့ရယ်သည်၊ ရယ်ရင်း သူ့မျက်လုံးအစုံမှ မျက်ရည်တွေစီးကျလာ၏။

'ရှင်....ရှင် ဘာဖြစ်လို့မခုခံတာလဲ ရှင် ရှင်'

ကျူးကျောင်းဝင်က သမားတော်ကြီးအား ငုံ့ကြည့်သည်၊ ပြီး ငယ်သံပါအောင်အော်ကာ လက်ထဲမှဓားဖြင့် သူ့ဗိုက်ကိုထိုး ဖောက်လိုက်၏။ ဓားစိုက်လျက်နှင့် သူသည် သမားတော်ကြီး ၏ဘေးတွင် ထိုးကျသွားလေ၏။

*　　*　　*

## အခန်း(၃၅)

## လွမ်းတေးသံ

---

လေတစ်ချက်အဝေ့တွင် သွေးတောင်ကြားရှိသစ်ပင်များ မှ ရွက်ဝါတို့ တဖြုတ်ဖြုတ်ကြွေသည်၊ ရွက်ဝါတို့သည် မြေပုံ အသစ်စက်စက်လေးခုပေါ်သို့ တဖွဲဖွဲကျ၏။

မြေပုံရှေ့တွင် ရှောင်ပုင်းလူဘိုးစုံ ရှိနေကြ၏၊ သူတို့သည် ဆွေယန်ကြည် ဆီယူဟာန်က ကျူးကျောင်းဝင်နှင့်သမားတော်ကြီး တို့၏မြေပုံများကို ဂါရဝပြုလိုက်ကြ၏၊ ပြီး တစ်ယောက်ပြီး တစ်ယောက် မြေပုံများကိုကျောခိုင်းလိုက်သည်၊ မြေပုံများ ကိုကျောခိုင်းစဉ် အချစ်ကြီးခြင်း၊ အမုန်းကြီးခြင်းတို့ကိုကျော ခိုင်းလိုက်ရသည်ဟု ခံစားကြရသည်။

ရှောင်ပင်းတို့လူစု သွေးတောင်ကြားမှ ခွာထွက်သည်၊ ကောင်းလီက ငိုရှိုက်နေသော ဆီယန်းပုင်ကို ချော့မော့နှစ်သိမ့်ပြီး ခေါ်သည်၊ ထင်းလုံနှင့်မုယုံချင်းတို့က ယုန်ဖြူလေးကို တွဲခေါ်သည်၊ ရှောင်ပင်းက ချူရင်၊ ချူရဲ့ဘွိနှင့်အတူနောက်မှ လိုက်သည်။

လေတစ်ချက်အဝှေ့တွင် ရွက်ဝါတွေ ကြွေကျ၏၊ ငှက်ကလေးတစ်ကောင်၏ လွမ်းလွမ်းဆွေးဆွေး အော်မြည်သံက သွေးတောင်ကြားမှပေါ် ထွက်လာလေသည်။

**တက္ကသိုလ်ဝင်းကြွယ်**

ပြီးပါပြီ